
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊
အုပ်ရေ(၁၀၀၀)၊ တန်ဖိုး ၅၀၀-ကျပ်

မျက်နှာဖုံးဒီဇိုင်း
အောင်ကျော်မိုး

အတွင်းဖလင်
ကိုသိန်းနိုင် (ဖုန်း-၀၉၃၁၄၂၆၉၇၇)

စာအုပ်ချုပ်
ကြူကြူမွေး

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ
ဦးမောင်မောင်ထွန်း (မြ-၁၂၂၃၂) စံထားမိုးအော့ဖ်ဆက်
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမောင်မောင်ထွန်း (မြ-၀၅၀၇၈) ကောင်းထွန်းစာပေ
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ကောင်းထွန်းစာပေ
အမှတ်(၂၇)၊ မာန်ပြေ-၂၁လမ်း(အရှေ့)၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၂၀၇၃၊ ၀၉ ၂၅၀၀၇၉၇၈၁

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

သိခ်သူ ၂၉၄·၃
မေတ္တာရှင်မလေး သချိုင်းစောင့်မဖဲဝါ
ကောင်းထွန်းစာပေ၊ ၂၀၁၅၊ ရန်ကုန်။
၁၄၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မေတ္တာရှင်မလေး သချိုင်းစောင့်မဖဲဝါ


www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရှင်မလေး

# သချိုင်းစောင့်မဖဲဝါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

- ဘယ်လိုလူမျိုး… သချိုင်းစောင့်ဖြစ်သလဲ…။
- ကိုယ့်အိမ်ရှေ့မှာ… မြေကျင်း(၉)ကျင်းတူး… အမဲသား (၉)တုံးမြှုပ်ပြီး… ဖယောင်းတိုင်(၉)တိုင်ထွန်းဖို့ မဖဲဝါက ဘာကြောင့်အိပ်မက်ပေးသလဲ…။
- လေချွန်နတ်နဲ့သချိုင်းစောင့် ဘယ်လိုပတ်သက်နေသလဲ…။
- ဘေးဒုက္ခကြီးတွေ ကြုံတော့မယ်အခါ အိပ်မက်တစ်ခုခုပေး တတ်တဲ့ မဖဲဝါ…။
- ရက္ခစိုးမှော်ဆိုတာ သချိုင်းစောင့်နဲ့ဆက်နွယ်မှုရှိသလား…။
- သရဲ… သဘက်… ဘီလူး… နတ်ဆိုတာ ဘယ်လို ဘယ် ပရလောကသားတွေလဲ။
- မဖဲဝါဘဝ… မဖဲဝါသချိုင်းစောင့်ဖြစ်နေရပုံ… သချိုင်း စောင့်ဘဝရောက်နေ လူတွေအပေါ်ကူညီလေ့ရှိတဲ့မဖဲဝါ… စသည်ဖြင့်…။

**"မေတ္တာရှင်မလေး သချိုင်းစောင့် မဖဲဝါ"**အကြောင်း စာရေးဆရာ **"သိန်းသူ"**က အသေးစိပ်ချယ်မှုန်းထား တင်ပြထား သည်။

စာအုပ်ဆိုင်ပေါ်… ရောက်ပြီ…

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | ဝတ္ထုခေါင်းစဉ်ငယ် | စာမျက်နှာ |
|---|---|---|
| ၁။ | ကိုလိုနီခေတ် မန္တလေးမြို့၏ ညတစ်ည | ၁ |
| ၂။ | ဝေလမင်းသား မြန်မာပြည်သို့ ရောက်ရှိလာခြင်း | ၆ |
| ၃။ | မန္တလေးမြို့၌ ကြွက်ကျခြင်း | ၁၀ |
| ၄။ | ပုလိပ်ရောဂါနှင့် မြန်မာပြည် | ၁၆ |
| ၅။ | ပုလိပ်ပြေး ပြေးကြရလေပြီ | ၂၁ |
| ၆။ | ပုလိပ်ပြေး လက်မခံ | ၂၇ |
| ၇။ | ရွာသစ် တည်ကြပြီ | ၃၂ |
| ၈။ | မဖဲဝါဆိုသော မိန်းမချောလေး | ၃၉ |
| ၉။ | မဖဲဝါနှင့်မောင်လှဝေ | ၄၅ |
| ၁၀။ | ရွာအသစ်သင်္ချိုင်းအသစ်မှစ၍ မြုပ်သောသူ | ၅၄ |
| ၁၁။ | သင်္ချိုင်းစောင့်ဆိုတာ | ၆၇ |
| ၁၂။ | အောက်လမ်းဆရာနှင့် သင်္ချိုင်းစောင့်မဖဲဝါ | ၇၂ |
| ၁၃။ | ရက္ခစိုးမှော်နှင့် မဖဲဝါ | ၉၀ |
| ၁၄။ | ပဲခူးငလျင်ကြီးနှင့် မဖဲဝါ | ၉၈ |
| ၁၅။ | အသည်းရောင်အသားဝါရောဂါကြီးကျရောက်ပြီ | ၁၀၄ |
| ၁၆။ | သရဲသဘက်နဲ့ဘီလူးဆိုတာ | ၁၁၁ |
| ၁၇။ | လေချွန်နတ် | ၁၂၀ |
| ၁၈။ | လေချွန်နတ်နှင့် မဖဲဝါ | ၁၂၉ |
| ၁၉။ | မေတ္တာရှင်မလေး | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com



# ကိုလိုနီခေတ်မန္တလေးမြို့၏ ညတစ်ည

ပီပီပြင်ပြင်မှောင်ရာသီသို့ မရောက်သေးသော်လည်း မန္တလေးမြို့သည်အပူရှိန်ပြင်းထန်လွန်းလှသည်။ အရိပ်အမိုးကောင်းသည့် တမာပင်ထနောင်းပင်များအောက်၌ ဝင်ရောက်၍ အရိပ်ခိုသော်ငြားလည်း အရိပ်ကတစ်ခြားအပူရှိန်ကတစ်ခြား ဓွေ့ဓွေ့ခုန်လောက်အောင်ပင်ပူလေသည်။ ထိုအပူသည် ညနက်သန်းကောင်ကျော်၍ လင်းပိုင်းသို့ ရောက်လုတိုင်သည်အထိ တငွေ့ငွေ့ တခြောင်းခြောင်း ပူ၍ ကောင်းတုန်းပင်။ မန္တလာသား၊ မန္တလာသူတို့မှာ အပူဒဏ်ကြောင့် ညနက်သည့်တိုင် အိပ်ရာသို့မဝင်နိုင်ကြသေးဘဲ ရေခဲတုံးများများထည့်ကာ ဒိန်ချဉ်သောက်သူကသောက် တချို့က မည်ရွှေမည်မျှပူပူ တစ်သက်လုံးစွဲသောက်လာသာရေနွေးကြမ်းနှင့် မန္တသုပ်ခေါ်ခရမ်းချဉ်သီး နိုင်းချင်း၊ ပဲခြမ်းကြော်ဖဲလုံးကြော်များများ၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူကလေးများကိုခွက်ကာ သုပ်ထားသော လက်ဖက်သုပ်ကို စားရင်းသောက်ရင်း အိုင်ခပျော်သည့်အတူတူ ရောက်တတ်ရာရာတို့ကို စကားဖောင်ဖွဲ့နေတော်ကြလေသည်။ ခြင်တွေကလည်း ဖွဲနှင့်ဆုပ်ပက်လိုက်သကဲ့သို့ လူ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် နားအနီးတွင် တဝီဝီမြည်ကာ လှည့်ပတ်ပျံသန်းရင်း နားဒုက္ခပေးကြသဖြင့် ထန်းယပ်တောင်၊ နီးကြောယပ်တောင်တို့ဖြင့် တစ်ဖျတ်ဖျတ်ခတ်ကာ ရိုက်ပုတ်ထုတ်ကြရလေသည်။

"ဝု… ဝု… ဝု… အူး"

ညတစ်ချက်တီးခန့်တွင် ဝမ်းခေါင်းသံကြီးနှင့် တိတ်ဆိတ်လျက်ရှိသော ညဥ့်အမှောင်ကို ဖောက်ထွင်းလျက် ထွက်ပေါ်လာသော ခွေးအူသံကြီးကြောင့် စိတ္တရမဟီရပ်တွင်ရှိသော ဦးဘိုးလှ၏ အိမ်ရှေ့ ကွပ်ပျစ်၌ထိုင်ကာ စကားစမြည်ပြောနေကြသော လူလေးငါးယောက်မှာ ပြောလက်စ စကားများပင် ရပ်ဆိုင်းသွားကြရလေတော့သည်။

"ဦးလေး… ဦးဘိုးလှ… ခွေးအူသံကြီးက ကျယ်လိုက်လောင်လိုက်တာဗျာ… ကျွန်တော်ဖြင့် ကြက်သီးတောင် တဖြန်းဖြန်းထသွားတယ်"

အောင်မောင်းဆိုသည့် လူငယ်ကလေးက ထပြောလိုက်သည်။

"ဟုတ်ပ့ါဗျာ… အသံကလဲ… အသံနက်ကြီး… ပြီးတော့ ဝမ်းခေါင်းသံကြီးနဲ့ဆိုတော့ အံသည်းထိတ်စရာကြီးဗျ…နော်၊ ရပ်ထဲရွာထဲ ဘာသတင်းကြားရဦးမလဲ"

အောင်မောင်း၏စကားကို လှဝေဆိုသည့်လူငယ်ကလေးကပါ ထောက်ခံပြန်လိုက်ပြန်သည်။

"ညကလဲနက် လူခြေကလည်းတိတ်ဆိုတော့ ဒီခွေးအူသံကြီးကိုမန္တလေးအရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်… အရပ်လေးမျက်နှာလုံးက ကောင်းကောင်းကြားရမှာဗျ…"

www.burmeseclassic.com

www.burmeseclassic.com



စန်းဦးဆိုတဲ့ လူငယ်ကလေးက ပြောလိုက်ပြန်၏။

"ဒီလောက်တောင် သည်ခွေးက ဘာဖြစ်လို့အူလိုက်အသည်းလိုက်အူရတာလဲဗျ"

သိန်းထိုက်ဆိုသော လူငယ်ကလေးက ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက်လေရာ…

"တို့… ဘိုးဘွားတွေ… ပြောလေ့ပြောထရှိခဲ့တာကတော့ ခွေးတွေက… မကောင်းဆိုးဝါးတွေကိုမြင်လို့ အူတယ်လို့ဆိုတာပဲ၊ မင်းတို့လဲ သတိထားမိမှာပါ… ညဘက်မှာ ခွေးတွေရဲ့မျက်လုံးတွေဟာ ဖန်ဂေါ်လီလုံးတွေလို စိမ်းပြာပြာအရောင်တွေ တောက်နေတတ်တယ်၊ လူတွေညဘက်မှာ မမြင်နိုင်တဲ့အရာကို သူတို့ကသဲသဲကွဲကွဲမြင်ကြတယ်၊ အဲဒီတော့ညဘက်မှာ သွားလာလှုပ်ရှားနေကြတဲ့ဝေမာနိကပြိတ္တာဘုံသားတွေရဲ့ပုံပန်းသဏ္ဌာန်တွေကိုမြင်ပြီး အူကြတဲ့သဘောပေါ့" ဦးဘိုးလူက ပြောလိုက်ပြန်၏။

"ဟုတ်မယ်နော် ဦးလေး၊ ခွေးတွေဟာ နေ့ဘက်မှာတော့်ရုံတန်ရုံအူလေ့မရှိကြဘူး၊ ဒါပေမယ့်ရပ်ကွက်ထဲကိုအဝတ်အစားတွေဖရိုဖရဲ ဖိုသီဖတ်သီဝတ်စားလာတဲ့ ပုံပျက်ပန်းပျက်လူတွေ ဒါမှမဟုတ်စိတ်နောက်နေတဲ့လူတွေကို တွေ့တဲ့အခါ အူကြတာကိုကျွန်တော်တွေ့ဖူးတယ်၊ ကျွန်တော်ပြောချင်တာက သာမန်ပုံမှန်လူတွေကို မအူတတ်ကြလို့ ညဘက်မှာ လူပုံသဏ္ဌာန်နဲ့မတူတဲ့မကောင်းဆိုးဝါးတွေကို တွေ့တဲ့အခါ အူကြတာနေမှာပေါ့…"

အောင်မောင်း၏စကားကြောင့် ဦးဘိုးလူက ပြုံးလိုက်ပြီး…

"အဲ… အဲဒါတွေကြောင့်မဟုတ်ပဲ ခွေးအူတာ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



မျိုး ရှိသေးတယ်ကွ" ဟုပြောလိုက်သောကြောင့် စန်းဦးက အံ့အားသင့်သွားကာ မေးလိုက်ပြန်၏။

"ဘယ်လို ခွေးကဘာကြောင့်အူတာလဲဗျ"

"သည်လိုကွ... ငါတို့ဂေါတမမြတ်စွာဘုရား ထားခဲ့တဲ့သာသနာ(၂၅၀၀)ကုန်ဆုံးပြီးနောက် သိကြားမင်းရဲ့သာသနာ(၂၅၀၀)ထဲကိုရောက်လာတဲ့အခါမှာ သိကြားမင်းက ဘုရားမှန်း တရားမှန်းမသိတဲ့လူတွေ၊ မိဘမှန်း ဆရာမှန်း မသိတဲ့လူတွေ လောဘ ဒေါသမောဟ ပိတ်ဖုံးနေတဲ့သူတွေကို သတိပေးတဲ့အနေနဲ့ မာတလိနတ်သားကို ခွေးနက်ကြီးယောင်ဆောင်ခိုင်းပြီး ဇမ္ဗူဒိပ်ကျွန်းထိပ်ကနေအူခိုင်းဟောင်ခိုင်းလိုက်တဲ့ အသံကြီးဟာ တစ်ကမ္ဘာလုံးက ကြားရလောက်အောင်ကျယ်သတဲ့။ ဒီလိုအသံမျိုးသာ ကြားရလို့ကတော့ မင်းတို့ငါတို့လန့်ပြီးသေမှာမုချပဲကွ"

ဦးဘိုးလူ၏စကားကြောင့် အားလုံးအံ့ဩသွားကြသည်။

"ဒါနဲ့ဦးလေးစကားမစပ် ကျွန်တော်တို့မြန်မာနိုင်ငံကို ဝေလမင်းသားကတိုင်းခန်း လှည့်ဖို့လာဦးမတဲ့ဗျ"

အောင်မောင်းက ကြားဖောက်ပြောလိုက်သောကြောင့် အားလုံးက အောင်မောင်း၏စကားကို အာရုံစိုက်သွားကြပြန်လေ၏။

"အင်း... တို့နိုင်ငံကို ကုလားဖြူတွေက(၁၈၈၅)ခုနှစ်မှာနယ်ချဲ့သိမ်းယူသွားခဲ့ပြီး ဗြိတိသျှအင်ပါယာထဲကို သွတ်သွင်းခဲ့တာအခု(၁၉၀၆)ခုနှစ်ရောက်ပြီဆိုတော့ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီပေါ့၊ သူတို့ကသခင် တို့ကကျွန်ဆိုပြန်တော့ သူတို့ရဲ့ပိုင်နက်ထဲကျရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ တို့နိုင်ငံကို တိုင်းခန်းလှည့်ပြီး ကြည့်ချင်တာနေပေမပေါ့၊ ကဲ‥ ကဲ ဒါတွေအသာထား အပူရှိန်ကလေးပါးလာပြီမို့ တို့ရဲ့စကားဝိုင်းကို ဒီမှာပဲနားပြီး အိပ်ကြပါစို့ကွာ၊ မင်းတို့လဲ ကိုယ့်အိမ်ကိုယ်ပြန်ကြပေ တော့….''

ဦးဘိုးလူက စကားဝိုင်းကိုစဲကာ လူစုခွဲလိုက်ပါလေ၏။ ကာလကား ခရစ်သက္ကရာဇ်(၁၉၀၆)ခုနှစ်၊ နိဝင်ဘာလကုန် ဒီဇင်ဘာလ ၏နေ့တစ်နေ့ဖြစ်ပါတော့သည်။ မြန်မာနိုင်ငံ ဗြိတိသျှလက်အောက်ကျ ရောက်ခဲ့ရပြီးသော နှစ်ပေါင်း(၂၀)နှစ်သာရှိသော အချိန်ကာလလည်း ဖြစ်ပါ၏။ မြန်မာရှင်ဘုရင်များလက်ထက်က မြင်းကုန်းနှီးများ ချုပ်လုပ် သည့်အမှုထမ်းများအား အကွက်ရိုက်ကာ လူနေရပ်ကွက်ချထားပေး သော အချုပ်တန်းရပ်ကွက်ဟု ခေါ်တွင်ခဲ့သော်လည်း ယခုဦးဘိုးလူ တို့လက်ထက်သို့ရောက်သောအခါ ထိုရပ်ကွက်ကို စိတ္တရမဟီရပ်ဟု အမည်နာမပြောင်းလဲခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝေလမင်းသား မြန်မာပြည်သို့ရောက်ရှိလာခြင်း

ခရစ်သက္ကရာဇ်(၁၉၀၆) ခုနှစ်၊ နှစ်ကုန်လုနီးနီးတွင် အင်္ဂလန်ပြည်မှ ပဉ္စမမြောက်ဂျော့ဘုရင်လောင်း ဝေလမင်းသား(Prince of Wales) သည် မြန်မာပြည်သို့ရောက်ရှိလာသည်။

"ကဲ တို့နိုင်ငံရဲ့ အိမ်ရှေ့မင်းသားတော့ ရန်ကုန်မြို့ကိုရောက်လာပြီတဲ့... ငါ့လူတို့ရေ..."

ဦးဘိုးလှူက ထုံးစံအတိုင်း မိမိ၏အိမ်ရှေ့ကွပ်ပျစ်တွင် ညစဉ်လာရောက် ဝိုင်းဖွဲ့စကားပြောလေ့ရှိသည့် အောင်မောင်းတို့လူငယ်တစ်သိုက်ကို စကားစလိုက်သည်။

"ကျွန်တော်တို့နိုင်ငံမှာ ဘုရင်မှမရှိတာ ဘယ်ကအိမ်ရှေ့မင်းသားကပေါ်လာရတာတုန်း ဦးလေးရဲ့၊ ဘာလဲ မင်းလောင်းပေါ်ပြီတဲ့လား"

အောင်မောင်းက ထမေးလိုက်သည်။

"တို့နိုင်ငံကို လက်ရှိအုပ်ချုပ်နေတာ အင်္ဂလိပ်မင်းမဟုတ်လားကွာ၊ အခုမြန်မာပြည်ကို တိုင်းခန်းလှည့်လည်ကြည့်ရှုဖို့ရောက်လာတဲ့ အင်္ဂလန်ပြည်ရဲ့ထီးမွေနန်းမွေမင်းသားဝေလဟာ တို့နိုင်ငံရဲ့အိမ်ရှေ့မင်းသားဆိုလဲ မမှားဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူက သူ့စိတ်ထဲထင်တာ ပြောချလိုက်သည်။

"ထွီ... ကန်တော့... ကန်တော့ ဦးလေး၊ ဦးလေးကိုထွေးတာမဟုတ်ဘူး၊ ကျွန်တော်တို့နိုင်ငံကိုမတရားသိမ်းပိုက်ထားတဲ့ အင်္ဂလိပ်ကိုရွံ့လို့ ထွေးလိုက်တဲ့တံတွေးပါ၊ ကျွန်တော်တို့က မိဘဘိုးဘွားတွေရဲ့ အသက်သွေး၊ ချွေးနဲ့တည်ထောင်ခဲ့တဲ့တိုင်းပြည်ကို လက်နက်အားကိုးနဲ့လုယက်ပြီး သခင်က ကျွန်အိမ်ကိုလာသလိုလာတဲ့ ဝေလကိုကျုပ်တော့ မကြိုချင်ပေါင်"

လှဝေက, ဗျစ်ကနဲတံတွေးကိုတစ်ချက် ထွေးကာပြောလိုက်လေ၏။ (ထိုအချိန်က အင်္ဂလိပ်တို့မြန်မာနိုင်ငံကို အုပ်စိုးနေသည့်ကာလဖြစ်လေ၏။)

"ကြိုက်တာ မကြိုက်တာ အသာထား သူတို့ကတော့ တို့ကိုကျွန်လိုသဘောထားပြီး လာမှာသွားမှာပဲမောင်"

ဦးဘိုးလူကလည်း မခံချင်စိတ်ဖြင့်ပြောလိုက်လေသည်။ ဝေလမင်းသားသည် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ လှည့်လည်ကြည့်ရှုကာ မြန်မာပြည်ရှိ မြို့ကြီးများကို လူစည်ကားသည်ဟု မှတ်ချက်ချသည်။ သို့သော် ထိုအခါက ရန်ကုန်မြို့ကြီးသည် ယခုခေတ်ကဲ့သို့ တိုက်တာအဆောက်အဦးကြီးများ မရှိသေးဘဲ ရေနံ့ဝ၍မည်းနက်နေသော သစ်သားအိမ်ကြီးများ၊ သက်ကယ်မိုးဝါးထရံကာ အိမ်ကြီးများ၊ သစ်ပင်ခြုံနွယ်အတိဖုံးလွှမ်းနေသောလမ်းများနှင့် မြို့အင်္ဂါရပ်မရှိသေးသောမြို့ကြီးတစ်မြို့သာဖြစ်လေ၏။ ယခုရန်ကုန်မြို့၏ အလယ်တည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ဒု ဒလဘုရားကြီး၏ တစ်ဝိုက်တွင် ဆူးလေပင်များ၊ ကုက္ကိုလ်ပင်များ ဖုံးလွှမ်းလျက်ရှိပြီး ကန်တော်ကြီးတစ်ဝိုက်တွင်လည်း ဘီးစပ်ပင်၊ ဆင်နှာမောင်းပင်၊ ဆင်ငိုမြက်၊ ကြိတ်စီပင်၊ မှော်ပင်စသည့်ခြုံတောကြီးများ ထူထပ်လျက်ရှိပြီး ရွှေတိဂုံကုန်းတော်ပတ်လည်တွင်လည်း သမန်းမြက်ပင်၊ ကျူပင်၊ ကိုင်းပင် နှင့် ပိတောက်၊ ကုက္ကိုလ်၊ သဖန်း စသည့်အပင်များဖြင့် တောကြီးထလျက်ရှိရာ ရွှေတိဂုံဘုရားအလယ်ပစ္စယာအထိပင် ကျားမတစ်ကောင် တက်ရောက်ခဲ့ဖူးလေသည်။

ဇေလမင်းသားမန္တလေးသို့ရောက်သောအခါ ဤသို့တွေးသည်။ ခမ်းနားကြီးကျယ်လှသော နန်းတော်ကြီးနှင့် အဆင့်အတန်းမြင့်လှသော အနုပညာလက်ရာများကို သုံးစွဲနေထိုင်နိုင်သော မြန်မာလူမျိုးတို့သည် အဘယ်ကြောင့်အင်္ဂလိပ်လက်အောက်သို့ ရောက်ခဲ့ကြပါသနည်း။ ထို့ပြင် မြန်မာတစ်ပြည်လုံးကိုဘုရင်တစ်ပါးတည်းက အုပ်ချုပ်နိုင်သောစွမ်းရည်နှင့်အင်အားရှိပါလျက် အဘယ်ကြောင့်စစ်ရှုံးခဲ့ကြပါသနည်း။ နောက်ဆုံးသူစဉ်းစားမိသည်မှာ လူမျိုးနှင့်နိုင်ငံတို့၏ပျော့ကွက်၊ အားနည်းချက်တို့ကို အခွင့်ကောင်းယူကာ အသုံးချတတ်သောအင်္ဂလိပ်တို့၏ အားသာချက်ကြောင့်ဖြစ်ကြောင်း သူကောင်းကောင်း သဘောပေါက်ခဲ့သည်။

ဒါသည်ပင် သူ့အတွက်သင်ခန်းစာဖြစ်သည်။ သူဘုရင်ဖြစ်လာသောအခါ ထိုအချက်ကို လက်နက်သဖွယ် ဆက်လက်သုံးစွဲမည်။ ခွေးနှစ်ကောင်ကိုက်သည်ကိုပင် သူ့ခွေး၊ ငါ့ခွေးဟု ခွေးဘက်ပါကာ

www.burmeseclassic.com

လူလူချင်းစိတ်ဝမ်းကွဲတတ်သော မြန်မာများ၊ မြှောက်ပေးလျှင်ကျွေး နေအောင်ကစ၍ ဆွပေးလျှင် ဘာမှမမြင်လောက်အောင် အဆင်ခြင်မဲ့စွာ ဒေါသခက်ထန်တစ်လွဲမာန်ဖြင့် ထကြွတတ်သော မြန်မာများ၊ မပြီးသေးခင် မြန်မာမမြင်စေနဲ့ဟူသော စကားအရ အကဲ့အရဲ့အသင်္ဂြိုလ်ထူသော မြန်မာများ၊ နည်းနည်းရှိလျှင် များများဖွ၍ သူခိုးရွှေရ တစ်ပြပြကြွားဝါတတ်သော မြန်မာများ၊ မလျော်မှန်းသိပါလျက် အဖော်ကောင်းလျှင် ငရဲပြည်သို့ပင် အလည်လိုက်ချင်ကြသော အဖော်မင်တတ်သောမြန်မာများ၊ စသည့်စသည့် အကျင့်ဆိုး၊ အကျင့်သိုးများကြောင့် ထိုထိုသော ပျော့ညံ့ချက်များကြောင့်မြန်မာများ သူ့လက်အောက် သူ့ငယ်သားတစ်ပါး ကျွန်ဖြစ်ခဲ့ကြရလေသည်။

× × ×

www.burmeseclassic.com



## မန္တလေး၌ ကြွက်ကျခြင်း

ဝေလမင်းသား မြန်မာနိုင်ငံသို့ရောက်လာပြီး မကြာမီမှာပင် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများတွင် ပလိပ်ရောဂါဆိုးကြီးကျ ရောက်လာခဲ့လေသည်။ တစ်ညနေ၌...

"ဦးလေး... ဦးဘိုးလူ ကျွန်တော်တို့ပါဗျ"

"လာလေကွယ်... မင်းတို့နှစ်ယောက် အထူးအဆန်းလုပ်ပြီး နာမည်ကိုခေါ်နေရသေးတယ်၊ လာပေါ့ကွယ်၊ ဦးလေးကမင်းတို့လူငယ် တွေကို အမြဲတံခါးဖွင့်ထားတဲ့ဥစ္စာ၊ ကဲ... ကွပ်ပျစ်ပေါ်မှာ ထိုင်စောင့် ကြ၊ ဦးလေးအကြမ်းအိုးနဲ့ ပဲခြမ်းကြော်သုပ်ယူလာခဲ့မယ်၊ မထွေးရေ... ဟေ့... မထွေး၊ ဒီမှာ... မင်းတူတွေရောက်လာကြပြီ၊ မနက်တုန်းက မင်းဝယ်လာတဲ့ ပဲခြမ်းကြော်သုပ်ပြီး ငါ့ကို ပေးပါဦးကွယ်..."

ဦးဘိုးလူက လူငယ်အုပ်စုကိုလည်း ပြော... အိမ်ထဲမှဇနီးဖြစ် သူကို ဒေါ်မယ်ထွေးကြားအောင်လည်း လှမ်းအော်လိုက်သည်။ ဒေါ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ထွေးက အောင်မောင်းတို့ အုပ်စုညစကားဝိုင်းတွင် အာပူလည်းပြေ အေလည်းရှင်နိုင်မည့် ပဲခြမ်းကြော်ကို သုပ်ကျွေးရန်ဈေးမှ တကူး တကဝယ်လာခဲ့သည်။ ယခုအောင်မောင်းတို့ရောက်လာပြီဖြစ်ကြောင်း ဆိုင်ရှင်ဖြစ်သူက အော်ဟစ်အချက်ပေးလိုက်သောအခါ ကြက်သွန်နီကို ခြမ်း၍ ပါးပါးကလေးလှီးကာ အမွှန်ပြေအစပ်ပြေရန် ရေစိမ်ပြီးရေညစ် ကာ ပဲခြမ်းကြော်ပန်းကန်ထဲသို့ ထည့်လိုက်သည်။ ထို့နောက်ဆား သင့်သင့်ထည့်၍ အညာမြေပဲဆီရွှဲရွှဲဆန်းကာ လက်ဖြင့်မွှေသုပ်လိုက် ပြန်သည်။ ထို့နောက်ငရုတ်သီးထောင့်၊ ကြက်သွန်ဖြူတို့ကို ပန်းကန် သပ်သပ်နှင့်ထည့်၍ ပဲခြမ်းကြော်သုပ်ပန်းကန်၌ ဇွန်းနှစ်ချောင်းတပ်ကာ ဦးဘိုးလူ၏ လက်သို့အပ်ပြီး အိပ်ရာထဲဝင်လှဲနေလိုက်သည်။

"ကဲ… စားကြကွ၊ အားမနာနဲ့ ငါ့မိန်းမရဲ့လက်ရာကွ"

ဦးဘိုးလူက စေတနာပရမ္မနှင့်ချကျွေးလိုက်သော်လည်း အောင်မောင်းတို့တစ်သိုက်မှာ ပဲခြမ်းကြော်သုပ်ပန်းကန်ကို မည်သူကမျှ မနှိုက်သေးဘဲ ဦးဘိုးလူ၏ မျက်နှာကိုသာ ငေးကြည့်နေကြလေ၏။

"ဟာ… စားကြလေကွာ၊ ဘာဖြစ်ကြတာလဲ၊ မင်းတို့မျက်နှာ တွေလဲမကောင်းကြပါသလား" မနေနိုင်သောကြောင့် ဦးဘိုးလူကမေး လိုက်သည်။

"အောင်မောင်းတို့ စားတန်းရပ်မှာ ကြွက်ကျလို့ ဦးလေးရ" စန်းဦးဆိုသော လူငယ်ကလေးက ပြောလိုက်သည်။

"ဟာကွာ ကြွက်ကျတာများ အဆန်းလုပ်လို့၊ ကြွက်ဆိုတဲ့ သတ္တဝါလည်း တစ်ခါတစ်လေ ခြေချော်လက်ချော်ဖြစ်ပြီး လိမ့်ကျချင် ကျမှာပေါ့ကွ၊ ဒါများဆန်းလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူက ခပ်ပေါ့ပေါ့ပင်ပြောလိုက်လေသည်။

"ကြွက်ဆိုတဲ့ အကောင်မျိုးဟာ အင်မတန်လျင်မြန်ပါးန
တာမျိုးမဟုတ်လား ဦးလေးရ၊ နံရံကိုအတွယ်ကလေးရှိရုံနဲ့ ခေါက်တိ
ဆင်းတတ်တယ်၊ ကြွက်လျှောက်လို့ထုပ်တန်းတို့ အပေါ်မှာအပြေးအလွှ
သွားတတ်တယ်၊ ကျွန်တော်တော့တစ်ခါမှပြုတ်ကျတာ မမြင်ဖူးဘူး"

လှဝေက ဆိုလိုက်သောအခါ…

"အေး… ငါလဲ မမြင်ဖူးပါဘူးကွာ၊ ဒါပေမယ့် တို့လမ်း
က ဦးလှမောင်ကြီးတို့အိမ်မှာ မနက်ကထုပ်တန်းပေါ်က ကြွက်ပြုတ်
ပြီး ဆန့်ငင်ဆန့်ငင်နဲ့သေသွားလို့ ဦးလှမောင်ကြီးကိုယ်တိုင် မီးညှပ်
ညှပ်ပြီးသွားလွှင့်ပစ်လိုက်တယ်၊ ဒီအထိတော့ဘာမှမထူးဆန်းပေမ
နေ့လည်လောက်လဲရောက်ရော အဲဒီဦးလှမောင်ကြီး ရုတ်တရက်အပြ
ဖျားပြီးညနေကပဲဆုံးသွားရှာတယ်"

အောင်မောင်း၏စကားကြောင့် အားလုံးကအံ့အားသင့်သွား
ဝိုင်းအော်လိုက်ကြသည်။

"ဟာကွာ… ကြွက်ကြောင့် ဟုတ်ချင်မှဟုတ်မှာပါ၊ သူ
တစ်ခုခုနဲ့ ထိမိခိုက်မိ၊ စူးမိ၊ ရှမိတဲ့ဒဏ်ရာကနေ ငန်းဝင်ပြီးအပြ
ဖျားသေတာလဲ ဖြစ်ချင်ဖြစ်မှာပါ၊ ကဲ… စားမှာသာစားကြ၊ ပြီးေ
ရောက်တတ်ရာရာ စကားလေးတွေပြောကြတာပေါ့"

ဦးဘိုးလူ၏စကားကြောင့် သူတို့အားလုံးပဲခြမ်းကြော်သုပ်
တဂျွမ်းဂျွမ်းစားလိုက်၊ ရေနွေးပူပူကို တဖူးဖူးမှုတ်သောက်လိုက်သ

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ကိစ္စကို မေ့လျော့သွားကြလေသည်။ ဦးဘိုးလူ၏ဇနီးဒေါ်မယ်ထွေး အလည်း အောင်မောင်းတို့၏ စကားပိုင်းမှစကားများကို ကြားတစ်ချက် မကြားတစ်ချက်ဖြစ်ကာ အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့မနက် ဦးဘိုးလူတို့အိပ်ရာမှနိုးလာသောအခါ အရပ်ထဲတွင်ကြွက်စီ ကြွက်စီဖြစ်နေသဖြင့် နားစွင့်လိုက်လေရာ…

"မယ်တင့်ရေ ကျုပ်အစ်မများနေတဲ့ ရွှေချည်ထိုးအရပ်မှာ ကြွက်ကျလို့တဲ့တော့…"

မပိန်ညင်းဟုခေါ်သော အသားနက်ပြာပြာနှင့်အမျိုးသမီးက ပြောလိုက်သည်ကို ကြားလိုက်ရသည်။

"ကြွက်ကျတော့… ဘာဖြစ်လဲ… မပိန်ညင်းရဲ့"

မတင့်ဆိုသော သူကပြန်မေးလိုက်သောအခါ…

" ဘာဖြစ်တယ် မဖြစ်ဖူးဆိုတာတော့ မသိဘူးတော့၊ အဲဒီကြွက်ကျပြီး သိပ်မကြာခင်မှာပဲ ဖျားလာလို့ဗိန္ဓောဆရာက နံ့ဆေးကြီးတိုက်ပေမယ့်… မသက်သာ သေရှာပါရောလား…"

"ဟင်… ဟုတ်လား"

မတင့်ကမယုံနိုင်သလို ပြောလိုက်သည်။

"ဟုတ်ပတော့်… မနေ့ကဓားတန်းရပ်က ဦးလှမောင်ကြီး အိမ်မှာလဲ… ကြွက်ကျပြီး… အပြင်းဖျားသေတယ်လေ၊ ညည်းမကြား ဘူးလား…"

အရပ်သူတစ်ဦးဖြစ်သော မသင်းမေဆိုသူကပါ… ဝင်ပြောလိုက်သောအခါ…

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ... ကြွက်ကျတာနဲ့သေတယ်ဆိုတော့ ဒီကြွက်တွေမှာ... မကောင်းဆိုးဝါးတွေမှီနေလို့လားမှမသိတာ"

ထိုအရပ်သူတို့၏ စကားများကိုကြားပြီးဦးဘိုးလူနှင့် ဒေါ်မယ်ထွေးတို့မှာ တစ်ခုခုထူးခြားသလိုပင် ခံစားလာရလေတော့သည်။

"ဒီနေ့တော့ စကားပိုင်းမှာရေနွေးကြမ်းနဲ့မြည်းဖို့... အနူဆုပ်နဲ့ကရေကရာ... ယူလာခဲ့တယ်"

လှဝေကသူ့လက်ထဲမှာ စက္ကူထုပ်ကလေးကို ဦးဘိုးလူထံ ကမ်းပေးလိုက်ပြီး ကွပ်ပျစ်ပေါ်တွင်ဝင်ထိုင်လိုက်သည်။

" ... ကြွက်ကျပြန်ပြီဗျ... မျက်ပါးရပ်မှာ... ကြွက်ကျလို့... တစ်ယောက်သေပြန်ပြီ"

သိန်းထိုက်ဆိုသော လူငယ်ကလေးကဆိုလိုက်သည်။ ဦးဘိုးလူ ကသူခေါင်းကို တဖြင်းဖြင်းမြည်အောင်ကုပ်လိုက်ပြီး...

"ဒါဆို ကြွက်နဲ့... သေတဲ့သူတွေနဲ့တစ်ခုခုတော့ ဆက်စပ်မှု ရှိနေပြီကွ၊ ဘာဖြစ်လို့လဲဆိုတော့ ကြွက်ကျတဲ့အိမ်တိုင်းမှာတစ်ယောက်ယောက်သေတတ်လို့ပဲ"

"အမှောင့်ပယောဂ အနှောင့်အယှက်တွေနဲ့များ ပတ်သက်နေ မလား ဦးလေး"

လှဝေက သူ့အထင်ကို မေးလိုက်သောအခါ...

"ငါလည်း အဲဒါစဉ်းစားနေတာကွ၊ ထုတ်တန်းပေါ်ကကြွက် ပြုတ်ကျရုံနဲ့လူက ဘာဖြစ်လို့နေထိုင်မကောင်းဖြစ်ပြီးသေရ

www.burmeseclassic.com

www.burmeseclassic.com



လဲ''ဦးဘိုးလူက အနူဆုပ်တစ်လုံးကိုယူကာ တစ်ကိုက်ကိုက်စား လိုက်ရင်းက ဆိုလိုက်ပြန်သည်။

''ကျွန်တော်ဦးလေး ဦးသန်းအောင် အဲဒီကြွက်ကျတဲ့အိမ်နား သွားပြီး စပ်စပ်စုစုလုပ်သေးတယ် ဦးလေးရ'' စန်းဦးကသူ၏ဦးလေး တော် ဦးသန်းအောင် ကြွက်ကျသော အိမ်အနီးမှ သူ့သူငယ်ချင်းဖြစ်သူ ဦးချစ်ဖေတို့၏အိမ်သို့ရောက်သွားပုံကို ရည်ညွှန်းလိုက်ခြင်းဖြစ်၏။

''ဟေ... ဟုတ်လား... ဘယ်လိုဖျားနာပြီး သေတာတဲ့လဲ''

ဦးဘိုးလူမေးလိုက်ပြန်သည်။

''ကြွက်ကျတော့... ကျတဲ့ကြွက်ကို ရေနံဆီလောင်းပြီး သူ့အိမ်ရှေ့မှာမီးပုံရှို့လိုက်တာတွေ့သတဲ့၊ တစ်မွန်းတည့်လောက်ကြာ အဲဒီလူအပြင်ဖျားလာလို့ ဆရာပင့်တာလဲ... တွေ့သတဲ့၊ ဒါပေမဲ့ ဆရာကလိုက်မလာဘူး၊ အဲဒီလူတစ်ကိုယ်လုံးအပူပုံပြီး အမလေး... အဘလေးတ, သံတွေကြားပြီး မကြာလိုက်ပါဘူး ဆုံးတာတဲ့''

''အင်း... ဒါဆိုကြွက်ကျရင် သတိထားရတော့မှာပေါ့''

ထိုနေ့ညအဖို့ ဦးဘိုးလူနှင့် လူငယ်တစ်သိုက်မှာ ယခင်ကဲ့သို့ ရောက်ရာပေါက်ရာ စကားဖောင်ဖွဲ့ခြင်း မပြုနိုင်ကြတော့ဘဲ ကြွက်ကျ ခြင်းနှင့်ဆက်စပ်နေသော လူသေခြင်းအမင်္ဂလာကိစ္စကြီးကိုသာ ထင်ရာ မြင်ရာ ပြောဆိုနေကြလေတော့သည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



# ပလိပ်ရောဂါနှင့်မြန်မာပြည်

မန္တလေးသူ မန္တလေးသားတို့သည် ကြွက်ကျခြင်းနှင့်လူသေခြင်းတို့မှာ ပလိပ်ရောဂါ(ခေါ်) ကမ္ဘာနာကပ်ဆိုးကြီးကြောင့်ဟု မသိကြသေးသောကြောင့် ကြောက်ရမှန်း လန့်ရမှန်းလည်းမသိကြသေးပေ။ ဝမ်းကြီးကျရောဂါ(ခေါ်) ကမ္ဘာနာရောဂါတစ်မျိုးဖြစ်သည်။ ကာလဝမ်းရောဂါ(ခေါ်) ကမ္ဘာနာတစ်မျိုးဖြစ်သည်။ ကာလဝမ်းရောဂါကပ်ဆိုးကြီးများကိုလည်း ထိတ်လန့်စရာမကြုံဖူးကြသေးသောကြောင့်... ရောဂါကျရောက်သူနှင့်လက်ပွန်းတတီးနေခြင်း၊ ရောဂါဖြစ်ပွားသော အိမ်သို့ဝင်ထွက်ခြင်းများကို တစ်စိုက်မတ်မတ်ပြုလုပ်ခဲ့ကြလေသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ကြွက်ကျခြင်းကြောင့် လူအသေအပျောက်ဖြစ်ပွားရပုံမှာ ပလိပ်ရောဂါ(ခေါ်) ကပ်ရောဂါကြီးဖြစ်ကြောင်း ကြေငြာရတော့သည်။

ပလိပ်ရောဂါဖြစ်ပွားပုံမှာ ပလိပ်ရောဂါပိုးကြောင့်ဖြစ်သည်။ ပလိပ်ရောဂါသည် ကြွက်များ၌စတင်ဖြစ်ပွားပြီး ထိုကြွက်များ၏ သွေးကိုစုပ်ယူသော ကြွက်သန်း(ခေါ်) လှေးကောင်မှတစ်ဆင့် လူကိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပလိပ်ရောဂါပိုးများလူ့သွေးသားထဲသို့ ဝင်ရောက်သွားသောကြောင့် ဖြစ်သည်။ ပြုတ်ကျသေဆုံးသော ကြွက်သေအနီးသို့လူကရောက်ရှိသွားသောအခါ ထိုကြွက်မှကြွက်သန်းများက လူ၏ခြေလက်အင်္ဂါတို့အပေါ်သို့ ခုန်တက်ကိုက်ခဲကြရာ လူကိုပလိပ်ရောဂါပိုးက ကူးစက်တော့သည်။ ထိုအခါပလိပ်ရောဂါကူးစက်ခံရသောလူသည် ဂျိုင်းကြား၊ ပေါင်ကြား၊ သည်ပင်းစသည့်နေရာများတွင် အကြိတ်ကြီးများ ထွက်ပေါ်လာပြီး အပြင်းအထန်ဖျားကာ ရက်မကူးမီပင် သေဆုံးကြရလေသည်။

ထို့ကြောင့်အင်္ဂလိပ်အစိုးရက ကြွက်များကိုသုတ်သင်ပစ်ဖို့ ရောဂါဖြစ်၍ သေသူများ၏ အသုံးအဆောင်ပစ္စည်းများကို မီးရှို့ပစ်ဖို့ သတိပေးနှိုးဆော်ခဲ့လေသည်။ ပလိပ်ရောဂါကာကွယ်ဆေးမရှိသေးသောကြောင့်ရောဂါမဖြစ်အောင် ဆင်ခြင်နေထိုင်ခြင်းမှတစ်ပါးအခြားအားကိုးရာမရှိကြပါပေ။ ထိုသို့မန္တလေးမြို့၌ ဟိုရပ်ကွက် ဒီရပ်ကွက်စသည့်ဖြင့် တစ်ယောက်စ နှစ်ယောက်စ ပလိပ်ရောဂါဖြစ်ပွားကြသော်လည်း မြို့သူမြို့သားတို့မှာ မိသားစုသံယောဇဉ်၊ အိမ်သံယောဇဉ်တို့ကို မဖြတ်တောက်နိုင်ကြသဖြင့် မိမိတို့၏အိမ်ကိုပစ်ခွာကာ ပလိပ်ရောဂါပိုးနှင့်ဝေးရာသို့မပြေးကြဘဲ မကောင်းဆိုးဝါးများအိမ်ထဲသို့ ဝင်မလာနိုင်စေရန် ဂါထာ၊ မန္တန်များကိုရွတ်ဖတ်၍ အိမ်ကိုဖက်တွယ်ကာနေကြသည်။

ထုံးစံအတိုင်းဝတ္တရားမပျက် ဦးဘိုးလူ၏အိမ်တွင် ညအခါ၌ လူငယ်များစုမိကြပြန်သည်။ ယခင်ကကဲ့သို့ ရေးမီနောက်မီ ဦးဘိုးလူထံမှ သီပေါမင်းနှင့်မိဖုရား စုဖုရားလတ်အကြောင်း၊ နန်းတွင်းရေးရှုပ်အထွေးများ အကြောင်းကိုစကားမရောက်နိုင်ကြတော့ပေ။ အကူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်ကြိုက်သောဖြစ်သော မင်းတုန်းမင်းကြီးနှင့်မိဖုရားများအကြောင်းကို နားမထောင်မဝဖြစ်ခဲ့ပြီး မေးမဝ မြန်းမဝ ဖြစ်ခဲ့ပုံတို့ကိုလည်းခွေ့မေ့သွားကြလေပြီ။

"မင်းတုန်းမင်းကြီးမှာမိဖုရား၊ ကိုယ်လုပ်တော်မောင်းမ၊ မိဿံတစ်ရာကျော်ရှိတယ်ကွ၊ မိဖုရားတွေကမွေးတဲ့ သားတော်၊ သမီးတော်တွေတောင် တစ်ရာကျော်ရှိသတဲ့မောင်…"

"ဟာ… မင်းတုန်းမင်းကြီးက အတော်အစွမ်းထက်တာပဲနော်၊ ယောကျာ်းကောင်း မောင်းမတစ်ထောင်ဆိုတာ မင်းတုန်းမင်းကြီးနဲ့ အကိုက်ပဲနော်"

"ဒီလောက်စွမ်းတာ မင်းတုန်းမင်းကြီးမှာ ဆေးကောင်းဝါးကောင်းတော့ရှိမှာပဲ၊ နို့မဟုတ်ရင်လေ သင်တုန်းဖြတ်ပြီး မာကလီးယားမှာဗျ…"

"ရှိတာပေါ့ကွာ၊ စတုမဓုဆေးတော်ကြီးတဲ့၊ နန်းတွင်းသမားတော်ကြီး ဦးကြာရံကဖော်စပ်ထားတာ စတုမဓုဆိုတာအမျိုးလေးပါးစုပေါင်းထားတဲ့ဆေးကွ၊ ပျားရည်၊ ထောပတ်၊ နံ့သပုဒ္ဒက်ပျော၊ ကြက်ဥစတဲ့အမယ်လေးမျိုးကို အချိုးကျရောပြီး ဖော်ထားတယ်လို့ကြားဖူးတယ်"

"ဒါပေမယ့် ဒီလောက်လေးနဲ့တော့ စွမ်းမယ်မထင်ပါဘူးဗျာ၊ ဆရာစားချန်ထားတဲ့ အမယ်တစ်ခုခုလောက်တော့ ရှိဦးမှာပါ"

စန်းဦးက ဦးဘိုးလှ၏စကားကို ဝင်ရောက်ဖြည့်ဖွက်ပြောဆိုလိုက်သည်။

"ဦးလေးပြောတဲ့ နန်းတွင်းသမားတော်ကြီး ဦးကြာရံဆိုတာ တကယ်ပဲလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက စိတ်ဝင်တစားမေးလိုက်ရာ····

"ငါကြားဖူးတာပြောတာပါကွာ၊ ပါးစပ်ရာဇဝင်လို့ပဲ သဘောထားလိုက်ပါတော့"

ထိုကဲ့သို့ ညစဉ်မပါမပြီး ဦးဘိုးလူပြောသမျှ ဇေးမောနားထောင်လေ့ရှိသောလူငယ်တစ်ခု၏ စကားဝိုင်းမှာ ပလိပ်ရောဂါအကြောင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားကြလေ၏။

"ဦးလေးရေ··· ကျွန်တော်တို့မန္တလေးတစ်မြို့လုံးမှာ ပလိပ်ရောဂါအကြောင်း ထောင်းထောင်းထအောင် ပြောနေကြပြီဗျ····"

လှဝေက စကားဝိုင်းကို အစပျိုးလိုက်သည်။

"ဟုတ်တယ်··· ရပ်ကွက်အသီးသီး၊ လမ်းအသွယ်သွယ်မှာလဲ··· ပလိပ်ရောဂါကြောင့် မတိမ်းပါး မပျက်စီးတဲ့ရပ်ကွက်၊ လမ်းဆိုတာ မရှိသလောက်ဖြစ်ကုန်ပြီ ဦးလေးရေ"

စန်းဦးကလှဝေ၏စကားကို ထောက်ခံသလိုလိုဖြင့် ပြောလိုက်ပြန်ရာ···

"ဒီလိုသာရပ်ကွက်ထဲမှာ ကျီးနဲ့ဖုတ်ဖုတ်ဆိုတာလို့ အသေအပျောက်များလာရင် အညီရှိတော့ယင်အုံး ဖြစ်လာမှာငါစိုးရိမ်မိတယ်"

"ဦးလေး··· ဘာကိုဆိုလိုချင်တာလဲ"

လူငယ်တစ်စုက အမေတကောမေးလိုက်ကြသည်။

"တို့ဘုရားရှင်လက်ထက်က ဝေသာလီပြည်မှာ ပလိပ်ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



တွေကျရောက်တဲ့အခါ မသေတဲ့အိမ်မရှိလောက်အောင် အသေအပျောက် များခဲ့ကြတယ်ကွ၊ မြို့တစ်ခုလုံး သုသာန်တစ်စပြင်လိုဖြစ်ခဲ့တယ်၊ ကျီးတွေ၊ လင်းတတွေက လူသေကောင်တွေဆွဲစား၊ လူသေရဲ့အပုပ်နံ့ အညှီနံ့တွေက တစ်မြို့လုံးကို ဖုံးလွှမ်းနေတော့ မကောင်းဆိုးဝါးတွေ ဘီလူး၊ သဘက်တွေက မြို့ထဲဝင်ပြီး လူသေကောင်တွေကိုစား… လူတွေကြောက်ရွံ့ထိတ်လန့်ပြီး ဖျားနာသေကြေကြသတဲ့၊ အခုပလိပ် ရောဂါကြီးကျရောက်နေတဲ့ တို့မြို့မှာလည်း ပရောဂတွေဝင်လာမှာကို ငါစိုးရိမ်မိလေကွာ…"

"ဟုတ်ပါရဲ့… ဦးလေးရေ၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ပြောဆိုနေကြတာကတော့ ဝေလမင်းသားဟာ ပလိပ်ရောဂါပိုးတွေကို သယ်ဆောင်လာပြီး၊ ကျွန်တော်တို့ကို လူဦးရေလျော့အောင်လုပ်တာလို့ အမျိုးမျိုးဝေဖန်နေကြတယ်ဗျ…"

စန်းဦးက သူကြားသမျှပြန်၍ဖောက်သည်ချသည်။

"ဒါကတော့ မဟုတ်လောက်ဘူးဗျ၊ ဒီရောဂါပိုးကိုသယ်လာ တာမှန်ရင်သယ်လာတဲ့ လူအရင်သေမှာပေါ့ သူ့ဟာသူဖြစ်လာတဲ့ ကူးစက်ရောဂါဖြစ်မှာပါ"

လောကဓာတ် ကျောင်းသားဖြစ်သော လှဝေက သူ့ထင်မြင် ယူဆချက်ကိုပြောလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပလိပ်ပြေး . . . ပြေးကြရလေပြီ

မန္တလေးမြို့၌ပလိပ်ရောဂါကပ်ဆိုးကြီးမှာ တစ်စတစ်စကြီးထွားလာလေရာ နေ့မြင်ညပျောက်ဆိုသကဲ့သို့ မိမိ၏မိသားစုအတွင်း၌သော်လည်းကောင်း၊ မိမိတို့၏ရပ်ကွက်၊ လမ်းများ၌သော်လည်းကောင်း၊ ဟောတစ်ယောက် ဟောတစ်ယောက် သေကြလေသည်။ အချို့တစ်အိမ်ထဲမှာပင် နှစ်ယောက်သုံးယောက်ဆိုသကဲ့သို့ သေဆုံးကြလေရာ၊ ငိုသံယိုသံများကို စိတ်မချမ်းမြေ့ဖွယ်ရာ အချိန်နှင့်အမျှ ကြားနေကြရလေ၏။ အင်္ဂလိပ်အစိုးရသည် မည်သို့မျှမတတ်နိုင်တော့ဘဲ ပလိပ်ရောဂါကြောင့်လူသေသွားသောအိမ်တွင် တစ်ယောက်သေပါက P-1 ဟုဆိုင်းဘုတ်ကပ်ကာ သုံးယောက်သေလျှင် P-3 စသည်ဖြင့် ဆိုင်းဘုတ်ကပ်ရတော့သည်။ သေဆုံးသူ၏အဝတ်အစား အသုံးအဆောင်တို့ကို ထိုအိမ်ရှေ့တွင် မီးပုံရှို့ထားသောကြောင့် မန္တလေးတစ်မြို့လုံးရှိ လမ်းအသီးသီးတွင်မီးပုံများမှ မီးခိုးငွေ့များတလူလူလွင့်နေသည်ကို မမြင်ချင်မှ အဆုံးဖြစ်နေပေတော့သည်။ ညတိုင်း··· ညတိုင်း ဝမ်းခေါင်းသံကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆွဲငင်ငင်အူကြသော ခွေးများကြောင့် မီးလောင်ရာလေပင့်ဆိုသကဲ့သို့ မန္တလေးတစ်မြို့လုံး မအိပ်ရဲကြဘဲ မိုးမြန်မြန်လင်းပါစေဟု ဆုတောင်းနေကြရလေသည်။ ညမှောင်စပျိုးသည်နှင့် အိမ်တံခါးများကို အလုံပိတ်ကာ အိမ်အပြင်ကိုပင် ချောင်းမကြည့်ရဲလောက်အောင် ကြောက်လင့်နေကြသည်။ သတ္တိကောင်းသော ယောကျ်ားများကအိမ်အပြင်သို့ ချောင်းကြည့်ကြရာ အရိပ်လိုလို မြူငွေ့လိုလိုသဏ္ဍာန်များ လှုပ်ရှားသွားနေကြသည်ကို မြင်ရသောဟူ၏။ ဦးဘိုးလှုတို့လမ်းထဲရှိ နှစ်ထပ်အိမ်တစ်လုံး၏ အပေါ်ထပ်တွင် အိပ်လေ့ရှိသော ကိုတင်မြင့်ဆိုသော လူတစ်ယောက်ယောက်ရှိသည်။ ထိုလူက အိမ်ပေါ်ထပ်ခြင်ထောင်ထဲမှ ခေါင်းကိုပြူကာ လမ်းထဲသို့ကြည့်နေသည့်အခိုက် လူတစ်ယောက်သဏ္ဍာန်ဖြူဖြူမြင့်မြင့် အရိပ်တစ်ခုကိုတွေ့သည်နှင့် ထိုအရိပ်လှုပ်ရှားရာသို့ လိုက်ကြည့်နေမိသည်။ ထိုအရိပ်မှာ မိမိတို့အိမ်ဘက်ဆီသို့ဦးတည်လာနေပြီး ရုတ်တရက် ပျောက်သွားသဖြင့် မျက်ခြေပြတ်သွားသောကြောင့် ခြင်ထောင်ထဲသို့ခေါင်းကိုပြန်သွင်းလိုက်ပြီး အိပ်ရန်ဟန်ပြင်လိုက်သည်။

သို့သော်စိတ်ထဲက မသိုးမသန့်သည့်စိတ်ပေါ်လာပြီး ဝရန်တာမှ အောက်သို့ငုံ့ကြည့်လိုက်သည်။ သူမြင်လိုက်ရသည်က အပေါ်ထပ်ဝရန်တာခါးပန်းနီးနီးရှည်လျားလှသော လူသဏ္ဍာန်ဖြူဖြူကြီးကို ဘွားကနဲတွေ့လိုက်ရခြင်းပင်ဖြစ်တော့သည်။ မျက်နှာကို သေသေချာချာမမြင်ရသော်လည်း ပုဆိုးကွက်ကျဲကြီးဝတ်ထားသော လူတစ်ယောက်၏ ဦးခေါင်း၊ ကိုယ်ထည်နှင့်လက်ခြေတို့ကို မပီဝိုးတဝါးမြင်နေရသဖြင့် ကြောက်ကြောက်လန့်လန့်ဖြစ်ကာ····

www.burmeseclassic.com

www.burmeseclassic.com



"အမလေး… လုပ်ကြပါဦးဗျ"

အသံကုန်အော်ဟစ်ကာအရပ်ထဲကို အကူအညီတောင်းလိုက်မိသည်။ တစ်ရပ်ကွက်လုံးမှာလည်း အထိတ်တလန့်ဖြစ်ကာကြောက်လန့်သည့်ကြားမှပင် ကိုတင်မြင့်အိမ်သို့စုရုံးရောက်ရှိလာကြကာ သတင်းမေးကြလေသည်။ မေ့မြောသွားသော ကိုတင်မြင့်ကိုလည်း သတိရစေရန် အတော်ပင်နှာနှပ်ယူကြရသည်။

"ကျွန်တော်တော့ မနေရဲတော့ဘူး၊ ဒါကျွန်တော့်ကို နိမိတ်ပြတာ… ရွှေဘိုဘက်ကရွာမှာရှိတဲ့ ကျွန်တော့်ဆွေမျိုးတွေဆီကို ပြေးတော့မယ်"

သတိရလာသော ကိုတင်မြင့်ကပြောဆိုပြီး နံနက်လင်းသောအခါ အိမ်တံခါးကို သော့ခတ်၍မိသားစုတစ်ခုလုံး မန္တလေးမှ ပြောင်းပြေးလေတော့သည်။ ကိုတင်မြင့်တို့မိသားစုများနည်းတူ အခြားအခြားသော တစ်အိမ်ထဲတွင်နှစ်ဦးသေ သုံးဦးသေဆုံးကုန်ကြသောမိသားစုများသည်လည်း ပလိပ်ရောဂါကပ်ဆိုးကြီးကို အလွန်အမင်းကြောက်ရွံ့ထိတ်လန့်ကာ အိုးအိမ်များကို စွန့်ခွာ၍ ရောဂါဆိုးကြီးနှင့်လွတ်ရာကင်းရာဖြစ်သော စစ်ကိုင်း၊ ရွှေဘို၊ ဒီပဲယင်း အစရှိသောနယ်တစ်ဝိုက်ရှိ မိမိတို့နှင့်ပတ်သက်ရာ ဆွေမျိုးညာတိ ဇာတိရပ်ရွာများသို့ပြေးကြလေကုန်သတည်း။

ထိုအချိန်ကစ၍ ဦးဘိုးလူနှင့် လူငယ်တစ်သိုက်မှာ ညာဘက်၌ စကားဝိုင်းမဖွဲ့နိုင်ကြတော့ဘဲ ရက်အနည်းငယ်ခန့်မျှ ကင်းကွာသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး… ဦးဘိုးလူ… ဦးလေး… ဦးဘိုးလူ"

တစ်နေ့ နေလည်ခင်းမရှိတရှိအချိန်လောက်တွင် အောင်မောင်းဆိုသည့် လူငယ်ကလေးသည် ဦးဘိုးလူ၏ အိမ်သို့ရောက်ရှိလာပြီး အိမ်ရှေ့မှဟစ်ခေါ်နေလေသည်။

"ဟယ်… အောင်မောင်း… မင်းဦးလေးအိမ်မှာမရှိဘူး၊ အပြင်ခဏသွားတယ်၊ ဘာကိစ္စရှိလို့လဲ၊ အရေးကြီးလား"

"ဟုတ်ကဲ့… ကျွန်တော်တို့ ပလိပ်ပြေး…ပြေးကြတော့မလို့ လာနှုတ်ဆက်တာ"

အောင်မောင်းနှင့်အတူပါလာသော လှဝေကဝင်ပြောလိုက်သည်။ ထိုစဉ်ဦးဘိုးလူအပြင်မှပြန်လာသည်နှင့်ဆုံလေရာ

"အေး… ငါတို့လဲ မန္တလေးက ခွာကြတော့မလို့ ဝယ်စရာခြမ်းစရာရှိတာလေး ထွက်ဝယ်နေတာကွ၊ ဒါနဲ့မင်းတို့က ဘယ်ဘက်ပြေးကြမလို့လဲ"

ရောက်မဆိုက်ပင် ဦးဘိုးလူကလည်း ပြောလိုက်လေသည်။

"အင်း… ပလိပ်ကြောက်လို့သာ ပြေးရမှာဆိုပေမဲ့ မန္တလေးကလွဲရင် အဆွေအမျိုးနည်းတဲ့ ကျွန်တော်တို့က ဘယ်ကိုပြေးရမယ်မှန်းတောင်မှ မသိတော့ပါဘူးဦးလေးရာ… ရောက်ပေါက်ပေါက်ရာပြေးကြရမှာဗျ"

အောင်မောင်းက ဝမ်းပန်းတနည်းဆိုလိုက်သည်။

"ဒါဖြင့်… ဒီလိုလုပ်ပါလား… စစ်ကိုင်းဘက်က နေကျည်းပင်ကုန်းဆိုတဲ့ရွာမှာ ငါ့နှမသားချင်းများရှိလေရဲ့၊ အဲဒီရွာကိုငါတို့သွားမှာဆိုတော့ မင်းတို့လဲ လိုက်ခဲ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အဖော်မင်သော ဦးဘိုးလူက စကားစလိုက်သည်။

"ဟာ… ဟန်ကျတာပေါ့ဗျာ၊ အိမ်ကိုပစ်ထားခဲ့ပြီးဖာတောင်း တစ်လုံးထဲကို လိုအပ်သမျှပစ္စည်း ပစ္စယတွေ တစ်စုတစည်းတည်းထဲ ထည့်လို့ဖာတောင်းထမ်းပြီးလိုက်မယ်ဗျာ"

အောင်မောင်းက အားရဝမ်းသာပြောလိုက်သည်။

"ကဲ… ကဲ ပြောနေကြာတယ်၊ မင်းတို့ အိမ်ကိုအခုပဲပြန်ကြ၊ ပြီးတော့ မင်းတို့မိသားစုတွေ ငါ့အိမ်မှာလာစုကြ၊ ဒီကနေတို့တစ်စု တည်းထွက်ကြတာပေါ့"

ဦးဘိုးလူက ပြောလိုက်သောကြောင့် အောင်မောင်းနှင့်လှဝေ တို့အိမ်သို့ပြန်သွားကြပြီး သူတို့၏မိဘများနှင့်တိုင်ပင်ကြသည်။ စန်းဦး နှင့်သိန်းထိုက်တို့မိသားစုများကမူ သူတို့၏ဆွေမျိုးများရှိသော ကျေးလက် ဒေသသို့ ထွက်ခွာသွားကြသဖြင့် အောင်မောင်းနှင့်လှဝေတို့မိသားစုများ မှာ ဦးဘိုးလူတို့နှင့်ပေါင်းစည်းကာ မန်ကျည်းကုန်းပင်ရွာသို့ပြေးရန် မန္တလေးဘက်မှ စစ်ကိုင်းဘက်ကမ်းသို့ ကူးလာခဲ့ကြ၏။

သူတို့လိုပင် မန္တလေးမြို့ကို စွန့်ခွာထွက်ပြေးကြသူများမှာ များပြားလွန်းသောကြောင့် မန္တလေးမှစစ်ကိုင်းဘက်ကမ်းသို့ ကူးကြရာ တွင် ငှက်(ခေါ်)သမ္ဗာန်ပုံဏ္ဏာန်ကူးတို့လှေများကို အလှည့်ကျစောင့်ဆိုင်း စီးနင်းရသဖြင့် တစ်နေကုန်ကာ ဦးဘိုးလူတို့မှာ စစ်ကိုင်းဘက်ကမ်းရှိ ဘုရားတန်ဆောင်းများ၌ တစ်ညတာခိုလှုံအိပ်စက်ကြရလေသည်။ ထိုစဉ်က မန္တလေးနှင့်စစ်ကိုင်းဘက်ကမ်းသို့ ဆက်သွယ်သော အင်းဝ (ခေါ်) သံပေါင်တံတားကြီး မတည်ဆောက်ရသေးပေ။ နောက်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောတွင် ဦးဘိုးလူတို့မှာ ခရီးပန်းသည်ကို ဂရုမပြုအားတော့ဘဲမြင်းလှည်းများမရအရ ရှာဖွေခရီးဆက်ကြပြန်သည်။ လမ်း၌နားလိုက် ခရီးဆက်လိုက်လာခဲ့ကြာရာ ညနေစောင်းလောက်တွင် မန်ကျည်းပင်ကုန်းရွာကြီးသို့ ရောက်လာခဲ့ကြလေသည်။

ဦးဘိုးလူ၏ညီမဖြစ်သော ဒေါ်စောလှနှင့်ခင်ပွန်းဖြစ်သူ ဦးအောင်တိုးတို့က သူတို့ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီးညစာထမင်းဟင်းများကို ချက်ပြုတ်ကျွေးမွေးလေရာ ဦးဘိုးလူတို့လင်မယား၊ မောင်အောင်မောင်း၏မိဘများ၊ မောင်လှဝေ၏မိသားစုများမှာအားမနာနိုင်တော့ဘဲ ဆာဆာနှင့် ခေါင်းမဖော်နိုင်လောက်အောင်ပင် စားသောက်ကြလေသည်။ ထမင်းစားသောက်ပြီးစီးကြသောအခါ လက်ဘက်ရည်ကြမ်းသောက်ရင်း မန္တလေး၌ဖြစ်ပွားနေသော ပလိပ်ရောဂါကြီးအကြောင်းကို ပြောဆိုနေကြလေတော့သည်။

< < <

www.burmeseclassic.com

www.burmeseclassic.com



# မလိပ်ပြေး လက်မခံ

နံနက်လင်းသောအခါ ကျေးလက်ထုံးစံအတိုင်း ဦးဖိုးလူ၏ ယောက်ဖ ဦးအောင်တိုးနှင့်သားများဖြစ်သော မောင်ကံအေး၊ မောင်အေး ဆောင်တို့သုံးဦးက ယာမီးရှို့ခြင်း၊ ပေါင်းပင်ရှင်းခြင်းစသည့်ကိစ္စများကို ဆောင်ရွက်ရန်ယာထဲသို့ထွက်ခွာသွားကြ၏။ ဒေါ်စောလှက နွားခြံထဲသို့ ခင်ကာ နွားနို့ညှစ်ပြီး မီးဖိုတွင်ကြိုကာ ဆားခပ်၍ဧည့်သည်များကို နွားနို့ပူပူကလေးချပေး၏။ နွားနို့နှင့်အတူ ကောက်ညှင်းပေါင်းပူပူ ကလေးကို အုန်းသီးနှိုင်းချင်းနှင့် ဧည့်ဝတ်ပြု၏။

"ရွာထဲမယ်… အစ်ကိုတို့လို မန္တလေးဘက်ကရောက်လာ ကြတဲ့ ဧည့်သည်တွေအများပဲတော်ရေ…"

ဧည့်သည်လာလျှင် ဝမ်းသာတတ်သော တောသူတောင်သား ဘာဝ ဒေါ်စောလှက အားပါးတရကြီးဆိုသည်…

"အိမ်တိုင်း အိမ်တိုင်းဧည့်သည်တွေနဲ့ ဧည့်မရှိတဲ့အိမ်မရှိသ လောက်ပဲ၊ ဘုရားပွဲလာတဲ့ လူတွေလားမှတ်တယ်… သူတို့ကို ကျွေးရတာပူစရာမရှိပေမဲ့ ကျူပ်တစ်ခုတော့ပူတယ်တော့…"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောလှက ဆိုလိုက်သောအခါ

"ဘာပူတာတုန်း… မယ်စောရဲ့…"

ဦးဘိုးလှက နှမဖြစ်သူကိုအလန့်တကြားမေးလိုက်မိသည်။

"ရေပေါ့တော်… ရေမလောက်မှာပူတာ၊ ကျုပ်တို့ရွာက ရေကန်တွေက ကျုပ်တို့ရွာသားဦးရေနဲ့လောက်ငှပေမဲ့ ခုရွာမှာလူတွေ တိုးလာတော့ ရေအတွက်ပူမိတာတော့…"

ဒေါ်စောလှက သို့ကလိုပြောမှပင် ဦးဘိုးလှသက်ပြင်းချ တော့သည်။ အညာ၏ပူပုံမျိုးနှင့် ယခုကဲ့သို့နတ်တော်၊ ပြာသိုလထက် ပို၍ ပူပြင်း သာ တပေါင်း၊ တန်ခူးရောက်လျှင် အမှန်ပင်ရေအတွက် ပူရတော့မည်၊ ထိုအချိန်ထိ ပလိပ်ရောဂါများ မကင်းစင်သေး ပါက ဦးဘိုးလှတို့ မန္တလေးဘက်ပြန်မကူးနိုင်ပါလျှင်ဟု တွေးမိသဖြင့်သက်ပြင်း သက်မချမိခြင်းဖြစ်ပါ၏။ ဦးဘိုးလှတို့ရောက်ရှိလာသော ရွာသို့မန္တလေး ဘက်မှာထွက်ပြေးလာကြသူများ တဖွဲဖွဲရောက်ရှိလာကြရာ ရွာထဲမှအိမ် များနှင့် မလုံလောက်သောကြောင့် တဲရှည်ကြီးများထိုးကာ ထန်းလက် တောင်တန်းအစရှိသည်တို့ကို မိုးကာပေးရလေသည်။ ရက်ကလေး အတန်ကြာလာသဖြင့် ဦးဘိုးလှတို့မှာ ဒေါ်စောလှတို့ကို ဒုက္ခမပေးတော့ ဘဲ မိမိတို့၌ပါလာသော ငွေကြေးများဖြင့် ဆန်၊ ပဲ အစရှိသောရိက္ခာများ ကို ဝယ်ခြမ်း၍ ကိုယ့်မိသားစုနှင့်ကိုယ်ချက်ပြုတ်စားသောက်ကြလေ၏။ ပလိပ်ရောဂါကြီးကို ကြောက်သဖြင့် ပြေးလာကြသော သူတို့မှာ ကံဆိုးမသွားရာမိုးလိုက်လို့ရွာဆိုသကဲ့သို့… ထိုသူတို့ နောက်သို့လိုက် လာပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကရောက်လာတဲ့အုပ်စုတွေထဲက မိန်းကလေးတစ်ယောက် အပြင်းဖျားပြီးသေလို့တဲ့…"

ဦးအောင်တိုးက ရွာထဲမှအမင်္ဂလာသတင်းကို ဦးဘိုးလူတို့အား ပြောပြလိုက်သည်။

"ဘုရား… ဘုရား ရိုးရိုးတန်းတန်းရောဂါနဲ့သေတာပဲဖြစ်ပါစေ…"

ဦးဘိုးလူကြောချမ်းပြီး ဘုရားတမိသည်။

"အေးလေ… ဘာပဲဖြစ်ဖြစ်… အဲဒီအိမ်နဲ့အကူးအလူးမရှိအောင် ကင်းကင်းတော့နေမှ ယောက်ဖရေ…"

ဦးဘိုးလူကသတိပေးသည်။ သတိပေးနေသည့်ကြားမှပင် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ပြီးပြန်လာသော ဒေါ်စောလှက

"ရွာလယ်ပိုင်းမှာ ယောက်ျားတစ်ယောက်ထပ်ဆုံးပြန်ပြီ၊ အစ်ကိုရေ…"

ဟုပြန်ပြောသည်။

"ဒါဆိုအကိုပြောမယ် ငါ့နမ၊ နင်တို့အိမ်ကိုသံယောဇဉ်မထားနဲ့တော့၊ ကျွဲ၊ နွားတွေကို မောင်းယူပြီး ဒီရွာနဲ့ဝေးရာပြေးမှဖြစ်တော့မယ်၊ ပလိပ်ကလူသေတဲ့အဖြစ်အပျက်တွေ ဖြစ်လာပြီဆိုရင် လွတ်အောင်ပြေးနိုင်မှတန်ကာကျတယ်၊ နင့်ယောက်ျားနဲ့တိုင်ပင်ပြီး စီရင်ပေတော့၊ အစ်ကိုတို့ကတော့ အခုပဲပြေးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူကအထုပ်အပိုးပြင်သည်

"အစ်ကိုတို့က... ဘယ်ပြေးမှာမို့လို့လဲ..."

အခြားသော ဆွေမျိုးများမရှိသည်ကိုသိသော ဒေါ်စောလှက ဦးဘိုးလူကို မေးခွန်းထုတ်သည်။

"ခြေဦးတည့်ရာရောက်ရာပေါက်ရာပဲ ပေါ့..."

ဦးဘိုးလူကလည်း ခပ်ပြတ်ပြတ်ပင်ပြော၏ မောင်အောင်မောင်း၊ မောင်လှဝေတို့မိသားစုများမှာလည်း အထုပ်ကောက်ဆွဲကာ ဦးဘိုးလူနှင့်အတူ မန်ကျည်းပင်ကုန်းရွာမှပြေးခဲ့ ကြပြန်သည်။ ထိုရွာ၌ ပလိပ်ရောဂါကူးစက် ကျရောက်လာပြန်သဖြင့် ရွာပျက်လေတော့သည်။ လူ လူချင်းစာနာသဖြင့် လူကိုကယ်မိသော မန်ကျည်းပင်ကုန်းရွာသား များမှာ သူတို့နှင့်နီးစပ်သောရွာများရှိ ဆွေမျိုးညာတကာများထံသို့ ပြေးဝင်ခိုလှုံဖို့ အားကိုးရာကြလေသည်။ သို့သော်... ပလိပ်သတင်း ကြားကြသော ရွာများမှာရွာကိုစည်းရိုးကြီးများအားလုံးကာ၍ ရွာတွင် နေထိုင်သော ရွာသားမဟုတ်သူများ၊ အထူးသဖြင့် ပလိပ်ပြေးများကို ရွာထဲသို့ အဝင်မခံကြပဲ ရွာတွင်ကင်းမျှော်စင်များထားရှိကာ စောင့်ကြပ် နေကြလေ၏။ ထို့ကြောင့်မန္တလေးမှပလိပ်ပြေးများသည် လည်းကောင်း ရွာပျက်သွားသော ပလိပ်ပြေးများသည် လည်းကောင်း အမှီအခိုကင်းမဲ့ ကုန်ကြပြီးပလိပ်ရောဂါဖြင့်မဟုတ်ဘဲ အစာရေစာချို့တဲ့၍လည်းကောင်း ခရီးပန်းဖျားနာ၍လည်းကောင်း သေကြေရသူများပင် ရှိလာကြလေ၏

www.burmeseclassic.com



သို့နှင့်လယ်ကွင်းတောစပ်… တောင်ခြေအစရှိသည့် နေရာများကို ကိုယ့်အခုနှင့်ကိုယ်နိုလှုံ့နှားကြရကာ တွေ့သမျှအသီးအနှံတို့ကို ခူးယူစားသောက်ရခြင်း၊ စမ်းချောင်း၊ မြစ်ရေများကို သောက်ချိုးရခြင်း စသည့်ဖြင့် ဒုက္ခသုက္ခ ရောက်ကြရတော့သည်။

✖ ✖ ✖

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ရွာသစ်တည်ကြဗြီ

"ငါတို့တော့သောင်ပြင်လွှတ်တဲ့… ခွေးတွေလို ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်ကုန်ကြပြီကွ၊ တို့မြန်မာလူမျိုးတွေတာ သိသိ မသိသိဆွေမျိုးတော်…တော်… မတော်တော် ဒုက္ခရောက်နေတဲ့သူကို တွေ့ရင် ပေးကမ်းချင်ကြတယ်၊ ကူညီချင်ကြတယ်ကွ…၊ ဒါပေမဲ့ အခုလို ပလိပ်ရောဂါဆိုးကြီးကြောင့် ပြေးလာတဲ့သူတွေကိုတော့ မကူညီရဲကြတော့ဘူး၊ ဘယ်ဒေသ ဘယ်ရပ်ရွာကမှ လက်မခံရဲကြတော့ သောင်ပြင်လွှတ်တဲ့ခွေးတွေလို…"

ဦးဘိုးလူက နဖူးပြင်ပေါ်ဝယ် စီးကျလာသောချွေးစေးကြီးများကို လက်ဖမိုးနှင့်သုတ်ကာပြောလိုက်သည်။ မောင်အောင်မောင်းနှင့် မောင်လှဝေတို့မိဘများကလည်း ဦးဘိုးလူကိုသူတို့၏အုပ်ချုပ်ခေါင်းဆောင်သဖွယ် အားကိုးကာ ဦးဘိုးလူသွားရာနောက်သို့ တစ်ကောက်ကောက်လိုက်လာခဲ့ကြသည်။ သူတို့မန်ကျည်းပင်ကုန်းရွာကြီးမှ ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီးနောက် မုံရွာဘက်ဆီသို့ဦးတည်ကာ ခြေလျင်ခရီးလာခဲ့ကြသည်။ **"တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ"** ဟူသော ထုံးကိုနှလုံးမူကာသွားတစ်လှည့် နားတစ်လှည့်ဖြင့်လာခဲ့ရာတွင် မန်ကျည်းပင်ကုန်းမှ ဝယ်ယူလာခဲ့သော ဆန်ထုပ်များကို ထမ်းကာရောက်ရာနေရာ၌ ခြေထမင်းအိုးနှင့် ထမင်းအိုးတည်၍ ဖြစ်သလိုချက်ပြုတ်စားသောက်ခဲ့ကြလေသည်။ ငါးပိကင်၊ ငါးသေးငါးမွှားခြောက်ကလေးများကို ဖုတ်၍တစ်မျိုး ကင်၍တစ်နည်း မသေထမင်းမသေဟင်းတို့ကို စားသောက်ကာ ညအခါ၌ ကုက္ကိုလ်ပင်၊ မန်ကျည်းပင်ကြီးကြီးအောက်တွင်ဖြစ်သလိုအိပ်စက်အနားယူကြရလေ၏။

သူတို့ကဲ့သို့ပင် အခြားအခြားသော အုပ်စုကလေးများမှာလည်း ဆိုနည်းနှင့်နှင့်ပင် ခရီးနှင်ခဲ့ကြရာ ခရီးသွားချင်းတွေ့ဆုံရင်းနှီးပြီး မိတ်ဆွေသင်္ဂဟများပင် ဖြစ်ကုန်ကြလေတော့သည်။ စုစုဝေးဝေးခရီးဆက် စုစုဝေးဝေးနားနေ အိပ်စက်ကြကာ ခင်ရာဆွေမျိုးဟူသောစကားကဲ့သို့ ဆွေမျိုးတို့နှယ်တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းမှုများရှိလာခဲ့ကြသည်။

"ကျုပ်တစ်ခု... စဉ်းစားမိတယ်ဗျ..."

ဦးဘိုးလူကစကားစလိုက်သောအခါ အခြားအုပ်စုမှ ဦးသိန်းမောင်ဆိုသည့်လူက....

"ဘယ်လိုစဉ်းစားမိလို့လဲ ဦးဘိုးလူရ..."

ဟုမေးလိုက်သည်။

"ကျုပ်တို့ ဒီလိုခြေဦးတည့်ရာ သွားနေလို့ကခရီးဘယ်နှစ်ပေါက်မယ်လို့ ပြောဖို့ခက်ခက်ပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရောက်လေရာ အရပ်ကလဲ ကျုပ်တို့ကိုလက်ခံမှာမဟုတ် ပေမယ့်အတူ ဒီနေရာ… ဒီဒေသမှာပဲ ရွာသစ်တည်ပြီးနေကြရင်ကောင်း လားလို့…"

ဦးဘိုးလူက သူ့အကြံကိုထုတ်ဖော်လိုက်သည်။

"ဟာ… သိပ်ကောင်းတဲ့အကြံပဲ…၊ မရေမရာ… ခရီးဆက် တဲ့နေရာမှာ ကျုပ်တို့ရဲ့လုံ့လဥဿဟတွေကို ဖြုန်းတီးမယ့်အစား ရွာတည်ပြီး လယ်ယာကိုင်းကျွန်းလုပ်ကိုင်ကြရန် စားဖို့နေဖို့ပူရတဲ့ ဒုက္ခကင်းမှာ အသေအချာပဲ"

ဦးသိန်းမောင်က ဦးဘိုးလူ၏စကားကို ဖြည့်စွက်ပေးလိုက် သည်။

"ကျုပ်လဲ…၊ ဦးဘိုးလူရဲ့အကြံသဘောကျသဗျာ၊ ဒီနေရာက တောင်ခြေနဲ့သိပ်မလှမ်းတော့ အိမ်ဆောက်ဖို့ သစ်ဝါးလဲရနိုင်တယ်၊ ပြီးတော့ မလှမ်းမကမ်း ဧရာဝတီမြစ်ကြီးကလဲရှိတော့ လတ်တလော သောက်သုံးရေကန်တူးမယ်ဆိုရင် ဝေးဝေးလံလံရေမခပ်ရတော့ဘဲ ရေကြည်ရေကောင်း သောက်သုံးနိုင်တာပေါ့"

ဦးဘတင်ဆိုသူကဝင်ရောက်ထောက်ခံပြန်သည်။

"ကဲ… ဒါဖြင့် ကျုပ်တို့အဖွဲ့ကမိသားစုသုံးစုလူဦးရေရှစ် ယောက်၊ ဦးသိန်းမောင်အုပ်စု၊ ဦးဘတင်အုပ်စုအစရှိတဲ့ အုပ်စုခွဲ လူနံ့မည်၊ အိမ်ထောင်သည်၊ လူလွတ်ကလေးပါမကျန် ကျေးမခွဲပြီး စာရွက်ပေါ်မှာချရေးဗျာ…၊ အဲဒါတစ်ရွာထဲ သားဖြစ်ရောမဟုတ် ဘူးလား…"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူက စပြောလိုက်သည်။

"မှန်တာပေါ့ . . . ဒီလိုတီတီကျကျရှိတော့ရွာမှာ နောက်ထပ်တိုးပွားလာမယ့်ဦးရေတို့ လိုအပ်တဲ့အိမ်အတွက်သစ်ဝါးတို့ တွက်ချက်လို့ရတာပေါ့၊ ကောင်းဗျာ . . ."

ဦးဘတင်က ပြောပြန်၏။

"ရွာလဲတည်ဖို့ သဘောတူကြပြီ၊ ရွာမှာနေထိုင်ကြမယ့် လူဦးရေလဲသိနိုင်ပြီဆိုတော့ ရပ်မိရပ်ဖဆိုတဲ့ ရွာလူကြီးတွေထားဖို့လဲ လိုတာပေါ့"

မောင်အောင်မောင်းကဝင်၍ အကြံပေးသည်။

"ကျုပ်တို့အုပ်စုထဲမှာ အသက်အရွယ်အရရော အတွေ့အကြုံအရပါ လေးစားထိုက်တဲ့ ဦးလေးဦးဘိုးလူ၊ ဦးဘတင်၊ ဦးသိန်းမောင်တို့ကိုပဲ ရပ်မိရပ်ဖအဖြစ်ကျုပ်ကတော့ သဘောတူသဗျာ"

မောင်လှဝေ၏ဖခင် ဦးထွန်းအေးက ရပ်မိရပ်ဖအဖြစ်တင်ပြသော လူကြီးများကို အားလုံးကပင်သဘောတူကြသည်။ ထို့နောက် မြေကွင်းကျယ်အား ရွာမြေအဖြစ်သတ်မှတ်ကြပြီး နေထွက်ရာအရပ်ဖြစ်သော အရှေ့အရပ်၌ ရွာဘုန်းကြီးကျောင်းနေရာ၊ ရွာဦးစေတီတည်ရန်နှင့် သောက်ရေကန်၊ ရွာတောင်ဘက်တွင် သုံးရေကန်နေရာများ သတ်မှတ်လျာထားကြသည်။

"ထုံးစံအတိုင်းရွာသစ်ဆိုတော့ ကျောင်းသစ်တန်သစ်တွေ တည်ကြရသလို သုသာန်ဆိုတာလဲ ရှိရမယ်မဟုတ်လားဗျ၊ ဒီတော့ သုသာန်ကို ဘယ်မှာထားမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းမောင်က မေးသည်။

"ရွာအရှေ့ဘက်ဆိုတာ နေထွက်တဲ့အရပ်ဆိုတော့ မင်္ဂလာနဲ့ ပြည့်စုံအရပ်မို့ ရွာဦးစေတီနဲ့ရွာဦးကျောင်း သောက်ရေကန်ထားတာ ရပ်ရွာထုံးစံပဲဗျ။ ထို့အတူ ရွာအနောက်ဆိုတာ, အမင်္ဂလာအရပ်မို့ သုသာန်နဲ့သင့်လျော်တဲ့ အရပ်ပဲဗျ"

ဦးဘတင်က ရပ်ဓလေ့ ရွာဓလေ့ကိုပြောပြသောအခါ ရွာတည်မည့်နေရာ၏ အနောက်အရပ်တွင် သာလာယံဇရပ်နှင့် သုသာန် မြေနေရာကို သတ်မှတ်ကြလေသည်။

"အဲ ပြီးတော့ တစ်ခုလောက်ပြောချင်သေးတယ်၊ ကျုပ်တို့ အားလုံးဟာ ဒုက္ခ သုက္ခတွေနဲ့ပြေးလွှားလာကြရတဲ့ ဘဝတူတွေဖြစ် ကြသလို စိတ်တူကိုယ်တူနဲ့တစ်မြေတည်းနေ တစ်ရေတည်းသောက် ဆွေမျိုးနဲ့မခြားအတူတကွ နေထိုင်သွားကြမယ့်သူတွေဖြစ်လေတော့ တစ်ဦးနဲ့တစ်ဦး သာတယ် နာတယ်မတွက်ဘဲ ရွာတည်စမှာ ပူးပေါင်း ဆောင်ရွက်ကြရမယ့် ကိစ္စကိုတင်ပြချင်တယ်"

ဦးဘိုးလူက စကားစလိုက်ပြန်သည်။

"ပြောစရာရှိရင် ပြောပါ ဦးဘိုးလူ"

အားလုံးက ဦးဘိုးလူ ဘာပြောမလဲဟု နားစွင့်နေကြသည်။

"ရွာသစ်ဆိုတော့ စိုက်စရာပျိုးစရာမြေမရှိပေမယ့် စပါးသီးနှံ တွေရဲ့မျိုးစေ့မျိုးဆန်၊ ကျွဲနွား၊ ထယ်၊ ထွန် အစရှိတာတွေနဲ့ လေးလာ လတ်လတ် ဝမ်းစာအတွက်ဆန်တို့ ဆီတို့လိုမှာအမှန်ပဲ၊ ဒီတော့ရွာတည်စ တစ်နှစ် နှစ်နှစ်လောက် လူငယ်ကလေးတွေကို အားကိုးပြီးစိုက်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကြရမှာ ဖြစ်ပါတယ်၊ လိုအပ်တဲ့စိုက်ရာပျိုးရာမှာ သုံးမယ့်ပစ္စည်းတွေ ...မ်းစာရိက္ခာတွေဝယ်ဖို့ ကျွန်တော်တို့မှာပါလာတဲ့ ငွေကြေးဥစ္စာတွေကို ...အဖြစ် စုပေါင်းပြီး ထည့်ဝင်ကြဖို့ တိုက်တွန်းချင်ပါတယ်၊ တစ်စိတ် ...စ်ဝမ်းထဲ တစ်သဘောထဲ ဖြစ်စေချင်ပါတယ်"

"ဦးဘိုးလူပြောတာမှန်ပါတယ်၊ ကျုပ်ကတော့ ကျုပ်မှာပါလာ ...ဲ့ ငွေနဲ့ရွှေ ဘုံထဲထည့်တယ်ဗျာ"

ဦးဘတင်က အများရှေ့တွင် သူပိုင်ငွေနှင့်ရွှေထည်ပစ္စည်းများ ...ို ပုံလိုက်သောအခါ...

"ဟုတ်ပါတယ်... ကျုပ်တို့အားလုံး ဘဝတူတွေမို့ စားရတူ ...ူ တော်အတူတူပေါ့ဗျာ၊ ရွှေဝတ်ပြီး ကြွားရမယ့်နေရာလဲ မရှိပါဘူး၊ ...ျုပ်လဲ ကျုပ်မှာရှိတာ ဘုံထဲထည့်မယ်ဗျာ"

ဦးဝေလာဆိုသူက ပြောဆိုကာ သူပိုင်ငွေများကို ထည့်ဝင် ...သာအခါ အားလုံးကပင် ထည့်ဝင်ကြလေ၏။ ထိုငွေများဖြင့် ရပ်မိ ...ယ်များက မုံရွာဘက်သို့တက်ကာ ပစ္စည်းများနှင့်ရိက္ခာများကို ဝယ်ယူ ...ကြသည်။ လူငယ်များက တောင်ခြေသို့သွားကာ သစ်ဝါးများကို ခုတ် ...ကြသည်။ ထို့နောက် မြေကွင်းကျယ်ကြီးကိုအကွက်ချ၍ လူနေအိမ် ...ား ဆောက်လုပ်ကြသည်။ မကြာလှသောရက်အတွင်း မြေကွင်းကျယ် ...ကြီးပေါ်တွင် လူနေထိုင်နိုင်ရန် တဲအိမ်ကလေးများ ပေါ်ပေါက်လာ၍ ...ကြီးတစ်ရွာပေါ်ပေါက်လာတော့သည်။ ထိုရွာကလေးကိုလည်း ...သစ်ပေါ်ရွာဟု အမည်ပေးလိုက်ကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကံသစ်ပေါ်ရွာကလေးကို ဗိုပြင်ပြင်တည်ပြီးကြသောအခါ ဦးဘိုးလူတို့က မုံရွာဘက်သို့တက်၍ ကျောင်းထိုင်မည့်ဘုန်းတော်ကြီး တစ်ပါးကို ရှာဖွေပင့်ဆောင်ကြလေရာ ဦးပညာအဲ့တော်ရသည့် ဘုန်းတော်ကြီးတစ်ပါးကို ရွာသို့ပင့်ဆောင်လာနိုင်ခဲ့လေသည်။

"ကျုပ်က သာသနာပြုဖို့ဆန္ဒရှိတဲ့သူဆိုတော့ ဘုန်းကြီးတစ်ပါးမှ မရှိတဲ့ဒကာကြီးတို့ရွာမှာ ကျောင်းထိုင်ပေးပါ့မယ်၊ ဒါပေမယ့် ကျုပ်တစ်ပါးထဲကျတော့ သာရေး၊ နာရေးကိစ္စတွေမှာ ဆောင်ရွက်ရတာ သိပ်မကောင်းဘူး ဒကာကြီးရဲ့၊ အဲ... ဒကာတို့ရွာသားတွေအထဲက ဒုလ္လဘပဲဖြစ်ဖြစ်၊ ပဉ္စင်းနှစ်ပါးနဲ့ကိုရင်လေးတွေ ဝတ်စေချင်တယ်၊ ဘုန်းကြီးစာရော၊ လောကနီတိ၊ ပရိတ်ကြီး သိင်္ဂါလောဝါဒသုတ်စတဲ့ လောကီရေးရာတွေပါ ဘုန်းကြီးသင်ပေးမယ်၊ နောင်အစဉ်အမြဲဝတ်နိုင်တဲ့ လောကီရေးရာတွေပါ ဘုန်းကြီးသင်ပေးမယ်၊ နောင်အစဉ်အမြဲဝတ်နိုင်တဲ့ လူပေါ်လာလဲ ရွာအတွက်ကောင်းတာပေါ့"

ဦးပညာက အမိန့်ရှိသောကြောင့် မောင်အောင်မှော်နှင့်လူငယ်တို့က ဒုလ္လဘရဟန်းအဖြစ် ဝတ်ကြလေရာ ရွာထဲမှဆွမ်းအလှည့်ကျဖို့ကြရလေသည်။

❖ ❖ ❖

www.burmeseclassic.com



## မဖဲဝါဆိုသော မိန်းမချောလေး

ရွာဦးကျောင်းရှိလာသဖြင့် ဘုန်းတော်ကြီးကျောင်းဝိုင်းထဲတွင် သောက်ရေကန်ကြီးတူးကြသည်။ ရွာရှိယောကျ်ား မိန်းမ၊ ကလေးပါမကျန်လူတစ်ဦးလျှင် တစ်နေ့လျှင်အနက်တစ်တောင်၊ အကျယ်တစ်တောင်ပတ်လည်ရှိသော မြေများကိုတူးကြလေရာ အနက်ခါးလောက် အကျယ်ပေတစ်ရာပတ်လည်လောက်ရှိသော ရေကန်တစ်ကန်ကိုမိုးမကျမီ တူးမိကြလေကုန်၏။ ထိုအတိုင်းအတာအတိုင်း ရွာတောင်ဘက်တွင်လည်း ရေကန်တစ်ကန်တူးမိကြသည်။

ထိုသို့ရေကန်တူးရာ မြေသယ်၍ကန်ဘောင်ဖို့ရာတွင် အလွန်ချောမောလှပသော မိန်းမငယ်အပျိုအရွယ်ကလေးလည်း တစ်ဦးအပါအဝင်ဖြစ်လေရာ ဦးပဥ္စင်းနှစ်ပါးဖြစ်သော အောင်မောင်းနှင့်လှဝေတို့မှာ ငေးမောကြည့်ရှုမိသည့်အထိပင် ဖြစ်ရလေတော့သည်။

"ဦးဇင်းဦးဝါယမ ဟိုမြေစတောင်းရွက်လာတဲ့ လုံမပျိုးက ဘယ်သူ့သမီးလေးလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လဲ မသိဘူးဗျ။ အသားအရည်က ဝါဝါဝင်းဝင်း၊ ဆံ
ကို ကျစ်ဆံမြီးထိုးပြီး နှစ်ခွချထားလိုက်သေး၊ ပြီးတော့ ထွားထွားဖွံ့
မျှစ်စို့ကြီးလို လုံးကြီးပေါက်လှဗျ"

"ဦးဇင်း ကိုယ့်ကိုကိုယ်သက်နှန်းကြီးနဲ့ဆိုတာ သတိထ
ဦးနော်၊ ဩော်... ဒါနဲ့လုံးကြီးဆိုတာတော့ အဓိပ္ပါယ်ကရှင်းပါတယ်
ပေါက်လှဆိုတာ ဘာလဲဗျ"

ဦးအိန္ဒြိယက မေးလိုက်ပြန်၏။

"အင်း... လုံးကြီးဆိုတာက တင်ကြီး ရင်ကြီး အလုံးအ
ကြီးတာကိုပြောတာ၊ ပေါက်လှဆိုတာတလွဲချော်ပြီး မတွေးနဲ့ဗျ
ကိုယ်လုံးကိုယ်ပေါက်နဲ့ အရပ်အမောင်းအချိုးအဆက် အကျအပေါ
ညီမျှလှပတာကိုပြောတာ မျက်နှာကလေးကလည်း ယဉ်စစအသ
ကလေးကလဲ ရွှေလိုဝင်းဝါနေတော့ ကျုပ်ဖြင့်လူတောင်ထွက်ချင်ပြီဗျာ"

"ထွက်ချင် ထွက်ပေါ့၊ ဦးဇင်းတို့က ကျုပ်တို့ကနဂိုကတည်
က ဒုလ္လဘဝတ်ပါမယ်လို့ စကားခံထားခဲ့ကြတာပဲ မဟုတ်ဘူးလား"

"စကားအဖြစ်ပြောတာပါဗျာ၊ သူကလည်းဒီရွာသူကျုပ်
ကလည်း ဒီရွာသားတစ်ခြားထွက်ပြေးကြမယ့် သူတွေမှမဟုတ်တာ"

"ဒါတော့ ဒါပေါ့ ဒါပေမယ့် မဆိုစကောင်း ဆိုစကောင်
တောက်တဲ့ခေါင်းပေါင်းပေါင်းဆိုတာလို မန္တလေးပလိပ်ရောဂါကင်းသ
ပြီဆိုရင် မန္တလေးပြန်ချင်တဲ့သူက ပြန်ကြတဲ့အခါ သူကလေးပါသွ
ရင် ဘယ်လိုလုပ်မလဲ၊ လွတ်တဲ့ငါးကြီးသွား တတ်တယ်နော်"

ထိုသို့ပြောနေကြသည်ကို နံဘေးနားတွင်ရှိသော ကိုရင်ကုဏ္ဍ
က...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအစ်မက အဘဦးဝေလာရဲ့သမီး မဖဲဝါတဲ့ဗျ၊ သူတို့က ရွာတောင်ပိုင်းမှာနေတာ"

"ဟော မဖဲဝါတဲ့လား၊ နာမည်ကလေးကလဲ လှလိုက်တာကွာ၊ အသားအရည်နဲ့လဲ လိုက်ဖက်ပါရဲ့၊ ဒါနဲ့မဖဲဝါလို့ သူ့ကိုဘာဖြစ်လို့ ခေါ်သလဲဆိုတာကိုရော သိလား"

ဦးပဉ္စင်းဝါယမကသိချင်စိတ်များ တစ်ဖွားဖွားပေါ်လာသဖြင့် မေးလိုက်ပြန်သည်။

"သိတာပေါ့ဗျာ၊ မမဖဲဝါနဲ့ ကိုရင်တို့က တစ်ရပ်ထဲသား၊ အဲဒီမမက ရေချိုးသနပ်ခါးလိမ်းပြီး ဆံပင်လေးနှစ်စကို ချိုကလေးလို ထောင်ပြီး ဖဲကြိုးအဝါလေးနှစ်ခုကို အမြဲချည်ထားလေ့ရှိလို့ တစ်ရပ်လုံးက မဖဲဝါ မဖဲဝါနဲ့ခေါ်ကြရင်း သူ့နာမည်အရင်းကိုတောင်မသိကြတော့ဘူး၊ သူကလဲ အဲဒီနာမည်ကိုနှစ်သက်ပြီး သူ့ကိုသူမဖဲဝါလို့ပဲ အခေါ်ခံတော့တယ်၊ အခုကြီးလာတော့ ကျစ်ဆံမြီးနှစ်ခွချပြီး ဖဲကြိုးဝါလေးတွေ အမြဲချည်ထားတာ မတွေ့ဘူးလား"

ကိုရင်ကုဏ္ဍလပြောမှပင် မိန်းကလေးကိုလှမ်းကြည့်လိုက်လေရာ ဖဲကြိုးဝါကလေးကို ဆံပင်တွင်စည်းနှောင်ထားသည်ကို တွေ့လိုက်ရလေ၏။ သို့နှင့်နေ့စဉ်ရက်ဆက်ဆိုသလို မဖဲဝါကို ကျောင်းကန်တူးဖော်ရာတွင် တွေ့မြင်နေရသောကြောင့် ဦးပဉ္စင်းဝါယမသူ့အပေါ်၌ တစ်နေ့တစ်ခြားစိတ်ဝင်စားမှုလွန်ကဲလာလေတော့သည်။ ထိုအဖြစ်အပျက်ကို မဖဲဝါက မသိပေ။ သူလုပ်နေကျအတိုင်း လုပ်ကိုင်သွားလာ၍သာနေလေ၏။ တစ်နေ့ကျောင်းသို့ဆွမ်းအုပ်ပို့ရန် အလှည့်ကျသောကြောင့် မဖဲဝါနှင့်မိခင်ဖြစ်သူတို့မှာကျောင်းသို့ရောက်လာကြသည်။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဘုရားဝတ်ပြုနေခိုက်ဖြစ်သဖြင့် ဦးပဉ္စင်းအိန္ဒြိယနှင့်ဦးပဉ္စင်းဝါယမတို့ကနေရာထိုင်ခင်းပေးကာ ဧည့်ခံထားရသည်။

"မဖဲဝါ ဆွမ်းအုပ်ကို ကိုရင်ကိုပေး၊ သွားလှယ်လိုက်မယ်"

ကိုရင်ကလှမ်းလက မဖဲဝါ၏လက်ထဲမှ ဆွမ်းအုပ်အား လက်လွှဲယူကာ ကျောင်းနောက်ဖေးခန်းတွင် လှယ်ယူထားလိုက်ပြီး ဆွမ်းအုပ်ကိုပြန်ယူလာကာ မဖဲဝါ၏လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ ဦးပဉ္စင်းဝါယမက သူ့ရှေ့တွင်ကျုံ့ကျုံ့ကလေးထိုင်နေသော မဖဲဝါကိုမျက်တောင်မခတ်တန်း ကြည့်နေမိလေ၏။ ဘုရားရှင်လက်ထက်တော်ကသီရိမာ တည်းဟူသော မာတုဂါမ၏ ရုပ်ပါန်တွင်ခုံမင်ထပ်ငြိနေမိသော ရဟန်းကြီး ကဲ့သို့မဖဲဝါ၏ အလှအယဉ်တည်းဟူသော စက္ကူအာရုံတွင် ဦးပဉ္စင်းဝါယမခမြာ ပုထုဇဉ်ပီပီ မရှုန်းနိုင်မထွက်နိုင် ငေးငိုင်မိနေရှာလေ၏။ ထို့ပြင်စိတ်ထဲမှလည်း . . .

"အဝေးကမြင်တော့ ငေးမောကြည့်ရလောက်အောင် လှရှာသည့်သူကလေး၊ အနီးကပ်ကြည့်ရပြန်တော့ ညက်ညက်မွတ်မွတ် နူးနူးညံ့ညံ့နှင့် ပန်းကလေးတစ်ပွင့်လို ဆွတ်ချင်ငင်ချင်လောက်အောင်သိမ်မွေ့သူကလေးဖြစ်သော မဖဲဝါပါလား" ဟုမှတ်ချက်ချမိသည်။

"ဦးဇင်းတို့က တစ်သက်လုံး သာသနာ့ဘောင်မှာ ပျော်မွေ့ကြမှာလား"

မဖဲဝါ၏မိခင်ဖြစ်သူက အမှတ်တမဲ့မေးလိုက်ရာ ဦးပဉ္စင်းအိန္ဒြိယနှင့်ဦးပဉ္စင်းဝါယမတို့ ဘာပြန်ပြောရမှန်းမသိတော့ဘဲ ကြောင်တက်တက် ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်… ဟို…. အဲ…. ဟိုဟာ"

ဦးပဥ္စင်းဝါယမက ပြန်ဖြေဖို့ကြိုးစားသော်လည်း ဘာဥအစာရှာမရသလို ဖြစ်နေသဖြင့် မဖဲဝါကသဘောကျပြီး ခစ်ကနဲရယ်လိုက်သည်။ ထိုစဉ်ကျောင်းပေါ်သို့ ဦးဘိုးလူတက်လာသည်ကို တွေ့လိုက်သည်။

"လာ… လာ… ဒကာကြီး ထိုင်ဦး"

ဦးပဥ္စင်းဝါယမက အာရုံပြောင်းသွားပြီး ဦးဘိုးလူကိုဆီးခေါ်လိုက်သည်။ ကျောင်းထိုင်ဆရာတော်ကြီး ဘုရားဝတ်ပြုပြီး၍ ဦးဘိုးလူတို့ ထိုင်နေသောနေရာတွင် လာရောက်ထိုင်လိုက်သည်။

"ရွာထဲမှာ နာဖျန်းမကျန်းဖြစ်ကြသေးလား"

ဆရာတော်ကြီးက အဓိပ္ပါယ်ပါသောမေးခွန်းကို ဦးဘိုးလူအား မေးလိုက်သည်။

"မဖြစ်ကြပါဘူး၊ အေးအေးချမ်းချမ်းပါပဲ၊ အရှင်ဘုရား သီတင်းသုံးတဲ့ ကျောင်းကိုမိုးကာလမရောက်မီ ခိုင်ခိုင်ခန့်ခန့်ဖြစ်အောင် တပည့်တော်တို့ထပ်မံပြုပြင်ချင်လို့လာလျှောက်တာပါ"

"ကောင်းတာပေါ့၊ ဩော်… ရွာထဲကလူတွေကိုလည်း သတိပေးပါ၊ ဒီမှာနာဖျားမကျန်းမရှိကြတော့ဘူးဆိုပြီး မန္တလေးကိုသွားတာလာတာ အကူးအသန်းမလုပ်ကြပါစေနဲ့"

"တင်ပါ့ဘုရား… တပည့်တော် ဆော်ဩလိုက်ပါ့မယ်၊ ဒါ့ထက် ဦးဇင်းဝါယမတို့ကလည်း ဆရာတော်ကြီးနဲ့အတူကျောင်းမှာ တစ်မိုးကုန်အောင်နေကြပေါ့၊ မဟုတ်ဘူးလား"

"ဟာ… မဖြစ်ဖူး ဒကာကြီး၊ ကျုပ်တို့လို လူငယ်တွေရှိရင် စိုက်ပျိုးရေးမှာ တစ်အားရတ်ကုန်မှာပေါ့၊ ကျုပ် လူဝတ်လဲမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးလူ၏စကားတွင် ပိတ်မိနေမှာစိုးသောကြောင့် ဦးပဥ္စင်းဝါယမက ဖွတ်အတင်းရှန်းထွက်လိုက်၏။

"ခစ်… ခစ်… ခစ်… ခစ်"

ဦးပဥ္စင်းဝါယမ၏အပြောကို သဘောကျသွားသောကြောင့် မဖဲဝါက ခစ်ကနဲရယ်လိုက်ပြန်၏။

"ဒကာမကြီးတို့ကော ရွာထဲမှာအဆင်ပြေရဲ့လား"

ကျောင်းထိုင်ဆရာတော်ကြီးက မေးလိုက်ရာ

"တင်ပါ….ပြေပါတယ်ဘုရား၊ တစ်ရွာလုံး၊ စည်းစည်းလုံးလုံးနဲ့မို့ ဒုက္ခတွေကိုတောင် သတိမရတော့ပါဘူး ဘုရား"

မဖဲဝါမိခင်ဖြစ်သူက ပြန်လျှောက်လိုက်၏။ ထို့နောက် ဦးဘိုးလူတို့ပြန်သွားကြသောအခါ ဦးပဥ္စင်းအိန္ဒြိယက ဦးပဥ္စင်းဝါယမကို သို့ကလို မေးလိုက်သည်။

"ဦးဇင်းက တကယ်လူထွက်မှာလား"

"တကယ်ပေါ့ ကျုပ်တော့ မဖဲဝါကိုမြင်ပြီးကတည်းက ရဟန်းဘောင်မှာ မပျော်ပိုက်တော့ဘူး"

ဦးပဥ္စင်းဝါယမက ပွင့်ပွင့်လင်းလင်းပင် ဝန်ခံလိုက်သည်။ ထိုအချိန်မှစ၍ ဦးပဥ္စင်းဝါယမသည် မဖဲဝါဆိုသည့်မိန်းကလေးအပေါ်တွင် မေတ္တာသက်ဝင်ကာ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ဖြစ်နေလေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါနှင့်မောင်လှဝေ

မောင်လှဝေပဌင်းလူထွက်ပြီး နောက်တစ်ရွာလုံး လူငယ် ငယ်များပေါင်းစုကာ လယ်ယာမြေထွန်ယက်စိုက်ပျိုးရေးတွင် အသွန်ခွန်စိုက် လုပ်ကိုင်ကြလေသည်။ မိန်းကလေးများကလည်း ကိုယ်ရှိသော ခွန်အားကလေးများကိုစိုက်ကာ တစ်တပ်တစ်အားပါဝင် သည်။ အရွယ်ကလည်းကောင်း နုပျိုဖွံ့ထွားကြသည့်အရွယ်မို့ တက်လိုက်ပြောင်လိုက် ကျီစယ်လိုက်နှင့် မောရပန်းရမှန်းပင်မသိ ကြတော့ပေ။

"ဟဲ့ ... ယောင်းမ ... ဟောဟိုက ... ကတုံးကျ ကြောင်ပြောင် လူကောင်ကထွားထွား ... ပဌင်းလူထွက်လိပ်ကျော ကြောင်ကော် ပြောင်ချော်ချော်နဲ့ကာလသားက ညည့်ကိုကြည့်နေ ယ်တော့"

www.burmeseclassic.com



မယ်ငွေညွန့်ခေါ်သည့် ဆံတောက်ကလေးတဖားဖား မိန်းကလေးက မဖဲဝါကို လက်တို့၍ပြောလိုက်သည်။ မဖဲဝါ မယ်ငွေညွန့် မေးငေါ့ပြသည့်နေရာဘက်ဆီသို့ သမင်လည်ပြန်ကြ လိုက်သည့် အခိုက်မဖဲဝါ၏လှူပ်ရှားပုံရိပ်များနောက်ဆီသို့ တစ်ကော ကောက်လိုက်ကာ ကြည့်လျက်ရှိသော မောင်လှဝေနှင့်မျက်လုံးချင် လိုက်မိသောကြောင့် ရင်ထဲတွင်ဒိန်းကနဲမြည်ကာ ဖိုသွားရှာလေ

"ဟယ် လူကြီးက အကြည့်ရဲလိုက်တာဟယ်၊ သိန်း စွန်ငှက်တွေရဲ့ မျက်လုံးကတောင် အရှုံးပေးလောက်ပါပေရဲ့၊ ငါ့ရင် ဖိုသွားတာပဲ"

မဖဲဝါက ပြန်ပြောလိုက်ပြီးသည်မျက်နှာကို ဘယ်မှာတွေ့ ပါလိမ့်ဟု ပြန်စဉ်းစားနေမိသည်။ စဉ်းစားရင်းက ကျောင်းကိုအ အတူ ဆွမ်းအုပ်သွားပို့တုန်းက ပဥ္စင်းဘဝမှာမနေလိုဘဲ လူဝတ် အကြောက်အကန် ပြောဆိုခဲ့သော မောင်လှဝေ၏ပုံသဏ္ဌာန်ကိုပြန် မိပြီး "ခစ်" ကနဲ ရယ်လိုက်မိပြန်၏။

"ဟဲ့… ဟဲ့… မဖဲဝါ… နင်… ပဥ္စင်းလူထွက် စိတ်ညွှတ်သွားပြီလား၊ ကောင်မရေ… ရွာသစ်မှာ နင်တို့မင်္ဂလာ ဦးဆုံးဖြစ်မယ်ထင်တယ်ဟေ့"

မယ်ခင်စိန်ဆိုသော မိန်းမပျိုကလေးက မီးလောင်ရာလေ ဆိုသကဲ့သို့ ရေလာမြောင်းပေးဆိုလိုက်၏

"မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေးဘဲနဲ့ နှုတ်ခမ်း တာနဲ့ တည့်ပါ့မလား၊ ဖြစ်နေပါ့မယ်ဟယ်၊ မြင်းအောမလှုပ်ဘဲ လှုပ်လို့ ဘယ်ဖြစ်မလဲ"

www.burmeseclassic.com



မဖဲဝါ၏ကိုယ်စား မယ်ငွေညွန့်က ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်ပ့ါတော်... ဟား... ဟား.... ဟား..."

မဖဲဝါတို့၏ အပျိုတစ်သိုက်တစ်ဝါးဝါးဖြင့် ပွဲကျသွားသော ကြောင့်မောင်လှဝေမှာ ခိုးစားမလိုလုပ်နေစဉ် လူမိသွားသောကြောင်ကြီး သို့ မဖဲဝါထံမှ မျက်လုံးအကြည့်တို့ကို လျှပ်တစ်ပြက်ရုတ်သိမ်း၍ ကြည့်သည်ကြည့် လုပ်နေလိုက်ရလေတော့သည်။

"ငါတော့ မဖဲဝါကို တကယ်ချစ်နေမိပြီကွာ၊ ငါဘယ်လိုလုပ် လဲ၊ ဟင်... အကြံပေးပါဦးကွာ"

မောင်လှဝေက ရင်ထဲတွင်မမြိုသိပ်နိုင်တော့သည့် အဆုံး၌ အောင်မောင်းကို ဖွင့်ဟတိုင်ပင်သည်။

"ဟ... လူပျိုက အပျိုကိုကြိုက်တာ ဘာဆန်းလို့လဲ၊ ဘာကမွှတာပဲ၊ အေး... သူက ကိုယ့်ကိုပြန်ကြိုက်မကြိုက်သိရ အောင် ရည်းစားစကားပြောကြည့်ပေါ့၊ မဟုတ်ဘူးလား"

"ဟာ ငါမပြောရဲဘူးကွာ၊ ငါကသူ့ကိုချစ်နေပေမဲ့ သူကငါ့ ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင်မှ ထင်မှာမဟုတ်ဘူး"

မောင်လှဝေက ဆုတ်ကန်ကန်ဖြင့် ပြန်ပြောလိုက်၏

"ဒါဆိုလဲ အောင်သွယ်ရှာမှပေါ့ ငါ့လူရ၊ အလိုလေးနေပါဦး တို့နဲ့အတူတူ ကိုရင်ဝတ်တဲ့ကောင်လေး သူ့လူနာမည်က သာဂီ... း... အဲဒီကောင်လေးနဲ့မဖဲဝါက အတော်ခင်ပုံရတယ်၊ သူကတစ် င့် နားသွင်းခိုင်းမှပေါ့ကွ၊ ဟော ဟိုမှာပြောရင်းဆိုရင်း သာဂီမဟုတ် း၊ ငါလှမ်းခေါ်လိုက်မယ်၊ ဟေ့... သာဂီ ဒီဘက်ကိုလာပါဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းက ပြောပြောဆိုဆို သာဂိကိုလှမ်းခေါ်လိုက်သည်။ သာဂိက သူ့နာမည်ကို ရုတ်တရက်ခေါ်သံကြားလိုက်သဖြင့် လှည့်ကြည့်လိုက်ရာ အောင်မောင်းကိုတွေ့သွားပြီး...

"ဟာ ကိုကြီးအောင်မောင်း... ကိုကြီးလှဝေလဲ အတူပါသကိုး၊ ဘယ်သွားကြမလို့လဲ"

ဟုသူတို့အနီးသို့ကပ်လာရင်းက မေးလိုက်၏။

"ဘယ်မှ မသွားပါဘူးကွာ၊ အလုပ်လုပ်ဖို့လာကြတာပါ၊ ဒါ သာဂိရေ မင်းဆီကအကူအညီတောင်းစရာရှိလို့ မင်းကူညီနိုင်မလား"

အောင်မောင်းက အစပျိုးလိုက်သည်။

"ကျွန်တော် ကူညီနိုင်တာဆို ကူညီမှာပေါ့ဗျာ"

သာဂိက စိတ်ပါလက်ပါ ပြောလိုက်ရာ....

"အေး... တခြားတော့ မဟုတ်ပါဘူးကွာ၊ ငါ့သူငယ်ချင်း လှဝေက မင်းတို့အပိုင်းမှာနေတဲ့ မဖဲဝါကလေးကို သဘောကျလို့တဲ့ကွ အဲဒါမင်းက အောင်သွယ်တော်လုပ်ပေးဖို့ပါပဲ"

"ဒီအတွက်တော့ ဘာမှမပူပါနဲ့. ကျွန်တော်ပြောပေးမယ် မမဖဲဝါက ပြန်ကြိုက်တာ မကြိုက်တာကတော့ အစ်ကိုလှဝေနဲ့ မမဖဲဝါ တို့ရဲ့ရေစက်ပဲ၊ ရှေးရေစက်မှန်ရင် ဖူးစာဆုံမှာပေါ့ဗျာ၊ မဟုတ်ဘူးလား"

သာဂိက ဘုန်းကြီးကျောင်းသားပီပီ စာသံပေသံဖြင့် ရှေ့ပြီး မဖဲဝါတို့အုပ်စုရှိရာသို့ ထွက်လာခဲ့သည်။

"မမဖဲဝါ... မမဖဲဝါ... သတင်းကောင်းပါခင်ဗျို့"

"ဟဲ့... မောင်လေး... သာဂိ၊ ဘာသတင်းများလဲကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါက သူတို့အနားသို့ချဉ်းကပ်လာသော သာဂိကို ဆီးမေးလိုက်သည်။

"ဟော ဟိုကလူပုံချောချော ကိုကြီးလှဝေက မမဖဲဝါကို ကြိုက်လို့တဲ့ဗျ"

သာဂိက အကွက်မြင်စွာ အရွှန်းဖောက်၍ ပြောချလိုက်သည်။

"ဟောတော့…"

မယ်ငွေညွန့်တို့မခင်စိန်တို့က တစ်ပြိုင်နက်ထဲ အံ့သြလိုက်ကြ၏။

"ဒါကြောင့် ဒီလူကြီးတို့အုပ်စုကို မျက်လုံးကျွတ်ကျမတတ် ကြည့်နေတာကိုး"

မယ်ငွေညွန့်က မှတ်ချက်ပေးလိုက်သည်။

"နေပါဦး… ဒီမှာလာဆုံလို့ တစ်ရွာထဲသား ဖြစ်ကြပေမဲ့ သူကဘာယ်အရပ်သားလဲတော့"

မခင်စိန်က ကွန့်လိုက်ရာ…

"မန္တလေးသားလို့ ပြောတယ်တော့"

မဖဲဝါက ဝင်ပြောလိုက်သည်။

"အဲလို မယ်မင်းကြီးမ၊ ညည်းက မဆွတ်ခင်က ညွှတ်ချင်ချင် ဖြစ်နေပါရော့လား၊ သူ့ဇာတိရပ်ရွာကိုတောင် စုံစမ်းပြီးပါပေါ့"

"အမယ် ဒီလိုတော့မစွပ်စွဲလိုက်ပါနဲ့ ခင်စိန်ရယ်၊ တို့များအမေနဲ့ရွာဦးကျောင်းကို ဆွမ်းအုပ်သွားပို့တုန်းက ကျောင်းထိုင်ဆရာတော်ကြီးက အမေမေးလို့ပြောလိုက်တာ ကြားဖူးလို့ပါ အေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မရယ်... ငါကလဲ ညည်းကို အ,မနာပသဘောနဲ့ ပြောတာမဟုတ်ပါဘူးကွယ်၊ လူပုံကချောချောမို့ ညည်းနဲ့သဘောတူလို့ ပြောမိတာပါ"

"မယ်ခင်စိန် ညည်းအပြောက မိန်းမဈေးပျက်တယ်ဟေ့၊ တကတည်းတော် မြင်းကမလှုပ် ခုံကလှုပ်ပါဘိသနဲ့၊ ကြိုက်ရင်လူကိုယ်တိုင်ရည်းစားစကားပြောပေါ့၊ လူဂုဏ်နဲ့အောင်သွယ်ပြီး သွေးတိုးစမ်းတာကတော့ မိန်းကလေးကို အထင်သေးသလို ဖြစ်မနေဘူးလား"

မယ်ငွေညွန့်က ကြားဝင်ငေါ့လိုက်၏

"အေး... မယ်ငွေညွန့်ပြောတာလမ်းကျတယ်၊ ဒီမယ် မောင်လေးသာဂိ စကားပြန်ချေ၊ ပန်းခူးဖို့တံချူရှာတာ မိန်းမဉာဏ်လို့၊ ယောကျ်ားမှန်ရင် အမြင့်တက်ရမယ်ဆိုလဲ တက်ရဲ ဆွတ်ရဲတဲ့သတ္တိမွေးပါလို့ ဘယ်နဲ့လဲ ညည်းကိုယ်စားငါပြောခိုင်းလိုက်တာ လွန်သလား မဖဲဝါ"

ခင်စိန်က မဖဲဝါကိုကြည့်ပြီးပြောလိုက်သောအခါ မဖဲဝါက ခင်စိန့်အား သဘောကျသဖြင့် ခေါင်းညိတ်ပြလိုက်လေ၏။ သာဂိလည်း မဖဲဝါတို့အနားမှခွာကာ အောင်မောင်းတို့ဆီလာခဲ့ပြန်သည်။

"ကျုပ်တော်တော့ အောင်သွယ်ဘဝက ပုဏ္ဏားတိုင် ဖြစ်ပြီဗျ"

"ဘာလဲကွ... ပုဏ္ဏားတိုင်ဆိုတာ ငါနားမလည်ဘူး"

အောင်မောင်းက ပြောလိုက်ရာ...

"ပုဏ္ဏားတိုင်ဆိုတာ သည်လူက ပြောတဲ့စကားကိုမှတ်ထားပြီး ဟိုလူ့ကတစ်ဆင့် ပြန်ပြောပေးလိုက်၊ ဟိုလူကပြောတဲ့ စကားကို

www.burmeseclassic.com

www.burmeseclassic.com



တ်ထားပြီး သည်လူ့ကိုပြန်ပြောပေးလိုက် လုပ်ရတဲ့နှစ်ဘက်ကြားက ကြားလူကိုပြောတာဗျ၊ ကဲ... ရှင်းပြီလား၊ မဖဲဝါက ကိုလှဝေပြောချင် တဲ့စကားကို ကိုယ်တိုင်ပြောပါတဲ့"

"ဩော်... အေး ရှင်းပါပြီကွာ၊ ဒါပေမယ့် ငါ့အခုချက်ချင်း ဆော့ ဘယ်ကစပြီး ဘာကိုပြောရမယ်ဆိုတာ ဘဲဥအစရှာမရသလိုဖြစ် နေသေးတယ်ကွာ"

မောင်လှဝေပြောလိုက်လေရာ သာဂိက မဖဲဝါတို့အုပ်စုရှိရာ သို့ အရောက်သွားပြီး ပြောပြလိုက်လေ၏။ သည်လိုနှင့် နောက်တစ်နေ့ နက်ပိုင်းအိမ်သုံးရေကန်ကြီး ကန်ဘောင်ရိုးမကျည်းပင်နှိ ပင်ကြီး အောက်၌ မောင်လှဝေစောင့်ဆိုင်းနေလေသည်။ အောင်မောင်းကိုအဖော် အဖြစ်ခေါ်လာခဲ့သဖြင့် နှစ်ယောက်သား တိုးတိုးတိတ်တိတ်ပြောမည့် စကားလုံးများကို ရွေးချယ်ရန်တိုင်ပင်နေကြသည့်အခိုက်မှာ သာဂိမှာ လေးခွတစ်ချောင်းနှင့် ချိုးပစ်ရန် ချောင်း၍နေသည်။ မကြာမီမှာပင် န်းကလေးတစ်သိုက်၏ ရယ်မောပြောဆိုသံများကို ကြားလိုက်ရပြီး ယ်ငွေညွန့်၊ မခင်စိန်နှင့်မဖဲဝါတို့ ရေထမ်းပုံးကလေးများကို ပခုံးတင် ကာ ကန်ပေါင်ပေါ်သို့ တက်လာသည်ကိုတွေ့လိုက်ကြရသည်။

တကယ်တန်း ရည်းစားစကားပြောရမည်ဆိုတော့ မောင်လှဝေ ာရင်ထဲတွင် တဒိန်းဒိန်းမြည်၍ ခြေလှမ်းများနောက်ပြန်ဆုတ်လျက် ရှိနေလေရာ အောင်မောင်းက တွန်းကာတိုးကာနှင့်အရောက်ပို့ရလေ တော့သည်။ ကျားရှေ့မှောက်လျက်လဲသော သားသမင်ကဲ့သို့ မဖဲဝါတို့ အုပ်စုရှေ့တည့်တည့် ရောက်လာခဲ့သော မောင်လှဝေမှာချွေးစေးများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ မျက်လုံးကြီးပြူးပြီး ဆွံ့အသူကဲ့သို့ဖြစ်၍ နေလေသည်။ မောင်လှဝေ၏ အကြောက်ကြီးပုံကို တွေ့လိုက်ရသော မခင်စိန်တို့မှာ ခစ်ကနဲ ရယ်လိုက်ကြပြီး

"သြော်... ဒါကြောင့် အောင်သွယ်ငှားတာကို"

ဟုဆိုလိုက်ကြသည်။ ထို့နောက် မဖဲဝါကို အစိပ္ပါယ်ပါပါ မျက်စပစ်ကာ ရှောင်ပေးကြလေသည်။

"မဖဲဝါကျွန်တော်ပြောချင်တာတွေ အလွတ်ကျက်လာခဲ့ပေမယ့် အခုဘယ်ကစပြီး ပြောရမှန်းမသိတော့ဘူး၊ ဟိုလေမဖဲဝါကို ကျွန်တော် ချစ်... နေ... မိ..."

မဖဲဝါက ယောကျ်ားကလေးတစ်ယောက်နှင့် ယခုကဲ့သို့ နီးနီးစပ်စပ်မနေခဲ့ဖူးသဖြင့် မောင်လှဝေကိုမြင်ပြီး ရယ်ချင်လာသည်။

"ကျွန်မရေခပ်ရဦးမယ် ပြန်တော့နော်"

"အင်း... ဟိုလေ ကျွန်တော့်ကို"

မဖဲဝါက ကြောက်ကြောက်နှင့် အတင်းနှင်လွှတ်နေသဖြင့် လှဝေပြန်ပြေးခဲ့သည်။ မယ်ငွေညွန့်တို့က မဖဲဝါအနီးသို့ ပြန်ရောက်လာကြကာ

"ညည်းကို သူကဘာတွေပြောသွားသလဲ"

ဟုသိချင်ဇောနှင့် မေးကြသည်။

"စကားတွေ ထစ်နေလို့ သူပြောတာ ငါသဲသဲကွဲကွဲမကြားပါဘူးဟယ်"

မဖဲဝါက ပြန်ပြောလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ကောင်မအချင်းချင်း ကွယ်နေတယ်ပေါ့၊ ပြောစမ်းပါဟယ်၊ တို့လဲကြားချင်လို့"

မခင်စိန်က အားမလိုအားမရ ဖြစ်လာသည်။

"ဘာကွယ်ရမတုန်း ငါအမှန်ကိုပြောတာ၊ မယုံရင်နင်တို့လဲ ကိုလှဝေနဲ့ပါလာတဲ့ ကိုအောင်မောင်းနဲ့ရည်းစားထားကြည့်ပါလား၊ သူဘာပြောမလဲလို့"

မဖဲဝါ ပြောလိုက်သောအခါ မယ်ငွေညွန့်တို့တဟားဟားနှင့် ပွဲကျသွားကြလေသတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ရွာအသစ် သချိုင်းအသစ်မှာ စ၍မြှုပ်သောသူ

ကံသစ်ပေါ်ရွာကလေးသည် ရွာတည်စကနှင့် မတူတော့ဘဲ စည်စည်ကားကား စိုစိုပြည်ပြည် ဖြစ်လာခဲ့သည်။ တစ်မိုးလွန်ပြီးနောက် တစ်ရွာလုံးစုပေါင်း ထွန်ယက်စိုက်ပျိုးရရှိခဲ့သော စပါးနှင့်အခြားသီးနှံများကိုရွာလူကြီးများဖြစ်ကြသော ဦးဘိုးလူ၊ ဦးဘတင်၊ ဦးသိန်းမောင်တို့က ကမကထပြုကာ အိမ်ထောင်စုအသီးသီးသို့ ဝေခြမ်းပေးသည်။ မျိုးစပါး၊ ပဲ၊ ပြောင်းနှင့် ဝမ်းစာများ၊ ရောင်းချ၍ရသည့် ဝေပုံကျငွေများကို ခွဲဝေပေးပြီးနောက်...

"လူဆိုတာ လောဘသားတွေဆိုတာ ဘယ်သူမှ မငြင်းနိုင်ကြဘူး၊ အခုလိုဒုက္ခ သုက္ခတွေကို ဘဝတူတွေမို့ စုစည်းရင်ဆိုင်ကြတယ်ဆိုပေမဲ့ တစ်နေ့မှာ သူ့သာတယ်၊ ငါနာတယ်ဆိုတဲ့ ကိစ္စတွေဟာ ပေါ်ပေါက်လာမှာအမှန်ပဲ၊ ဒီတော့ ချစ်နေတုန်း မုန်းစကားပြောဆိုတာကို ခုချိန်ကစပြီး လယ်ယာမြေတွေကို ကိုယ်လုပ်နိုင်သလောက် ယူကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထွန်ကိုယ့် နွားကိုယ့်လုပ်အားနဲ့ သီးပွင့်ဝေဆာတဲ့ သီးနှံတွေကို ကိုယ့်သဘောနဲ့ ကိုယ်စီမံကြဖို့ ကျုပ်ကတော့တိုက်တွန်းချင်တယ်ဗျာ"

ဦးဘိုးဘူက ရွာသူရွာသားများ၏ နောင်ရေးကို ကြိုတွေးကာ ပြောလိုက်လေ၏။

မှန်ပါ့… မှန်ပါ့၊ အခုဆို မန္တလေးမှာလည်း ပလိပ်ရောဂါဆိုးကြီးက အတော်အတန် ငြိမ်သက်သွားပြီလို့ ကြားရတယ်၊ ဒါကြောင့် ကိုယ့်အိမ်ကိုယ့်ရာကို ပစ်ပြီး ပြေးလာတဲ့သူတွေ၊ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ချင်တဲ့လူကလည်း ပြန်ကြပေါ့၊ ဒါမှမဟုတ်လို့ ဒီရွာမှာရေခံမြေခံကောင်းလို့ စိုက်ပျိုးစီးပွားရှာချင်တဲ့လူကလည်း နေခဲ့ကြပေါ့၊ စီးပွားဆိုတာကတော့ သားသမီးနဲ့မိဘပဲဖြစ်ဖြစ် အိုးခွဲအိမ်ခွဲဖြစ်ပြီ ဆိုရင် စီးပွားခွဲကြတာ သဘာဝမို့ ဘယ်မှာနေနေ ဦးဘိုးလူပြောသလိုကိုယ့်အား ကိုယ့်ကိုးဖြီးကြီးပွားအောင်လုပ်ကြရမှာပေါ့"

ဦးဘတင်က သူ့သဘောကို ပြောလိုက်ပြန်၏။ သို့နှင့်ရွာသားများမှာ မိမိတို့စွန့်ခွာလာခဲ့ကြသော နေရပ်ဌာနသို့ ပြန်လိုသူများနှင့် ဒီရွာ၌ပင် ဆက်လက်နေထိုင်လိုသူများ၏ စကားသံများလည်း ပွစိပွစိနှင့် ပွတ်လောညံလာလေသည်။

"ကျုပ်တို့က မြို့သားတွေဆိုတော့ စိုက်ပျိုးရေးမလုပ်တတ်တာ အမှန်ပဲဗျ၊ မြို့မှာပဲ အရောင်းအဝယ်လုပ်မှဖြစ်မှာ၊ ဟိုမှာကျန်ခဲ့တဲ့အိမ်နဲ့စီးပွားရေး လက်ငုပ်လက်ရင်းတွေကို ပြန်လုပ်ရမှာ"

"ကျုပ်ကတော့ နဂိုခံတောသားပါဗျာ၊ မြို့တက်ပြီးလက်ခစား လုပ်ရင်း ရောဂါဆိုးကြီးနဲ့တိုးလို့ပြေးခဲ့ရတာ၊ ကံသစ်ပေါ်ရွာရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့စိုက်ပျိုးရတာ အဆင်ပြေလို့ ဒီမှာပဲခါးမဦးချလုပ်ကိုင်စားသောက် တော့မယ်ဗျာ၊ မြို့တက်ပြီး လုပ်ခစားလုပ်ကြည့်ဖူးလို့ တစ်နေ့လုပ် တစ်နေ့စားဖို့ ရှာရတာ ဘယ်လောက်စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရ တယ်ဆိုတာ လက်တွေ့သိသွားပြီဗျ"

ထိုသို့ပြန်မည့်သူနှင့် ကျန်မည့်သူများ၏ စကားသံကိုနားစွင့် ရင်းက မောင်လှဝေ ရင်ထိတ်လာသည်။ ပြန်မည့်အုပ်စုတွင် မဖဲဝါတို့ ပါသွားလျှင် သူနှင့်မဖဲဝါတို့၏ မစရသေးသောဇာတ်လမ်းမှာ ဒီမှာတင် အဆုံးသတ်သွားမည်ကို တွေးပူမိသည်။ မဖဲဝါတို့ ဘယ်အရပ်ဘယ် ဒေသသို့ ပြန်ကြမည်ကို သူမသိ၊ မန္တလေးလောက်ဆိုလျှင်တော့ ရှာဖွေ တွေ့နိုင်သေးသည်။ မန္တလေးနှင့်ဝေးရာဆိုလျှင်တော့ သူဘယ်လိုမှတတ် နိုင်တော့မည်မဟုတ်။

"မောင်လှဝေ… တို့ကရော ပြန်ကြမှာလား"

ဦးဘတင်မေးသည်။

"ဟို ကျွန်တော်စဉ်းစားနေတုန်းဗျ"

ထမင်းရေပူလာ လျာလွှဲလုပ်လုပ်ပြီး မဖဲဝါတို့အုပ်စုဘက်သို့ ငေးကြည့်လိုက်သည်။ ထိုစဉ် သာဂိတစ်ယောက် ပေါက်ချလာပြီး…

"အစ်ကိုတို့ ပြန်ကြမှာလား"

ဟုမေးလိုက်သည်။ မောင်လှဝေက ပြန်မဖြေဘဲ…

"မဖဲဝါတို့ကော ပြန်ကြမတဲ့လား"

ဟုမေးလိုက်ရာ…

"မပြန်ဘူး၊ ဒီရွာမှာပဲ ဆက်နေကြမှာဗျ"

www.burmeseclassic.com

www.burmeseclassic.com



သာဂိက ပြန်ဖြေလိုက်သောကြောင့် မောင်လှဝေက အခုန်မိမတတ်ဝမ်းသာသွားသည်။

"ဒီမှာ… ဦးလေး… ဦးဘတင် ကျွန်တော်ဒီရွာမှာပဲ ဆက်နေမယ်၊ မန္တလေး မပြန်တော့ဘူး"

"ဟ မင်းစဉ်းစားဦးမယ်ဆို၊ မြန်လှချေလား၊ မင်းမိဘတွေနဲ့ တိုင်ပင်ဦးလေကွာ"

မောင်လှဝေ၏အဖြေကြောင့် ဦးဘတင်က အံ့အားသင့်သွားလေသည်။

"ကျွန်တော့်မိဘတွေကို ကျွန်တော်က လုပ်ကျွေးနေတာမို့ ကျွန်တော်စီးပွားရေး အဆင်ပြေမယ့်နေရာမှာ ကျွန်တော့်မိဘတွေလည်း နေမှာပါ"

မောင်လှဝေ၏စကားကြောင့် ဦးဘတင်က ကံသစ်ပေါ်ရွာတွင် ဆက်လက်နေထိုင်ကြမည့် အိမ်ထောင်စုများ စာရင်းတွင်မောင်လှဝေတို့ သားစုကို ထည့်သွင်းလိုက်လေသည်။ မောင်အောင်မောင်း၊ ဦးဘိုးလူ တို့မှာလည်း မန္တလေး၌နေစဉ်က အိမ်ပိုင်မရှိပဲ အိမ်ငှားနေထိုင်သူများ ဖြစ်သဖြင့် မန္တလေးနှင့် သံယောဇဉ်ဖြတ်ကာ ကံသစ်ပေါ်ရွာတွင် အခြေချကြလေ၏။ ထို့အတူ မဖဲဝါတို့မိဘများနှင့် မယ်ငွေညွှန့်၊ မခင်စိန် တို့၏ မိဘများမှာလည်း သွားအတူ၊ လာအတူ ရင်းနှီးသူများဖြစ်သည့် အတွက်ကြောင့် ကံသစ်ပေါ်ရွာ၌ပင် ဆက်လက်နေထိုင်ကြလေတော့သည်။

မန္တလေးနှင့်အခြားသော သူတို့စွန့်ခွာထွက်ပြေးလာကြသော

www.burmeseclassic.com

www.burmeseclassic.com



နေရပ်အသီးသီးတို့ ပြန့်သွားကြသော အုပ်စုကြောင့် ကံသစ်ပေါ်ရွာတွင် လူဦးရေထက်ဝက်ခန့် လျော့နည်းသွားလေသည်။ သူတို့အားလုံးစုပေါင်း တူးဖော်ထားခဲ့ကြသော ရေကန်များမှာလည်း လူဦးရေလျော့သွားသော ကြောင့်မလုံမလောက်မဖြစ်တော့ပဲ ပိုလျှံလာသည်။ သရက်၊ ကတ္တိုး အစရှိသော ပင်ပျိုကလေးများမှာလည်း ရှင်သန်လာကြသဖြင့် နောင်သုံးလေးနှစ်ဆိုလျှင် အရိပ်ရပြီး ဖားဖားကြီးများ ဖြစ်လာတော့မည့် အသွင်ဆောင်နေလေသည်။ မောင်လှဝေနှင့် မဖဲဝါတို့မှာလည်း လူမစွမ်း နတ်မဆိုသကဲ့သို့ သာဂိနှင့်မယ်ငွေညွှန့်တို့ အောင်သွယ်မှုတို့ကြောင့် ချစ်သူများအဖြစ်သို့ ရောက်ခဲ့ကြပေပြီ။ မခင်စိန်နှင့်အောင်မောင်းတို့ လည်း ခပ်ညိုညိုကလေးပင်ဖြစ်၍နေလေ၏။

"ဟဲ့ ... ငါ့ကိုတော့ ဝိုင်းလှော်ကြတာ၊ ပဲကြီးထက်တောင် ပိုရှုပြီး၊ ကိုလှဝေကြီးနဲ့သမီးရည်းစားဖြစ်ခဲ့ရပြီ၊ ညည်းကော ကိုအောင် မောင်းကြီးနဲ့ နီးအောင် ငါတို့ဝိုင်းလှော်မယ်၊ ဒါမှ ရှုစိန်ကလေး ရှူရှူ ရှုရှုနဲ့"

မဖဲဝါက မခင်စိန်ကို ရွှတ်နောက်နောက် ပြောလိုက်သည်။

"ဟုတ်တယ် ခင်စိန်၊ ဟိုလိုလို ဒီလိုလိုလုပ်မနေနဲ့၊ ဟိုက အဖြေတောင်းရင် ပေးလိုက်၊ ဒါမှတို့ရွာမှာ နင်တို့နှစ်တွဲ ဘယ်အတွဲက မင်္ဂလာဆောင်မယ်ဆိုတာ ငါကြည့်ချင်တယ်"

မယ်ငွေညွှန့်က ကွန့်လိုက်ပြန်၏။

"ဟော့ ဟိုမှာ ပြောရင်းဆိုရင် ကိုလှဝေနဲ့ ကိုအောင်မောင်း ကြီးလာနေပြီ၊ ငါရှောင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ငါ့ကိုပစ်မထားခဲ့ပါနဲ့၊ ငါကြောက်တယ်"

မခင်စိန်က မယ်ငွေညွှန့်လက်ကို ဖမ်းဆွဲလိုက်၏။

"ဘာကြောက်တာလဲ... အောင်မောင်းလာမှာပေါ့ဟဲ့"

မယ်ငွေညွှန့်ကလက်ကို ဆောင့်ရုန်းကာပြေးသည်။ မောင်လှ
...ကမဖဲဝါ၏လက်ကိုဆွဲကာ မန်ကျည်းပင်ပျိုကလေးနီးတွင်သွား
...င်သည်။ ယောင်တောင်တောင် နှင့် ကျန်ရစ်ခဲ့သောမခင်စိန်၏ အနီးသို့
...အောင်မောင်းက တဖြည်းဖြည်းချည်းကပ်သွားသည်။

"မဖဲဝါ"

မောင်လှဝေက လေသံသဲ့သဲ့ကလေးဖြင့် ခေါ်လိုက်သည်။

"ရှင်... မောင်ကြီး"

မဖဲဝါက ယဉ်ယဉ်ကျေးကျေးကလေး ပြန်ထူးသည်။

"အစ်ကို့တစ်သက်မှာ ဘယ်မိန်းကလေးကိုမှ ဒီလိုနီးနီးကပ်
...ပ် မနေခဲ့ဖူးပါဘူး၊ ပြီးတော့ ဘယ်မိန်းကလေးကိုမှ မချစ်ဖူးပါဘူး"

မောင်လှဝေက ထိုသို့ပြောလိုက်သောအခါ မဖဲဝါ၏မျက်နှာ
...လေးမှာ ရဲကနဲဖြစ်သွားပြီး ခေါင်းငုံ့ထားလိုက်လေ၏။

"အလွန်ဆုံးနှစ်နှစ်လောက် အစ်ကို အလုပ်ကြိုးစားပြီး မဖဲဝါ
...ကို တောင်းရမ်းယူပါ့မယ်"

မောင်မလှဝေ၏ စကားများကို နားထောင်နေသော မဖဲဝါမှာ
...တ်ထဲက ကြည်နူးနေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကို ပုံမှန်ပဲလုပ်ပါ အစ်ကိုရယ်၊ အစ်ကိုပင်ပန်းပြီး ဖျားနာနေပါ့မယ်"

မဖဲဝါက သတိပေးသည်။ မောင်လှဝေနှင့်မဖဲဝါတို့မှာ ထိုကဲ့သို့ မကြာခဏချိန်းတွေ့ကြပြီး ဘဝရှေ့ရေးအတွက် နီးနှောတိုင်ပင်သည်မှလွဲ၍ တစ်ဦးကိုတစ်ဦး သန့်သန့်ရှင်းရှင်းပင် ချင်ခင်ကြလေသည်။

"အစ်ကို့ကိုလေ မဖဲဝါလေးစားတာ တစ်ခုရှိတယ်၊ အဲဒါ ဘာလဲ အစ်ကို့သိလား"

"ဟင့်အင်း… မသိဘူး"

"အစ်ကို့ဟာ ဖဲဝါနဲ့တွေ့တိုင်း ဖဲဝါရဲ့လက်ကလေးကို ကိုင်ရ ကလွဲလို့ ထိတာ့ တို့တာမလုပ်ဘူး၊ အဲဒါကိုပြောတာ"

"ဪ… မဖဲဝါနဲ့ကိုယ်က အခုထိအုပ်ထိန်းသူတွေရဲ့လက် အောက်မှာ ရှိနေကြသေးတာမဟုတ်လား၊ အစ်ကိုရဲ့ဇနီးမဟုတ်သေး တော့ ဆင်ခြင်ရတာပေါ့"

မောင်လှဝေက စိတ်ရင်းအတိုင်းပင် ပြောလိုက်သောကြောင့် မဖဲဝါပို၍ပင် ကြည်နူးသွားရလေ၏။ ထိုကဲ့သို့ ချစ်ပင်ချစ်မိုး ချစ်စဖွဲ့ ခဲ့ကြပြီး နောက်နှစ်ကာလများ ကုန်လွန်လာခဲ့ကြသည်။ မောင်လှဝေနှင့် မဖဲဝါတို့ ချစ်ကြိုက်နေကြသည်ကို ကံသစ်ပေါ်တစ်ရွာလုံးရှိ ကာလသား၊ ကာလသမီးတို့ သိရှိနေကြရုံမျှသာမက မောင်လှဝေ၏မိဘများနှင့် မဖဲဝါ၏ဖခင်ကပါ သိရှိသွားကြကာ သဘောတူကြသဖြင့် တစ်အိမ် နှင့်တစ်အိမ်ဝင် ထွက်သွားလာခွင့်ပင် ပေးထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားရေ… သားနဲ့မဖဲဝါကို မင်္ဂလာဆောင်ပေးဖို့ အဖေတို့မှာ ငွေရေးကြေးရေးမပြည့်စုံလို့ စိတ်မကောင်းဖြစ်မိတယ်"

မောင်လှဝေ၏ဖခင် ဦးသိန်းထွန်းက မောင်လှဝေကိုပြောသည်။ "စိတ်မကောင်းမဖြစ်ပါနဲ့ အဖေရာ၊ သားရဲ့ လုပ်အားနဲ့ကြိုးစားဦး ငွေရှာမှာပါ"

မလှဝေကဖခင်ဖြစ်သူကို ပြန်ပြောလိုက်၏။

"ဘယ်ဟုတ်ပါ့မလဲ သားရဲ့၊ အဖေတို့မှာတာဝန်ရှိတယ် ဟုတ်လား၊ အဖေ စဉ်းစားမိတာ အဖေတို့လည်း အသက်ကြီးပြီ၊ ဒီတော့ သားလည်းဒီရွာမှာ အခြေချဦးမယ့်ပုံပေါက်တော့ မန္တလေးက အဖေတို့အိမ်နဲ့ဝိုင်းကိုရောင်းချပြီး သားမင်္ဂလာစရိတ်ထဲမှာသုံးဖို့တာ အိမ်းဆည်း ထားရင်ပြီးတာပဲမဟုတ်လား"

ဦးသိန်းထွန်းက တိုက်တွန်းပြောဆိုသောအခါ မောင်လှဝေ၏ ခင်ဒေါ်တင်ညွန့်က သဘောတူခေါင်းညိတ်ပြလိုက်သည်။ ထို့ကြောင့် မောင်လှဝေမန္တလေးသို့တက်ကာ အိမ်ရောင်းဖို့ကိစ္စ စီစဉ်ရတော့သည်။

"အစ်ကိုမန္တလေးကို တက်ရမယ်၊ သိပ်မကြာပါဘူး၊ လေးငါး ရက်ရက်လောက်ဆို ပြန်ရောက်လာမှာပါ"

မောင်လှဝေက မဖဲဝါကိုမန္တလေးသို့ မသွားမီတွေ့၍ ပြောပြသည်။ မဖဲဝါက မျက်နှာကလေးညှိုးငယ်ကာ မောင်လှဝေကို မခွဲနိုင်သ လွမ်းရိပ်ပိုနေ၏။

"အစ်ကိုလဲ မဖဲဝါနဲ့ တစ်ကွန့်တောင်မခွဲချင်ပါဘူးကွယ်၊ ဖြစ်လို့သာသွားရမှာ၊ ဪ… ဒါထက် အစ်ကိုမန္တလေးကပြန်လာရင်

www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါဖို့ ဘာလက်ဆောင်ဝယ်ခဲ့ရမလဲဟင်၊ မဖဲဝါကို လိုတာရှိရင်မှာလိုက်လေ"

မောင်လှဝေက စိတ်ပါလက်ပါပြောလိုက်သော်လည်း မဖဲဝါက စကားပြန်မပေးသောကြောင့်

"ဪ သိပြီ.... သိပြီ၊ မဖဲဝါအကြိုက်ဆုံး ဖဲကြိုးအဝါရောင်ကလေးတွေ ဝယ်လာခဲ့မယ်နော်၊ ဟောကြည့် ကလေးမငိုနေပြီ၊ မငိုပါနဲ့ မဖဲဝါရယ်၊ အစ်ကိုအမြန်ဆုံးပြန်လာခဲ့ပါ့မယ် ကတိနော်"

ခေါင်းကလေးငုံ့ကာ ရှိုက်နေသော မဖဲဝါကို မောင်လှဝေက ချော့သည်။ သည်လိုနှင့် မောင်လှဝေမန္တလေးဘက်သို့သွားသောနေ့တွင် မဖဲဝါ၊ မခင်စိန်နှင့်အောင်မောင်းတို့မှာ ရွာထိပ်အထိလိုက်ပို့ခဲ့ကြသည်။ မဖဲဝါက လက်ကလေးဝှေ့ကာ ဝှေ့ကာနှင့် မောင်လှဝေကို နှုတ်ဆက်ပြီး ကျန်ရစ်သည်။ သူ့မျက်စိအောက်မှ မောင်လှဝေပျောက်သွားသည်အထိ ငေးကြည့်နေလေ၏။

"ကဲ ပြန်ကြစို့... မဖဲဝါ၊ ကိုလှဝေလဲ အဝေးကြီးရောက်သွားရောပေါ့"

မခင်စိန်က မဖဲဝါကို ချော့မော့ပြောသည်။ မဖဲဝါက ရွာထဲသို့ မဝင်ချင် ဝင်ချင်ဖြင့် မခင်စိန်ဆွဲခေါ်ရာနောက်သို့ လိုက်ပါပြီး ရွာထဲသို့ ဝင်လာခဲ့သည်။ နောက်နေ့များတွင်လည်း မောင်လှဝေ ပြန်လာနိုးနိုးဖြင့် ရွာထိပ်မှစောင့်ကြို့နေလေ့ရှိသည်။ မောင်လှဝေ မန္တလေးသို့ထွက်သွားပြီး သုံးရက်မြောက်သောနေ့တွင် အအေးမိပြီး မဖဲဝါဖျားလေ၏။ မဖဲဝါ၏ ဖခင်ဦးဝေလာမှာ သမီးကလေးမဖဲဝါအား ပလိပ်ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီ အထင်နှင့်ဆေးဆရာပင့်သည်။ သို့သော် မဖဲဝါ၏ရောဂါမှာ ထိပ်ရောဂါမဟုတ်ဘဲ အူရောင်ငန်းဖျားရောဂါဖြစ်သည်ကို ထိုစဉ်က ကျန်းမာရေးဗဟုသုတ နည်းပါးသောကြောင့်မသိကြပေ။ အဖျားက ကျေသည့်အပြင် တစ်နေ့တစ်ခြားအပူကြီးကာ လက်ဖဝါးများမှာမီးလို ပူနေလေ၏။ ဝမ်းဗိုက်တစ်ခုလုံးမှာလည်း ပူပြီးဘာစားစား ဝမ်းထဲသို့ ကျသွားသမျှသော အစားအစာတို့ကို ဘယ်နေရာရောက်နေပြီဟု သိရ လောက်အောင်ပင် ခံစားရလေသည်။ အစာဝင်သည်နှင့် အဖျားကလည်း တက်လာပြီး ဝမ်းသွားလျှင် ရှားစေးရောင်ညိုပုပ်ပုပ်များ သွားလေ၏။ ဆေးဆရာက ဆေးပူများကိုတိုက်သောကြောင့် ရောင်နေသောအူများမှာ ခြဲနေရာမှ ပေါက်ပြဲကုန်ပြီး မခံမရပ်နိုင်အောင်ပင် အောင့်လာကာ ဝမ်းသွားသည့်အခါ သွေးများပါလာသည်။ ထို့ကြောင့်ခန္ဓာကိုယ်ထဲတွင် သွေးဆိပ်ဖြစ်ကာ မဖဲဝါတစ်ယောက် အသက်ဆုံးရရှာလေသည်။ ဦးဝေလာမှာ လူးလိမ့်ငိုယိုရင်း အရူးတစ်ပိုင်းဖြစ်တော့သည်။ တစ်ရွာလုံး မှ ရွာသူရွာသားများမှာလည်း မဖဲဝါအတွက်ဖြေမဆည်နိုင်ဖြစ်ကြကာ ဝမ်းနည်းကြေကွဲလေသည်။ နောက်ဆုံးတော့ ရွာသစ်သုသာန်သစ်တွင် ပထမဆုံးမြေချသင်္ဂြိုလ်ရသောသူမှာ မဖဲဝါဖြစ်လာလေတော့သည်။

"လှဝေပြန်ရောက်လာရင် ငါဘယ်လိုပြောရပါ့မလဲ ခင်စိန်ရာ"

အောင်မောင်းက ငိုသံပါကြီးနှင့် ခင်စိန်ကိုပြောလိုက်သည်။

"အင်း ကျွန်မလဲ ကိုလှဝေကို ရင်မဆိုင်ရဲဘူးတော်"

www.burmeseclassic.com

www.burmeseclassic.com



ခင်စိန်ကလည်း ရင်နင့်နင့်နှင့်ဆိုသည်။ မဖဲဝါအား မြေမှုန့် သကြိုလ်ပြီး သုံးရက်မြောက်တွင် မောင်လှဝေ မန္တလေးမှ ပြန်လာသည်။ ရွာနားနီးလာသည်နှင့်အမျှ စိတ်လှုပ်ရှားမှုကလေးများ ပိုလာက လွယ်အိတ်ထဲမှ အထုပ်ကလေးကို လက်နှင့်စမ်းမိသည်။ အထုပ်ကလေးထဲတွင်ကား မဖဲဝါအတွက် မန္တလေးမှဝယ်လာသော ဖဲကြိုးဝါအလိပ်ကလေးကို ထည့်ထားသည်။ ရွာထိပ်တွင် မဖဲဝါနှင့်တွေ့ ပါက ချစ်သူကို ချစ်သက်လက်ဆောင်အဖြစ်ပေးမည်ဟု ကြံရွယ်ထားခဲ့ သည်။ ဒါတင်မက မန္တလေး၌အိမ်ရောင်းခဲ့ပြီး၍ ငွေရလာခဲ့ကြောင်း အသိပေးပြီး ဝမ်းသာစေမည်။ ပြီးတော့လူကြီးစုံရာနှင့် လာတောင်းမည် ဟု ကြေငြာမည်။ အတွေးများတစ်သီတစ်တန်းကြီးနှင့် လှမ်းလာနေသူ မောင်လှဝေက ရွာဦးထိပ်ကို လှမ်းကြည့်လိုက်သည်။

"ဟာ မဖဲဝါ ငါ့ကိုလာကြိုနေတယ်"

ခပ်ရေးရေးမြင်လိုက်ရသော မဖဲဝါ၏အသွင်သဏ္ဌာန်ကြောင့် မောင်လှဝေမပြေးရုံတစ်မယ် ခပ်သွက်သွက် လှမ်းလာခဲ့သည်။ ရွာထိပ် နှင့်နီးလာသောအခါ မဖဲဝါရပ်နေသောနေရာဆီသို့ မောင်လှဝေလှမ်း ကြည့်လိုက်မိပြန်သည်။ စောစောက ခပ်လှမ်းလှမ်းမှ လှမ်းမြင်လိုက် ရသောသဏ္ဌာန်မှာ ပျောက်ခြင်းမလှပျောက်သွားခဲ့လေပြီ။

"ငါလာတာမြင်လို့ ငါ့ကိုတမင်စပြီး ပုန်းနေတာ ဖြစ်မယ်"

မောင်လှဝေက ထိုသို့တွေးပြီး ဆက်လျှောက်လာခဲ့သော်လည်း ရွာထိပ်ရောက်သည့်အခါ မဖဲဝါကို လုံးဝမမြင်ရတော့ပေ။ အနီးအနား

www.burmeseclassic.com

www.burmeseclassic.com



ခွင်လည်း လူတစ်ယောက် ပုန်းစရာကွယ်စရာ မရှိသဖြင့် အံ့ဩသွား
ပြီသည်။

"ငါပဲ အမြင်မှားတာလား၊ သူ့အိမ်မှာ အလုပ်များနေလို့
ဒါမှမဟုတ် ငါပြန်လာမယ့်ရက် မသိလို့ လာမကြိုတာလဲ ဖြစ်ချင်ဖြစ်
မှာပေါ့"

ထိုစဉ်ရွာထဲမှ လူတစ်ယောက်ထွက်လာသည်ကို တွေ့ရ
သဖြင့် မောင်လှဝေက ထိုလူနှင့်မျက်နှာချင်းဆိုင်ကာ လျှောက်လာခဲ့
သည်။

"ဟာ... လှဝေ မင်းပြန်လာပြီလား"

"အေးကွ အောင်မောင်း၊ မဖဲဝါကော တွေ့မိသေးလား၊
သူရွာထဲမှာ ဘာလုပ်နေလဲ"

အောင်မောင်းနှင့်ပက်ပင်း တိုးမိသောအခါ လှဝေက မဖဲဝါကို
အမောတကော မေးလိုက်မိသည်။

အောင်မောင်းက လှဝေကိုကြည့်ပြီး မဖဲဝါအကြောင်းမပြော
တော့ဘဲ ဖုံးဖိကာ....

"လာကွာ အိမ်ရောက်လို့ အမောအပန်းပြေတော့မှ ပြောကြ
တာပေါ့"

မောင်လှဝေ၏ လက်ကိုဆွဲကာ ရွာထဲသို့ခေါ်လာခဲ့တော့သည်။
အိမ်ရောက်ပြီး အမောပြေလောက်သောအခါ အောင်မောင်းက မဖဲဝါ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ဖြစ်ကြောင်းကုန်စင်အောင် မောင်လှဝေအားပြော လိုက်တော့သည်။

"မဖဲဝါရဲ့ ကုသိုလ်ကံက ဆိုးပါတယ်ကွာ"

အောင်မောင်းက စကားလက်စသတ်လိုက်သောအခါ မောင် လှဝေ ခမျာချုံးပွဲချ၍ ငိုပဲလေတော့သည်။

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ အစ်ကို ဘယ်လိုဖြေရပ မလဲ ဟာင်၊ ဒီဖဲကြိုးဝါတွေ အစ်ကို ညီမကို ဘယ်လိုပေးရပါ့မလဲ"

မဖဲဝါမြှုပ်နှံထားသည့် သင်္ချိုင်းသို့ချက်ခြင်းထသွားမည် လုပ်သဖြင့် အောင်မောင်းကအတင်းဆွဲရလေသည်။

"သွားချင်လဲ မနက်ဖြန်မှသွားကွာ၊ ခုတော့ မိုးချုပ်လုပြီ အေးအေးဆေးဆေး နားနေလိုက်ဦး"

အားလုံးကလည်း ဝိုင်းတားကြသဖြင့် မောင်လှဝေမှာ လက်လျှော့လိုက်ရတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



# သချိုင်းစောင့်ဆိုတာ

နောက်တစ်နေ့ နံနက်မိုးလင်း၍ နေရောင်ပြသည်နှင့် မောင်လှဝေက ဖဲကြိုးထုပ်ကလေးကို လက်မှကိုင်ကာ သင်္ချိုင်းသို့ ထွက်လာခဲ့သည်။ အောင်မောင်း၊ မခင်စိန်နှင့်မယ်ငွေညွန့်တို့က အဖော်အဖြစ်လိုက်ပါလာခဲ့ကြသည်။ သင်္ချိုင်းသို့ရောက်သည်နှင့် တစ်ခုတည်းသောမြေပုံသစ်ကလေးနှင့် မှတ်တိုင်ကလေးကို မောင်လှဝေတွေ့လိုက်ရသည်။ မှတ်တိုင်တွင် ရေးထားသည်က မဖဲဝါ အသက်(၁၉) နှစ်ဟူ၍ ဖြစ်သည်။

"မဖဲဝါ.... အစ်ကိုပြန်လာပြီလေ၊ ညီမဖို့ဖဲကြိုးတွေ အစ်ကိုဝယ်ခဲ့တယ်၊ ညီမကို တောင်းရမ်းယူဖို့ ပိုက်ဆံတွေလဲပါလာတယ်၊ ခုတော့ အစ်ကို့ကို ညီမပစ်သွားခဲ့ပြီပေါ့ ဟင်.... မဖဲဝါရယ်"

မောင်လှဝေက ဖဲကြိုးဝါကလေးများကို မှတ်တိုင်တွင်ချိတ်ဆွဲကာ ငိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်လျှော့ပါ ကိုလှဝေရယ်၊ မဖဲဝါလည်း ဘယ်ဘုံဘဝ ရောက်နေပြီမှမသိတာ၊ သူ့အတွက် ကောင်းရာမွန်ရာရောက်အောင် ကောင်းမှု ကုသိုလ်လုပ်ပေးကြရမယ် မဟုတ်လား"

မခင်စိန်က ဖြောင့်ဖျသည်။

"ဟုတ်တယ် ကိုလှဝေရဲ့၊ သေသူအတွက် ကောင်းမှုမပြုပဲ မျက်ရည်ကျရင် သူတို့ရောက်ရာဘဝမှာ ပူလောင်သတဲ့၊ သတိနဲ့စိတ်ကိုထိန်းပြီး သူ့အတွက်အလှူအတန်းလုပ်ပေးရအောင်ပါ"

မယ်ငွေညွန့်က မောင်လှဝေကို မကြည့်ရက်သဖြင့် နှစ်သိမ့်ပေးသည်။ အောင်မောင်းကတော့ မောင်လှဝေကို ဖေးမကာ ကိုင်တွယ်ပေးထားသည်။

"အေး… မင်းတို့ဘာပဲပြောပြော သည်အချိန်မှာ ငါ့သောက တွေပြေပျောက်မှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် မဖဲဝါအတွက်ကောင်းမှု ကုသိုလ်ပြုပေးရမှာဆိုတော့ ငါမမေ့ပါဘူး၊ ဒါနဲ့သူ့အဖေ ဦးဝေလာ ကြီးကော အတော်စိတ်ထိခိုက်မှာပဲ"

မောင်လှဝေက ပြောလိုက်သည်။

"စိတ်ထိခိုက်တာပေါ့ သူငယ်ချင်းရာ၊ လူ့ဘဝကိုစွန့်ပြီး ရွာဦးကျောင်းမှာ ဘုန်းကြီးဝတ်သွားပြီ၊ သေသည်အထိ ပြန်မထွက်တော့ဘူးတဲ့၊ ကဲ… ပြန်ကြပါစို့ကွာ"

အောင်မောင်းက ပြောဆိုပြီး မောင်လှဝေကို အတင်းဖေးကာ သင်္ချိုင်းထဲမှထွက်လာခဲ့သည်။ ထိုနေ့မှစ၍ မောင်လှဝေမှာ နိစ္စဓူဝလိုပင် မြေပုံကလေးရှိရာသို့လာပြီး လွမ်းဆွတ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ မောင်လှဝေအဖြစ်က ကြေကွဲစရာပါ၊ တို့များလဲ ဘာမှမကူနိုင်ဘူး၊ ဖြေပါကွာ၊ လူဆိုတာ သေမျိုးပဲ လူတိုင်း လူတိုင်း တစ်နေ့တော့ သေကြရမှာပဲကွ"

ဦးဘိုးလူက သူ့အိမ်သို့ရောက်လာသော မောင်လှဝေ၊ အောင်မောင်း၊ မယ်ငွေညွန့်နှင့်မခင်စိန်တို့ကို ပြောလိုက်ခြင်းဖြစ်သည်။

"ဒါနဲ့ ကျွန်မသူငယ်ချင်း ဘယ်ဘုံဘဝရောက်နေတယ်ဆိုတာ သိချင်လိုက်တာ ဦးလေးရယ်"

မယ်ငွေညွန့်က သူ့ဆန္ဒကို ဖွင့်ဟလာသည်။

"တို့များ မိဘဘိုးဘွားတွေရဲ့ ဆိုစကားကတော့"

ဦးဘိုးလူကစကားကိုဆက်မပြောသေးပဲ မောင်လှဝေ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ ပြီးမှ....

"ငါပြောမယ့်စကားကိုကြားရင် စိတ်ဆိုးမှာလား မောင်လှဝေ" ဟုပြောလိုက်ရာ....

"ဘာစိတ်ဆိုးစရာရှိလို့လဲ ဦးလေးရ၊ ရှေးလူကြီးသူမတွေရဲ့ စကားဆို၊ ပြီးတော့ ဦးလေးရဲ့စိတ်ရင်းလဲ ကျွန်တော်သိနေတာပဲ" မောင်လှဝေက ပြန်ပြောလိုက်လေ၏။

"မိဘဘိုးဘွားတွေကတော့ ရွာတစ်ရွာမှာ ရွာကလဲအသစ် သင်္ချိုင်းကလဲ လူမသေသေးလို့ မြေပုံမရှိ မှတ်တိုင်မရှိတဲ့ သင်္ချိုင်းအသစ် အဲဒီမှာစပြီး မြှုပ်နှံတဲ့သူဟာ မကျွတ်မလွတ်လို့ ပြိတ္တာဘဝကိုရောက် သွားခဲ့မယ်ဆိုရင် သင်္ချိုင်းစောင့်ဖြစ်သတဲ့ မောင်"

www.burmeseclassic.com

www.burmeseclassic.com



"သင်္ချိုင်းစောင့်ဆိုတာ စန္ဒာလသုဘရာဇာ ပြောတာမဟုတ်ဘူးလား ဦးလေးရ"

အောင်မောင်းက မရှင်းသဖြင့် မေးလိုက်ပြန်သည်။

"အဲဒါက သက်ရှိထင်ရှားလူ့ဘဝနဲ့ သင်္ချိုင်းမှာလာမြှုပ်တဲ့ လူသေတွေကို ကူညီတွင်းတူး မြှုပ်နှံပေးတဲ့ လူကွ၊ ခုဟာက လူ့ဘဝကနေပြီးတော့ဘဝကို ကူးသွားတဲ့ သူကိုပြောတာ၊ တို့များကျေးရွာမှာ အုပ်ချုပ်တဲ့သူကြီးလိုပေါ့ကွာ၊ ဒီသင်္ချိုင်းမှာ သူဟာပထမဆုံးမြှုပ်တဲ့သူဆိုတော့ နောက်ထပ်သေတဲ့ သူတွေထက်ဝါရင့်ပြီး ဒီသင်္ချိုင်းမှာ ဝါအကြီးဆုံးပုဂ္ဂိုလ်ဖြစ်တဲ့သူကို သင်္ချိုင်းစောင့်လို့ခေါ်ကြတာပဲ"

"မဖဲဝါက အသက်(၁၉) နှစ်ပဲ ရှိသေးတာ၊ နောက်ထပ်မပြောကောင်း မဆိုကောင်း သေလို့ထပ်မြှုပ်မယ့်လူက ခြောက်ဆယ်၊ ခုနစ်ဆယ်ဆိုရင်ကော ဟင်... ဦးလေး"

မခင်စိန်က မေးပြန်၏။

"ဒီဘဝက အသက်နဲ့နောက်ဘဝနဲ့က မဆိုင်တော့ဘူးကွ၊ နောက်ဘဝမှ အရင်ရောက်တဲ့သူက နောက်ရောက်တဲ့သူထက် ဝါပိုကြီးတာပေါ့၊ ဒါတင်မက နောက်ထပ်နောက်ထပ် သေဆုံးသူမှန်သမျှကို သင်္ချိုင်းစောင့်က အကုန်သိနေသလို အားလုံးကိုလည်း သူပဲအုပ်ချုပ်ရတယ်"

"အင်း ဒါဆို မဖဲဝါသာ မကျွတ်လွတ်ရင် ဒီသင်္ချိုင်းမှာ မဖဲဝါက သင်္ချိုင်းစောင့်ပေါ့နော်"

"မှန်တာပေါ့ မောင်လှဝေ၊ ဘယ်အရပ် ဘယ်ဒေသမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် သုံသာနအသစ်ပေါ်လာရင်စဖြီး မြှုပ်နှံသင်္ဂြိုလ်တဲ့လူဟာ သင်္ချိုင်းစောင့်ပဲ၊ ဦးဖြူကိုစပြီးသင်္ဂြိုလ်ရင် ဦးဖြူဟာသင်္ချိုင်းစောင့်ဖြစ်မှာပဲ၊ သုသာန်တစ်ခုက သင်္ချိုင်းစောင့်တော့ မဟုတ်ဘူး၊ သူ့သင်္ချိုင်းနဲ့သူ သင်္ချိုင်းစောင့်တွေ အသီးသီးရှိကြလေရဲ့"

"သိပါဘူး ဦးလေးရာ၊ ကျွန်တော်က သင်္ချိုင်းစောင့်ဆိုတာနဲ့ တစ်ပြည်လုံးနဲ့ဆိုင်တယ်မှတ်နေတာ"

အောင်မောင်းကခုမှပင် သဲသဲကွဲကွဲ သိရှိသွားလေတော့သည်။

"အင်း… ပလိပ်ရောဂါဘေးက ဝေးအောင်ပြေးခဲ့ကြပြီးတဲ့နောက်ရွာအသစ်တည်ခဲ့ကြပြီး ရွာအသစ်မှာ မောင်လှဝေတို့ရဲ့ မင်္ဂလာပွဲကလေးတွေ့ရပြီလို့ ဦးလေးမျှော်လင့်ထားခဲ့တာ၊ အခုတော့မလွဲရှောင်သာတဲ့ ကံကြမ္မာဆိုးကြောင့် မင်းတို့သေကွဲ ကွဲခဲ့ကြတာကို ဦးလေးရင်နာလို့ မဆုံးပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် မဖဲဝါကို မင်းတကယ်ချစ်တယ်ဆိုရင် အလှူအတန်းလုပ် အမျှအတန်းဝေဖို့ သတိရှိပါကွာ"

ဦးဘိုးလူက မောင်လှဝေကို စိတ်မကောင်းစွာဖြင့် ကြည့်၍ပြောလေ၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## အောက်လမ်းဆရာနှင့် သချိုင်းစောင့်မဖဲဝါ

ကံသစ်ပေါ်ရွာကလေးသည် ရွာသက်ရလာသည်နှင့်အမျှအရိပ် ကောင်းသော ကုက္ကိုလ်ပင်ကြီးများ၊ ထန်းပင်၊ ထနောင်းပင်၊ မန်ကျည်း ပင်စသည့် အပင်ကြီးများနှင့် ဝေဝေဆာဆာ ဖြစ်လာလေသည်။ သချိုင်း ကုန်းရှိ ကုက္ကိုလ်ပင်၊ မန်းကျည်ပင်ကြီးများမှာလည်း အရိပ်အာဝါသ ကောင်းလွန်းသဖြင့် နွားကျောင်းသား၊ ဆိတ်ကျောင်းသားတို့၏စတည်း ချရာနေရာဖြစ်လာသည်။ သချိုင်းမြေပုံနှင့် မှတ်တိုင်ကလေးများမှာ လည်းယခင်ကဲ့သို့ မဖဲဝါ၏မြေပုံတစ်ခုတည်းသာ မဟုတ်တော့ဘဲ အတော်အတန်ပင် များပြားလာခဲ့ပြီ။ မောင်လှဝေမှာမဖဲဝါနှင့်ရေစက်မ ဆုံသဖြင့် မိမိ၏ဘဝကို တစ်ကိုယ်တည်းလူပျိုကြီး ဘဝဖြင့်နေထိုင်လာ ခဲ့ရာ လူငယ်ဘဝမှ လူလတ်ပိုင်းသို့ပင် ရောက်ရှိလာခဲ့သည်။ ကိုလှဝေ အဖြစ်မှ တစ်ချို့သည် ရွာရောက်ပြီး မွေးဖွားလာသူများက ဦးလှဝေဟု ပင် တလေးတစားခေါ်ဝေါ်နေကြပေပြီ။ တစ်နေ့ရွာအပြင်ဘက်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



ရှာအနောက်ပိုင်းသချိုင်းဆီသို့ ဦးတည်ကာ လူနှစ်ယောက်လျှောက်လာနေသည်ကို သတိထားကြည့်မိမည်ဆိုပါက တွေ့နိုင်မည်ဖြစ်သည်။ တစ်ယောက်က လွယ်အိတ်တစ်လုံးကို ဘယ်ဘက်ပခုံးထက်တွင်တင်ထားပြီး ခေါင်းပေါ်တွင် သျှောင်တစ်စောင်းကို ပုဝါတစ်ထည်ပေါင်းထားလေသည်။ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိမည်ဖြစ်၍ ထက်ခုံ၊ လက်ခွ၊ နဖူး၊ ကုတ်ပိုး၊ လက်မောင်း စသည်တို့တွင် အင်းကွက်များ စမများနှင့်ဘီလူးခေါင်း၊ ဂဝံရုပ်စသည့် ဆေးမင်ကြောင်များကို ထိုးထားသည် ကျွန်တစ်ယောက်မှာ လူငယ်ဖြစ်ပြီး အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ခန့်သာရှိပေလိမ့်ဦးမည်။ ထိုသူ၌လည်း သျှောင်တစ်စောင်းနှင့်ပုဝါပေါင်းထားသည့် လူလောက်မများလှသော်သည်း ကုတ်ပိုး၊ နဖူးစပ် လက်ဖျံစသည်တို့တွင် ဆေးမင်ရည်စုပ်ထိုးချက်များဖြင့် ပြည့်နှက်နေလေသည်။

"ဆရာတောက် ဒီရွာမှာ ကျွန်တော်တို့ နားကြဦးမှာလား"

လူငယ်က သျှောင်တစ်စောင်းနှင့်လူကို မေးလိုက်သည်။ ရှေ့က သွားနေသော ဆရာတောက်ဆိုသူက သမင်လည်ပြန်နောက်သို့ လှည့်ကြည့်လိုက်ပြီးနောက်

"ဒါပေါ့ကွ··· နားရမှာပေါ့၊ တို့မှာရိက္ခာလဲပြတ်၊ ငွေလဲပြတ်ပြီမဟုတ်လား၊ ဒီမှာငွေလေးကြေးလေးရှာဖွေရဦးမှာပေါ့"

"စားစရာကတော့ ရွာထဲဝင်ပြီး အကျိုးအကြောင်းကလေးများပြောလိုက်ရင် တစ်ဝမ်းတစ်ခါးတော့ ငတ်စရာမရှိပေါင်ဗျာ"

"မင်းနှယ်ကွယ်၊ ငါ့တပည့်လုပ်လာတာပဲ သုံးမိုးသုံးမိုးရှိပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အခုတို့ခရီးသွားနေကြတာ အပျော်မှမဟုတ်ဘဲ၊ ရွာစဉ်လှည့်ပြီးရွေ ရှာရမယ်၊ မန္တလေးတက်ပြီး ဆေးစီရင်ရစရာပစ္စည်းဝယ်မယ်၊ ဒီအတွက် ထွက်လာကြတာမဟုတ်လား၊ ထမင်းတစ်ဝမ်းအတွက်ကတော့ ဘယ် ဘုန်းကြီးကျောင်းဝင်ဝင် မငတ်ပါဘူးကွယ်"

ဆရာတောက်က ခပ်ငေါက်ငေါက်ကလေး ပြောလိုက်သော ကြောင့် လူငယ်ခမြာ ဆရာတောက်ကို ခပ်ရွံ့ရွံ့ကလေးဖြစ်သွားပါတော့ သည်။ သို့နှင့်နှစ်ဦးသားမှာ သင်္ချိုင်းကုန်းထဲသို့ ရောက်လာကြလေ၏။

ဆရာတောက်က သင်္ချိုင်းမြေပုံများကို လိုက်လံကြည့်ရှုကာ တစ်ခုသော မြေပုံအနီးသို့ ရောက်သောအခါ နွားများကိုလွှတ်၍ မန်ကျည်းပင်ရိပ်တွင်ထိုင်နေသော နွားကျောင်းသားတစ်ယောက်ကိုလှမ်း ခေါ်၍

"ဟေ့ သူငယ် ဒီမှာမီးသင်္ဂြိုလ်ထားတဲ့ ပြာတွေက ဘယ်သူ လဲကွဲ့၊ ဘာရောဂါနဲ့ ဆုံးသတုန်း"

ဟုမေးလိုက်သည်။ နွားကျောင်းသားကလေးက ဆရာတောက်ကိုလှမ်း ကြည့်ပြီး....

"အင်း... ကုဋ္ဌနူနာနဲ့သေတဲ့သူမို့ မီးသင်္ဂြိုလ်ထားတာဗျ၊ သူ့နာမည်က တာတွတ်တဲ့၊ ရွာပြင်မှာနေရတဲ့သူပေါ့ဗျာ၊ ဒါနဲ့ဘကြီး ကို ကျုပ်တစ်ခါမှ မတွေ့ဖူးပေါင် ဘယ်ရွာသားလဲဗျ"

နွားကျောင်းသားကလေးက ပြန်မေးလိုက်သည်။

"တို့က ခရီးသွားတွေပါကွာ၊ ဒီရွာမှာ တစ်ညနှစ်ညနားမ လားလို့၊ ပြီးတော့ မင်းတို့ရွာထဲမှာ ရောဂါသည်တွေရှိရင်လဲ ဆေးကု ရတာပေါ့၊ တို့က ဆေးဆရာတွေလေ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတောက်က ပြောလိုက်သောအခါ…

"အခုတော့ ရောဂါဖြစ်တဲ့သူရှိတယ်လို့ ရွာထဲမှာမကြားမိသေးပါဘူး ဒါနဲ့ ဘကြီးက ဘယ်အိမ်မှာတည်းမှာလဲ"

တည်းစရာအသိအိမ်မရှိပါဘူးကွာ၊ ဇရပ်မှာပဲ တည်းရတော့မှာပေါ့။

"ဒါဖြင့် ကျုပ်အိမ်လိုက်ခဲ့ပါ၊ ခရီးသွားကို ထမင်းသုံးလေးနပ်ကျွေးရတာ ကျုပ်တို့အဖို့ အပန်းမကြီးပါဘူးဗျာ"

နွားကျောင်းသားကလေးက ဆိုလိုက်သည်။

"ဒါဆိုဟန်ကျတာပေါ့၊ မင်းနွားကျောင်းပြီး အိမ်ပြန်ရင်လိုက်ခဲ့ပါ့မယ်၊ ခုတော့ လွတ်လွတ်လပ်လပ်သာ ဥဩယံဇရပ်ကြီးပေါ်မှာတို့ပိုးလို့ပက်လက်လှန်လိုက်ဦးမယ်ကွာ၊ ဒါနဲ့ သူငယ်နာမည်က"

ဆရာတောက်က နွားကျောင်းသားလေး၏နာမည်ကို မေးလိုက်သည်။

"အောင်သာ…. ဗျ"

အောင်သာက ပြောဆိုပြီး ကွင်းဘက်ထွက်သွားသော နွားတစ်ကောင်၏ အနောက်သို့ထလိုက်သွားလေ၏။ ဆရာတောက်က သူ့တပည့်ဖြစ်သူ လူငယ်ဘက်သို့လှည့်ကာ….

"မောင်ကျော် ဒီကိုလာစမ်း၊ ဒီမှာတွေ့လား၊ မီးသဂြိုလ်ထားတဲ့ ပြာတွေနဲ့ တံစူးဝါး၊ အစအနတွေ၊ အဲဒီအထဲက မီးတစ်ပိုင်းကျွမ်းထားတဲ့ အစတစ်ခုလောက်ကောက်ထား၊ ညနေအောင်သာနဲ့ရွာထဲလိုက်သွားရင် ဒါကိုအသုံးချရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတောက်က ထိုသို့ပြောပြီးနှုတ်မှလည်း တဖွဖွရွတ်နေလေတော့သည်။ မောင်ကျော်က သူ့ဆရာဘာတွေရွတ်နေမှန်း မသိသော်လည်း တစ်ခါက တစုးဝါးနှင့်ပြဿနာတစ်ခုကို ရှင်းပေးခဲ့ပုံကို တမြုံမြုံပြန်သတိရလာသည်။ ထိုပြဿနာမှာ တစ်နေ့ကို ဝင်းကြည်ဆိုသော မန္တလေးမြို့မှ လူတစ်ယောက် ဆရာတောက်နေထိုင်သော ထုံးဖိုရွာသို့ ပေါက်ချလာခဲ့သည်။

* * *

"ဆရာကျွန်တော် အိမ်ငှားတင်ထားတာ ကျွန်တော့်အိမ်ရောင်းဖို့ အိမ်ပေါ်ကဆင်းခိုင်းတော့ ဆင်းမပေးဘဲ ပေကပ်နေတယ်ဆရာ ပြီးတော့ ဘာကြောင့်မှန်းလဲမသိဘူး၊ အဲဒီအိမ်ငှားတွေရဲ့မျက်နှာကိုလဲ စေ့စေ့မကြည့်ရဲဖြစ်နေတယ်၊ အဲဒါဆရာလုပ်ပေးနိုင်ရင် လုပ်ပေးပါ"

ထိုသို့ ပြောသောအခါ ဆရာတောက်က...

"ခင်ဗျား အဲဒီအိမ်ငှားတွေကို သေအောင်လုပ်မှာလား၊ ဒါမှမဟုတ် အိမ်ပေါ်က ဆင်းသွားရုံပဲလား"

ဟုမေးလိုက်သည်။

"သေအောင်တော့ မလုပ်ချင်ပါဘူးဆရာ၊ အိမ်ပေါ်ကဆင်းသွားရင်တော်ပါပြီ"

ဆရာတောက်က မောင်ကျော်ကို အဖော်ခေါ်၍ မန္တလေးသို့ ကိုဝင်းကြည်နှင့်အတူ လိုက်လာခဲ့သည်။ ကိုဝင်းကြည်တို့နေထိုင်သော ရပ်ကွက်သို့ ရောက်သောအခါ အိမ်ကိုတန်းမသွားဘဲ သင်္ချိုင်းရှိရာသို့ လိုက်ပို့ခိုင်းလိုက်သည်။ သင်္ချိုင်းသို့ရောက်သောအခါ မီးသင်္ဂြိုလ်ထား

www.burmeseclassic.com

www.burmeseclassic.com



သာနေရာမှ တံစူးဝါးတစ်စကိုယူသည်။ ထို့နောက် သချိုင်းမြေအနည်း
ယ်ကို ယူလာပြန်သည်။ ကိုဝင်းကြည်အားလည်း ငါးပနော်အကောင်
းသေးလေးငါးကောင်ကို ဈေးမှဝယ်စေပြီး ငါးပနော်၏ပါးစပ်ထဲသို့
ချိုင်းမြေအနည်းငယ်ထည့်ကာပါးစပ်ကို အပ်ချည်နှင့်ချုပ်ပြီး ကန်ထဲ
င်လွှတ်ခိုင်းလိုက်သည်။ ထို့နောက် ကိုဝင်းကြည်၏အိမ်သို့လိုက်လာ
ာ တံစူးဝါးကို အိမ်ရှေ့ပန်းအိုးထဲတွင်ထား၍ အိမ်ပေါ်တက်သည်။
ည(၉)နာရီ (၁၀)နာရီခန့်တွင် ကိုဝင်းကြည်အား တံစူးဝါးကို အသာ
စေပြီး ခြေရင်းဘက်ခန်း အိမ်အောက်တွင် တိုင်၌ကြိုးနှင့်ချည်ကာ
ားစေသည်။

"တစ်လမကြာဘူး… ပြေးလိမ့်မယ်"

ဆရာတောက်က ပြောဆိုပြီး ကိုဝင်းကြည်ပေးသောငွေကို
ကာ ရွာသို့ပြန်သည်။ ရက်ပိုင်းအတွင်းမှာပင် ကိုဝင်းကြည်၏ခြေရင်း
တွင်နေထိုင်ကြသော အိမ်ငှားများမှာ မိသားစုအတွင်းစကားများကာ
ကြသည်။ မနက်မိုးလင်းသည်နှင့် တစ်ယောက်မကျန် အိမ်မှထွက်
 သွားလာနေကြပြီး မိုးချုပ်မှပြန်လာကြသည်။ ကျန်းမာရေးကောင်း
ာ အိမ်ထောင်ဦးစီးယောကျ်ားကြီးမှာ အမည်ဖော်၍မရသော စိတ်
က် မကြည်လင်ခြင်း၊ လုပ်ငန်းအဆင်မပြေခြင်းများ ဖြစ်လာပြီး
တွင်နေထိုင်ချင်စိတ်မရှိဖြစ်လာသည်။ ယခင်က အိမ်ပြောင်းပေးလျှင်
င်းရွှေ့စရိတ်ပေးပါမည်ဟု ကိုဝင်းကြည်က ပြောခဲ့သော်လည်း
င်းမာနေခဲ့သော အိမ်ငှားမိန်းမကြီးက ကိုဝင်းကြည်ထံလာ၍ ပြောင်း
စရိတ်တောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းကြည်က မပေးနိုင်ဟု ခါးခါးသီးသီးငြင်းလိုက်သည်။ ထိုအတောအတွင်း အိမ်ငှားဘက်မှ အိမ်ထောင်ဦးစီးဖြစ်သူ ယောကျ်ား ကြီးမှာ အိမ်ပေါ်မှဆင်းသွားတော့သည်။ မိန်းမဖြစ်သူမှာလည်း မကြာ မှာပင် ထိုအိမ်မှ မည်သူမှမနေနိုင်ရဘဲ ပြောင်းပြေးလေတော့သည်။ ကိုဝင်းကြည်မှာ စိတ်ချမ်းသာသွားသော်လည်း တစ်ညတွင် ပြဿနာ တစ်ခုပေါ်လေ၏။ ကိုဝင်းကြည်၏ညီမဖြစ်သူမှာ ညသန်းကောင်ချိန်တွင် တုန်တုန်ယင်ယင်ဖြင့် အိပ်ရာမှလန့်နိုးလာပြီး အိမ်နောက်ဖေးပေါက်သို့ လက်ညှိုးထိုးကာ လန့်အော်လိုက်သည်။ ထို့နောက် အပမီသလို ဖြစ်လျက် ပြီး...

"နင်က နင်ချည်းပဲစားတယ်၊ ငါ့ကိုအိမ်မှာ နိုင်းထားပြီး ဘာမှမကျွေးဘူး"

ဟုပြောကာ တစ်ကိုယ်လုံးတစ်ဆတ်ဆတ်တုန်နေသည်။ ဘုရားသော် တော်ရေစက်၊ ဂုဏ်တော်များ ရွတ်လိုက်သောအခါ နံနက်လင်းကာ၌ လူကောင်းပကတိ ပြန်ဖြစ်သွားသည်။

"နင်က ဘာတွေစားလို့လဲ"

ဟုဝင်းကြည်၏ မိခင်ဖြစ်သူက သမီးဖြစ်သူကို မေးသောအခါ

"ညနေဘက်က သမီးကြက်သားဟင်းနဲ့ ထမင်းစားပြီးအ တွေ အိမ်နောက်ဖေးဘက် ပစ်မိတာပဲအမေရဲ့၊ ညကျတော့ အိပ်မက် ထဲမှာ ထဘီရင်လျားဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ပေါ်လာ လန့်ပြီး သမီးထအော်မိတာ၊ ပြီးတော့ ဘာတွေဆက်ဖြစ်မှန်း မသိတော့ ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ညစဉ်အချိန်မှန်ပင် ကိုဝင်းကြည်၏ညီမဖြစ်သူမှာလန့်လန့်နိုးပြီး သရဲစီးသလိုဖြစ်သောကြောင့် ကိုဝင်းကြည် ဆရာဆောက်နေထိုင်သည့်ရွာသို့ တစ်ခေါက်ပြေးကာ အကျိုးအကြောင်းပြောဖြစ်ရသည်။ ဆရာတောက်က ကိုဝင်းကြည်၏ အိမ်သို့လိုက်လာပြီး အိမ်ငှားများနေသော ခြေရင်းခန်းအောက်တိုင်တွင် ချည်ထားသည့် တံစူးဝါးကိုယူကာ သချိုင်းကုန်းသို့ ပြန်ပို့ပေးလိုက်သောအခါ သရဲပူးသော ကိုဝင်းကြည်၏ ညီမဖြစ်သူမှာ ထိုညမှစ၍ ဘာမှမဖြစ်တော့ပေ။ ဒါကို နှမောင်ကျော်က သတိရပြီး ဆရာတောက်ပေးသော တံစူးဝါးကလေးကို ကျစ်ကျစ်ပါအောင် လက်ထဲ၌ ဆုပ်ထားလိုက်လေသည်။

* * *

"ကဲ... လာ... ဘကြီး ကျွန်တော့်အိမ်ကိုလိုက်ခဲ့"

နွားကျောင်းသားကလေးက နွားသိမ်းရင် ဆရာတောက်တို့ကို ခေါ်လာခဲ့သည်။ ဆရာတောက်က နွားကျောင်းသားလေး၏ နောက်မှ လိုက်ပါလာရင် ရွာထဲရှိ မအုံးမြဆိုသော မိန်းမကြီး၏ အိမ်ရှေ့ခြံစည်းရိုးတိုင်ကြားတွင် တံစူးဝါးစကလေးကို အမှတ်တမဲ့ ညှပ်ထားခဲ့လေသည်။ သာအောင်က ဆရာတောက်တို့ကို ပျူပျူငှာငှာပင် အိမ်ထဲသို့ခေါ်ချလာပြီး မိဘများနှင့်မိတ်ဆက်ပေးသည်။ ရေမိုးသုတ်သင်စေပြီး ညစာ ထမင်းကျွေးသည်။

"ညှို့သည်ဆိုတော့ ညှို့ဝတ်ပြုရတာ မပြည့်စုံမှာတောင် စိုးမိပါသဗျာ၊ အားမနာနဲ့နော် ကိုယ့်အိမ်လိုပဲစား၊ ကိုယ့်အိမ်လိုပဲနေပါ"

သာအောင့်အဖေက အားနာမည်စိုးသဖြင့် စကားခင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတောက်တို့ စားသောက်ပြီးစီး၍ အိမ်ရှေ့တွင် ကွပ်ပျစ်တွင်ထိုင်ကာ ရောက်တတ်ရာရာ စကားပြောနေခိုက် ဆူဆူညံညံအသံများကို ကြားရသည်။

"မအုံးမြတစ်ယောက် အောင့်လို့တဲ့တော်၊ အရေးထဲဆေးဆရာကလဲတစ်ခြားရွာသွား ပင့်ရမှာ၊ သာအောင်ရေ… ဟေ့… မောင်သာအောင် မင်းတို့လှည်းဆရာပင့်ဖို့ လိုက်ခဲ့ပါလားကွယ်"

လူတစ်စုက သာအောင်တို့အိမ်ရှေ့သို့ရောက်လာပြီး လှည်းငှားသည်။

"ဘာဖြစ်လို့လဲ ဗိုက်အောင့်လို့ ဟုတ်လား၊ ဟာ… ဒါဆိုကျုပ်တို့အိမ်မှာ ခရီးသွားဆေးဆရာတစ်ယောက် တည်းနေတယ်၊ ပင့်သွားကြည့်ပါလား"

သာအောင်က ပြန်ပြောလိုက်သည်။

"ဟာ… ဒါဆိုလဲ အချိန်ကုန်သက်သာသွားတာပေါ့၊ ဆရာဒေါ်အုံးမြအိမ်ကိုကြွပြီး လူနာကိုကြည့်ပေးပါလား ခင်ဗျာ"

ရွာသားများက အားကိုးတကြီး ဆိုလာသောကြောင့် ဆရာတောက်က လွယ်အိတ်ကောက်လွယ်၍ ခြေလျင်ပင်လိုက်လာခဲ့သည်။ မအုံးမြအိမ်ရောက်တော့ မအုံးမြတစ်ယောက် ညာဘက်နံ့ညှနံ့နားဆီသို့လက်နှစ်ဘက်ဖြင့်ဖိကာ မျက်ရည်ပေါက်ကြီးငယ်ကျသည်အထိအောင့်နေရှာလေ၏။ ဆရာတောက်က အိမ်ပေါ်သို့တက်သွားပြီး သောက်ဆေးခက်တစ်ခွက်တောင်းကာမန်းမှုတ်၍ မအုံးမြကို စိုက်ကြည့်နေလိုက်သေးသည်။ မအုံးမြမှာရေတစ်ခွက်သောက်ပြီးသည်နှင့် ဗိုက်အောင့်သက်သွားပြီး လုံးဝပျောက်ကင်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဆရာ့ကို ဘယ်လောက် ကန်တော့ရမလဲဟင်"

"အင်း… ဘယ်ရွေ့ဘယ်မျှဆိုတာကတော့ ဆရာကဘယ် ပြောလို့ ကောင်းပါ့မလဲ၊ လှူနာက သိတတ်မှပေါ့"

မောင်ကျော်က ဆရာတောက်အားကိုယ်စား ဝင်ပြောလိုက် သည်။ မအုံးမြ၏ယောကျ်ားက သိတတ်စွာပင် ငွေတစ်ဆယ်ထုတ်၍ ဆရာတောက်ကို ကန်တော့သည်။

(မှတ်ချက်။ ။ ထိုခေတ်က ငွေတစ်ဆယ်မှာ အလွန်အသုံးခံသည်။)

ဆရာတောက်တို့ပြန်လာသောအခါ သာအောင်၏အဖေမှာ ဆရာတောက်ကို တွေ့စကထက်ပင် ပို၍လေးစားသွားကာ ညနေ့ဝတ် ကိုပို၍ကျေပွန်လေတော့သည်။ နံနက်မိုးလင်းသည်နှင့် နွားနို့ပူပူ၊ ကောက်ညှင်းပေါင်းပူပူဖြင့် ကျွေးမွေးသည်။ အိမ်တွင်မွေးထားသော ကြက်ကိုချက်၍ နံနက်စာ ညစာကျွေးမွေး ခည့်ခံသည်။ ညနေစာ စားပြီးသောအခါ ဆရာတောက်နှင့်တပည့်ကျော် မောင်ကျော်တို့ရွာ ထဲသို့အညောင်းပြေ အညာပြေလမ်းလျှောက်ဦးမည်ဟုဆိုကာ ထွက်သွား ကြသည်။

"ဟော့… မောင်ကျော် မနေ့ကမအုံးမြအိမ်ရှေ့က ခြံစည်းရိုး မှာ ငါညှပ်ထားခဲ့တဲ့ တံစူးဝါး ပြန်ယူပြီးပလား"

ဆရာဆေးကုနေတုန်း အမှတ်တမဲ့ခြံထဲဆင်းပြီးယူထား ပါတယ်ဆရာရဲ့၊ ဟောဒီမှာ မတွေ့ဘူးလား၊ ဩော်… ဒါထက် ဆရာအရင်တုန်းက တံစူးဝါးနဲ့ကိုဝင်းကြည်တို့အိမ်မှာ လုပ်ခဲ့တာက

www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှားတွေဆင်းပြေးအောင်နော်… အခုဒေါ်အုံးမြကျတော့ ဘယ်…
လုပ်လိုက်တာလဲ…

မောင်ကျော်က တပည့်ပီပီ ဆရာ၏ပညာခန်းကို သိချင်၍မေး…
လိုက်သည်။

"မင်းနဲ့ငါ ဒီရွာရောက်စက သချိုင်းမှာနှုမှာနဲ့သေတဲ့ တာတွေ…
အကြောင်းသာအောင် ပြောလို့ကြားခဲ့ရတယ်မဟုတ်လား"

"အေး… ဒါ့ကြောင့် ငါ့အစွမ်းနဲ့ တံစူးဝါးပိုင်ရှင် တာတွေ…
ကိုခေါ်လာပြီး ခိုင်းခဲ့တာပဲ"

"ဗျာ… ဒါဆို ဒေါ်အုံးမြကြီး မိုက်အောင့်တာ ရိုးရိုးမဟုတ်…
ဘဲ တာတွတ်လုပ်တာပေါ့"

"အေးပေါ့… ရိုးရိုးမိုက်အောင့်ရင် ငါကုလို့ရပ့်မလား ရှိ…
တဲ့မှာဘဲ၊ ငါကဗိန္ဒောဆရာမှမဟုတ်တာ"

"ဒါဖြင့် ဆရာခိုင်းပုံ ကုပုံကလေး ပြောပါဦး"

"ရှင်းရှင်းကလေးပါ၊ ငါကပြိတ္တာကောင် တာတွတ်ကို မအုံး…
မြရဲ့ အသည်းကို လက်နဲ့ဖျစ်(ညှစ်)ခိုင်းလိုက်တာကွ၊ သေအောင်မလုပ်…
ဘဲ နာရုံကျင်ရုံလုပ်ခိုင်းလိုက်တာ၊ ငါရောက်သွားမှ တော်တော့ လို့…
အမိန့်ပေးလိုက်တာ"

"ဟာ ဒါဆို သေအောင်ညှစ်ဆိုရင်ကော"

"သေသွားမှာပေါ့ ကွ၊ ကဲ… ဒီနေ့ နောက်ကာယောက်…
လုပ်ကြစို့၊ နက်ဖြန်သဘက်ကျတော့ တို့ နောက်တစ်ရွာ ဆက်ကြတာ…
ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခြံတစ်ခြံ၏ရှေ့သို့ရောက်သောအခါ အမှတ်တမဲ့ပင် တံစူးဝါးကလေးကို ညှပ်ထားခဲ့ပြန်၏။ ထို့နောက် သာအောင်တို့အိမ်သို့ ဝင်ချိန်သို့ရောက်သောအခါ ကညင်ဆီမီးခွက်ကလေးများကို ထွန်းကြသည်။ ထိုစဉ်ရွာသားတစ်သိုက် သာအောင်တို့အိမ်သို့ ဖားမီးအုပ်ကြီးများကိုင်ကာ ရောက်လာကြပြန်သည်။ ထိုအုပ်စုထဲမှ ကံအေးက အိမ်ပေါ်တက်လာပြီး ဆရာတောက်ကို ပင့်သည်။

"ဆရာ လုပ်ပါဦး၊ ကျွန်တော့်ညီ နွားခြံထဲဝင်ရင်း စားခွက်နားမှာပိုးထိလို့ ကယ်ပါဦးဆရာ၊ အဲဒီမြွေကို ရိုက်သတ်ပြီး ကျွန်တော်ယူလာတယ်"

မြွေအသေကောင်ကြီးကို ပြပြီးပြောလိုက်သည်။

"ဟာ… မင်းမြွေက ရေမြွေကြီးပဲ၊ အမှတ်တမဲ့ဆိုရင်တော့ မြွေပွေးနဲ့ဆင်ဆင်ပဲ၊ ရေမြွေမှာ အဆိပ်မရှိဘူးကွ"

သာအောင်အဖေက အတွေ့အကြုံများသူပီပီပြောလိုက်လေ၏။

"အဆိပ်မရှိဘူးသာ ဆိုတယ် စံမြင့်တစ်ကိုယ်လုံးပြာပြီး သတိလစ်နေပြီဗျ"

ကံအေးက သူ့ညီအတွက် စိုးရိမ်တကြီးဆိုသည်။

"ငါ လိုက်ခဲ့ပါ့မယ်၊ ကဲ… သွားကြရအောင်"

ဆရာတောက်က ပြောဆိုပြီး သူ့လွယ်အိတ်ကလေးကို ကောက်လွယ်သည်။ ကံအေးတို့အိမ်ရောက်တော့ စံမြင့်မှာ အိမ်ရှေ့ခန်းတွင် ပက်လက်အနေအထားဖြင့် ဆန့်ဆန့်ကြီးမေ့မြောနေလေသည်။ ညာဘက်လက်၊ လက်မနှင့်လက်ညှိုးခွကြားတွင်လည်းအစွယ်ရာ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို သွေးစို့စို့ဖြင့် တွေ့လိုက်ရသည်။ ခြေထောက်လက်ထောက်များတွင်လည်း ရွှံ့တွေပေရေနေသည်။

ဆရာတောက်က လူနာ၏နံဘေးတွင် ယှဉ်ကာထိုင်လိုက်ပြီး ပါးစပ်မှ တစ်တွတ်တွတ် ရွတ်သည်။ မတ်တပ်ထရပ်၍ ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်သည်။

"အပမီနေသော အဲဒီအပကိုမနှင်နိုင်ရင် မြွေမပြောနဲ့ကင်းကိုက် တုတ်ရုံးရင်တောင်သေတယ်"

ဆရာတောက်စကားကြောင့် စံမြင့်၏မိသားစုများမှာ ထိတ်လန့်သွားကြသည်။ စံမြင့်ကလည်း ဆန့်ဆန့်ကြီးဖြစ်နေပြီ မဟုတ်ပါလား။

"ဆရာရယ် ကယ်ပါရှင် ကျွန်မသားလေးကို ကယ်ပါ"

စံမြင့်၏ အမေက ငိုယိုတောင်းပန်ရှာသည်။ ဆရာတောက်က ဘာမှမပြောဘဲ မန်းမှုတ်နေပြန်သည်။

"ကဲ... တဖြည်းဖြည်း ပြန်ကောင်းလာလိမ့်မယ်၊ မနက်ကျရင် အပအတွက် အမဲအသည်းစုံ၊ အူစုံတစ်ပိဿာရှာပြီး ကျွေးရမယ်၊ ခင်ဗျားတို့ မကျွေးတတ်ရင် အန္တရာယ်များတယ်၊ ကျုပ်ဆီယူလာခဲ့၊ ကျုပ်ကျွေးပေးမယ်"

ဆရာတောက် ပြောနေစဉ်မှာပင် စံမြင့်သတိရလာပြီး ငုတ်တုတ် ထထိုင်သည်။

"အမလေး ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်မသားလေး ဆရာကယ်ပေလို့ ဆရာပြောတဲ့အတိုင်း နက်ဖြန်ကျွန်မ ကျွေးပါ့မယ်၊ ဆရာ... ဒါကဆရာ့ကို ကန်တော့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



စံမြင့်အမေခမြာ ကျေးဇူးတင်လွန်းသဖြင့် ငွေငါးဆယ် ထုတ်ကန်တော့သည်။ ဆရာတောက်ကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် အမြတ်ရလိုက်သဖြင့် စိတ်ထဲကျေနပ်နေလေ၏။ ပြိတ္တာကောင် တာတွတ်ကို တံရူးဝါးနှင့်အတူ ခေါ်လာစဉ်က အမဲသားကျွေးမည်ဟု ကတိပြုခဲ့သည်။ ယခုငွေလည်းရ တာတွတ်ကိုလဲနက်ဖြန် အမဲသားကျွေးနိုင်တော့မည်။ သာအောင်တို့၏ အိမ်ရှေ့ရောက်သောအခါ အိပ်ရာပေါ်တွင် ပက်လက်လှန်၍ ရှေ့ဆက်ရမည့်ခရီးအတွက် အတွေးအမျှင်တို့ကို ခုနစ်စဉ်တန်းနေလေသည်။

ထိုအချိန်တွင် ဦးဘိုးလူတစ်ယောက်မှာလည်း သူ့အိမ်တွင် အိပ်ရာဝင်ကာ အိပ်စက်နေသည့်အချိန်ဖြစ်သည်။

"အဘ… အဘ ဦးဘိုးလူ ထပါဦး အဘရဲ့"

နားထဲတွင် သဲ့သဲ့ကလေး သူ့နာမည်ကို ခေါ်သံကြားလိုက်ရသဖြင့် ဦးဘိုးလူအိပ်ရာမှ ငေါက်ကနဲထထိုင်မိသည်။ ခေါ်သံမှာ အိမ်ရှေ့မှဖြစ်သဖြင့် အိမ်ရှေ့ဘက်သို့ထွက်လာခဲ့ရာ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် မိန်းကလေးတစ်ယောက် တင်ပါးလွှဲထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဦးဘိုးလူက အိမ်ပေါ်မှဆင်းသွားပြီး မိန်းကလေးနှင့်ဘေးချင်းယှဉ်ကာ ခပ်ခွာခွာကလေးထိုင်လိုက်သည်။ မိန်းကလေးဘက်သို့ ခေါင်းကို ငုံ့စောင်း၍ ကြည့်လိုက်သောအခါ မိန်းကလေးက ကျစ်ဆံမြီးနှစ်ခွ ကျစ်ထားပြီး ဖဲကြိုးဝါကလေးစီးထားသဖြင့် ဖြတ်ကနဲသတိရကာ မိန်းကလေးကို သေသေချာချာပင် စူးစိုက်ကြည့်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို… သမီး… မဖဲဝါ"

ဦးဘိုးလူက ရုတ်တရက်ကြောင်သွားပြီးမှ အသံထွက်အောင် ပင် ခေါ်လိုက်မိသည်။ သို့သော် သူ၏အသိစိတ်ထဲတွင်က မဖဲဝါသေ သွားပြီဖြစ်သည်ကို မေ့လျော့နေပြီး အသက်ရှင်စဉ်ကလိုပင်ခေါ်ပြော နေမိသည်။

"ဟုတ်ပါတယ်၊ သမီးက မဖဲဝါပါ"

မဖဲဝါက ပြုံးပြုံးကလေးလုပ်ကာ ပြောလိုက်သည်။

"သမီး အဘကိုပြောစရာတစ်ခုရှိလို့ အဘအိမ်ကိုလာခဲ့တာ ပါ၊ ဟိုလေ သာအောင်တို့အိမ်မှာ ရောက်နေတဲ့ဆရာဆိုတဲ့လူဟာ တကယ်တော့ ဆေးဆရာမဟုတ်ဘူးအဘ၊ အောက်လမ်းဆရာတစ် ယောက်ပါ၊ သချိုင်းကိုလာပြီး တာတွက်ကိုသူ့ပညာနဲ့ခေါ်သွား နိုင်းစား နေတာအဘရဲ့၊ တာတွက်လဲ သူမလုပ်ချင်ဘဲ လုပ်နေရလို့ ပင်ပန်းနေပြီ ဒီဆရာကလဲ စားရမှန်းသိသာ အိတစိုစိုဆိုတာလို ဒီရွာမှာကျောက်ချပြီး ရွာသားတွေကို ဒုက္ခပေးတော့မှာ၊ ဒါကို သာအောင် တို့ကမသိဘဲ အထင်ကြီးလေးစားနေကြတာ၊ ရွာသားတွေ ဒုက္ခရောက်မှာ မကြည့် ရက်လို့လာပြောတာ၊ သမီး သွားတော့မယ်နော်"

ပြောဆိုပြီး ထိုင်ရာမှထကာ မိမိကိုကြောပေး ထွက်ခွာသွား သည့် မဖဲဝါကို အမှောင်ထုအတွင်း တိုးဝင်သွားသည်အထိ ဦးဘိုးလူ ကြည့်နေမိတော့သည်။

"မဖဲဝါ… မဖဲဝါ"

တစ်စုံတစ်ခုကို သတိရပြီး ဦးဘိုးလူကလှမ်းခေါ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘိုးလူ.... ကိုဘိုးလူ"

ဦးဘိုးလူ၏ဇနီး ဒေါ်ထွေးက နံဘေးတွင်အိပ်နေရာမှ ဦးဘိုးလူကိုပုတ်နှိုးလိုက်သည်။

"ရှင်... ဘာထအော်နေတာလဲ"

"ငါ အိပ်မက် မက်နေတာပါ"

ဦးဘိုးလူက ပြောဆိုပြီး ပြန်အိပ်လိုက်သည်။ နံနက်မိုးလင်းသောအခါ ဦးဘိုးလူတစ်ယောက် မောင်လှဝေနှင့် မောင်အောင်မောင်းတို့ကိုသွားခေါ်၍ ရွာထိပ်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ညကသူ့အိပ်မက်ကို အစအဆုံးပြောပြလိုက်သည်။ မောင်လှဝေက မျက်နှာကလေးအိုပြီး..

"ဒါဆို မဖဲဝါက မကျွတ်မလွတ်သေးဘူးပေါ့နော်"

"အေးပေါ့၊ ဒါပေမယ့် ဖြေသာပါတယ်ကွယ်"

"ဘယ်လိုဖြေသာတာလဲ ဦးလေးရ"

"ပြိတ္တာဆိုတာ အပါယ်လေးဘုံထဲမှာ တိရစ္ဆာန်တို့ အသုရကာယ်တို့လို လူပြန်ဖြစ်ဖို့မနီးစပ်တဲ့အထဲမှာ မပါဘူးကွ၊ လူတွေနဲ့နီးနီးစပ်စပ်နေကြတော့ လူတွေပြုတဲ့ကုသိုလ်ကောင်းမှုတွေ အမျှအတန်းတွေရကြပြီး လူ့ဘဝကိုပြန်ရတတ်ကြတယ် မဟုတ်လား"

ဦးဘိုးလူက ရှင်းပြသည်။

"ဒါဆို မဖဲဝါက သချိုင်းစောင့်ဖြစ်နေပြီဆိုတာ သေချာတာပေါ့နော်"

အောင်မောင်းက ထပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ဒါတွေအသာထား၊ တို့ရွာအပေါ်စေတနာထားတဲ့ မဖဲဝါရဲ့သတိပေးချက်ကို သာအောင်နဲ့သူ့မိဘများဆီသွားပြီး တိုးတိုးတိတ်တိတ်ပြောမယ်ကွာ၊ ပြီးတော့ ဒီဆရာကို တို့ရွာကထွက်သွားဖို့ တောင်းဆိုမယ်၊ ကဲ လာ သွားကြမယ်"

ဦးဘိုးလူက မောင်လှဝေနှင့်အောင်မောင်းကို ခေါ်ကာ သာအောင်တို့အိမ်သို့ လာခဲ့ကြသည်။ သာအောင်တို့အိမ်သို့ရောက်သောအခါဆရာတောက်ကို မတွေ့သဖြင့်…

"ဆရာကောဗျ… မမြင်ပါလား"

ဦးဘိုးလူက မေးလိုက်သည်။

"ကံအေးတို့ စံမြင့်တို့အိမ်ကပေးတဲ့ အမဲသားတစ်တွဲကိုဆွဲပြီး ထွက်သွားတာပဲဗျ"

စံမြင့်အဖေက ဖြေသည်။

"ဒါဆို အတော်ပဲ၊ ခင်ဗျားကို အရင်ပြောရမယ်"

ဟုဆိုကာ ဦးဘိုးလူက မဖဲဝါနှင့်အိပ်မက်ထဲတွင် တွေ့ဆုံပုံ၊ မဖဲဝါက ပြောပြပုံတို့ကို တစ်ဆင့်ပြောပြလိုက်လေ၏။ စကားလတ်စသတ်နေစဉ် ဆရာတောက်နှင့်တပည့်ဖြစ်သူ မောင်ကျော်တို့ပြန်ရောက်လာကြသည်။

"ကဲ… ရောက်မဆိုပဲ ပြောပါ့မယ်၊ ဒီလိုပါ… ဆရာ၊ ဆရာ့လမ်းစဉ်နဲ့ ကျွန်တော်တို့နဲ့ မကိုက်ညီတာမို့ ဒီရွာရဲ့ရွာလူကြီး တစ်ယောက်အနေနဲ့ ဆရာ့ကိုခရီးဆက်ဖို့ ပြောချင်လို့ပါ"

ဦးဘိုးလူက စကားရိပ်သန်းသည်ကို သဘောပေါက်သွားသော ဆရာတောက်က

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကလဲ ဒီကနေ့ပဲ ခရီးဆက်ဖို့ ဆုံးဖြတ်ထားကြတာပါ၊ ဒါကြောင့် မောင်သာအောင်နဲ့ သူ့မိဘများကို နှုတ်ဆက်ဖို့ ဖြန့်လာတာပါ၊ တပည့်ရေ… တို့များဒီရွာက ခုပဲထွက်ကြတာပေါ့"

ပြောပြောဆိုဆို လွယ်အိတ်ကလေးပခုံးချိတ်ကာဆရာတော်က် နှင့်သူ့တပည့်တို့ရွာမှထွက်ခွာသွားလေ၏။ ထိုညမှစ၍ ညစဉ်ဒိုက်အောင့် သရဲပူးစသည့်ပယောဂများ မဖြစ်ပေါ်တော့ဘဲ ရွာကြီးမှာအေးချမ်း သာယာမြဲသာယာလျက်ရှိပါတော့သည်။ ထို့ပြင်ထိုရွာသချိုင်းစောင့်မဖဲဝါကရွာကို စောင့်ရှောက်လျက်ရှိကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရွာသားများ သိရှိသွားကြသည်။

< < <

www.burmeseclassic.com

www.burmeseclassic.com



## ရုက္ခစိုးမှော်နှင့်မဖဲဝါ

တစ်နေ့တစ်၌ ကံသစ်ပေါ်ရွာသားလည်းဖြစ် ရွာလူကြီးလည်း ဖြစ်သော ဦးတင်မြင့်တစ်ယောက် မုံရွာမြို့သို့ ကုန်ဝယ်ရန် သွားခဲ့ပြီး နောက်ရွာသို့အပြန်တွင် လူတစ်ယောက်ကို အလည်ခေါ်လာခဲ့လေ၏ ရွာသို့ရောက်သောအခါ ဦးဘိုးလူနှင့်မိတ်ဆက်ပေးသည်။

"ဒါက မန္တလေးမှာ ကျွန်တော်နဲ့အိမ်နီးနားချင်းနေခဲ့ဖူးတဲ့ ဦးမြမောင်ဗျ၊ သူက မန္တလေးမှာ ပလိပ်ရောဂါကြီးမဖြစ်ခင်ကတည်းက မုံရွာဘက်ထွက်သွား စီးပွားရှာနေတာ အတော်ကြီးပွားနေပြီလေ၊ ကျုပ်နဲ့ မထင်မှတ်ဘဲ မုံရွာမှာတွေ့လို့ အလည်ခေါ်လာခဲ့တာ"

ဦးဘတင်က ပြောပြသောအခါ ဦးဘိုးလူက ထိုလူကို အကဲ ခတ်လိုက်သည်။ ညာဘက်လယ်ခလယ်တွင် အပြာရောင်နီလာလက်စွပ် ကြီးကို ဝတ်ထားပြီး လည်ပင်းတွင် ရွှေဆွဲကြိုးကြီးကို စွပ်ထားလေ၏ ဆွဲကြိုးတွင် ရွှေငါးပုံဆွဲသီးကလေး ဆွဲထားလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နောင်ကြီးက ဘာအလုပ်အကိုင်များ လုပ်သလဲဟင်၊ စပ်စုတယ် မထင်ပါနဲ့"

ဦးဘိုးလူက ရွှေနှင့်ငွေဖြစ်သော ဦးမြမောင်၏စီးပွားရေးလုပ်ငန်းကို သိလိုသဖြင့် မေးလိုက်သည်။

"ကျွန်တော်က အကြားအမြင် ဟောတာပါ"

ဦးမြမောင်၏စကားကြောင့် ဦးဘိုးလူ၏မျက်နှာတစ်ချက်ပျက်သွားရတော့သည်။ ဆရာတောက်လို လူပေလားဟူ၍ အစိုးရိမ်ပိုလိုက်ခြင်းဖြစ်သည်။ ဒါကိုရိပ်စားမိသော ဦးမြမောင်က-

"ကိုတင်မြင့် ပြောပြလို့ဒီရွာကို ဆရာတောက်ရောက်လာတဲ့အကြောင်း ကျွန်တော်ကြားပြီးပါပြီ၊ မစိုးရိမ်ပါနဲ့ ဦးဘိုးလူ၊ ကျွန်တော်အသူ့လိုရောဂါကုတဲ့သူ မဟုတ်ပါဘူး၊ ပြီးတော့ကော သူ့လိုဘုရားစင်ကိုမကြည့်ရဲ ဘုရားသောက်တော်ရေကို တောင်းပြီးရောဂါမကုရဲတဲ့သူလဲမဟုတ်ပါဘူး၊ ကြမ်းပြင်ကို မနောင့်နဲ့ပေါက်ပြီး ဝေါက်ငန်းဆေးကုတဲ့သူလဲ မဟုတ်ပါဘူး၊ ဥစ္စာပျောက်၊ ပစ္စည်းပျောက်၊ လူပြုစား၊ နတ်ဖမ်းစားတွေကို ကယ်တင်ပေးတဲ့ အကြားအမြင်ဆရာ တစ်ယောက်ပါ"

"ဪ… ဒါဆိုရင် နေရာကျပြီဗျို့၊ မနေ့ညနေက သားလေးတစ်ယောက် နွားပြန်အကောက်မှာ နွားတစ်ကောင်ပျောက်ခဲ့သတဲ့၊ အဲဒါခင်ဗျား ကြည့်ပေးနိုင်မလား ကိုမြမောင်"

ဦးတင်မြင့်က ပြောလိုက်ရာ. . .

"ကြည့်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ကာယကံရှင်က အခန်းမှာကြည့်လို့ရတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သဖြင့် ဦးတင်မြင့်က သာလှကိုသွား၍ ခေါ်ခဲ့လာလေသည်။ သာလှကလည်း နွားပျောက်ရှာပေးစေလိုကြောင်းစကားဖြင့် အပ်နှံသဖြင့် ဦးမြမောင်က မျက်စိကိုစုံမှိတ်၍ နှုတ်မှတစ်တွတ်တွတ်ဖြင့် ဆီမန်းမန်းသလို ရွတ်နေလေတော့သည်။ ပြီးမှ...

"ဘယ်မှာရှိသလဲ၊ အသက်နဲ့တော့ မြဲလျက်ရှိသေးရဲ့လားဆိုတာ သွားကြည့်ပါဦး"

ဟုတစ်စုံတစ်ယောက်ကို ပြောနေသကဲ့သို့ အိမ်ခေါင်မိုးကိုကြည့်ကာပြောလိုက်သည်။ ကွမ်းတစ်ရာညက်ခန့်ကြာသောအခါ...

"မင်းရဲ့နွားက နွားနီ၊ ထိပ်မှာအဖြူကွက်နဲ့ မဟုတ်လား"

ဟုသာမှကိုမေးလိုက်သည်။

"ဟာ ဟုတ်လိုက်လေဗျာ၊ ဆရာဘယ်လိုလုပ်သိလဲ"

သာလှ၏အဖြေကို ဦးမြအောင်က သဘောကျသလို တဟားဟားနှင့် ရယ်လိုက်ပြီး...

"အသက်ရှိနေသေးတယ်ကွ၊ လမ်းမှားပြီး တောစပ်ရောက်သွားတာ၊ တစ်ညလုံး အဲဒီမှာအိပ်နေခဲ့တယ်၊ ကျားမဆွဲတာ ကံကောင်းသကွ၊ တောခွေးဆွဲလို့ ဒူးကောက်ခွက်မှာ စုတ်ပြတ်သွားတာတော့ရှိတယ်၊ ရွာဘက်ကို ငါ ပြန်မောင်းခိုင်းလိုက်လို့ ပြန်လာနေပြီ"

ဦးမြမောင်၏စကားမှန်သည်။ မကြာမီမှာပင် သာလှပျောက်နေသောနွားနီထိပ်ကွက်မှာ အိမ်ပြန်ရောက်လာသည်။ ဦးမြမောင်ပြောသလိုပင် နွား၏ဒူးခေါင်းကွေး၌ ခွေးဆွဲသဖြင့်စုတ်ပြတ်နေလေ၏။ သာလှက မြမောင်၏စကားမှန်လွန်းသဖြင့် အံ့သြနေလေသည်။ သာလှသာမက ဦးဘိုးလူနှင့်ဦးတင်မြင့်တို့ပါ အံ့အားသင့်ကြရလေသည်။

"ဟာ... အာရုံခံကြည့်တာနဲ့ ကိုယ်တစ်ခါမှမမြင်ဖူးတဲ့ နွား

www.burmeseclassic.com

www.burmeseclassic.com



ကို နွားနီဆိုတာရော ထိပ်မှာကြာပါတာရော၊ ခွေးကိုက်တဲ့ ဒဏ်ရာ ပြောနိုင်တာ ဘယ်လိုမြင်ရလို့လဲ အာရုံထဲမှာ ပေါ်လာတာလား၊ အဲဒီ ပညာရရင် မျှခဲ့စမ်းပါ သူငယ်ချင်းရာ၊ တို့လဲ တတ်ချင်ပါဘိ"

ဦးတင်မြင့်က လိုက်လိုက်လှဲလှဲ ဆိုလိုက်သည်။

"ပညာလိုချင်ရင် ရပါတယ်၊ အောက်လမ်းနဲ့မပတ်သက်တဲ့ အလယ်လမ်းပညာပါ၊ ကျွန်တော့်အတွေ့အကြုံတစ်ခုကို ပြောပြပြီးမှ ညာခန်းကို ပြောပြပါ့မယ်၊ တစ်ခါက မုံရွာသင်္ဘောဆိပ်မှာ မိန်းမ တစ်ယောက်ဆွဲကြိုး၊ လက်ကောက်၊ ရွှေဘီးစတဲ့ ရွှေထည်ပစ္စည်းငါး ကျပ်သားလောက် လက်ကိုင်ပုဝါနဲ့ထုပ်ပြီး ပိုက်ဆံအိတ်ထဲမှာထည့် လို့သင်္ဘောပေါ်တက်ဖို့အလာမှာခြေချော်ပြီး သင်္ဘောနဲ့ဘောကြားကို ပိုက်ဆံအိတ်ကျသွားတယ်။ ကိုယ်တိုင်လဲ မကောက်နိုင်၊ တစ်ပါးသူ ကို အကူအညီတောင်းဖို့တာလဲ မဖြစ်နိုင်တော့ ကျွန်တော့်ဆီကိုရောက် လာတယ် ဆိုပါတော့၊ ကျွန်တော့်အိမ်မှာ ဘုရားစင်နဲ့ရက္ခစိုးဘိုးဘိုးကြီး ကို ပူဇော်ထားတဲ့ စင်တစ်စင်ရှိတယ်၊ ကျွန်တော်က ရက္ခစိုးဘိုးဘိုးစင် ကိုကြည့်ပြီး ဂါထာရွတ် မုံရွာသင်္ဘောကိုကြည့်ပေးဖို့ မေတ္တာရပ်ခံလိုက် တော့ အဲဒီရွှေထုပ်ရှိသေးတာ သိရတယ်၊ ဒါပေမယ့် ကျတဲ့နေရာနဲ့ ရေစီးအားကြောင့် ပေနှစ်ဆယ်လောက်ရွေ့သွားပြီး ဒါနဲ့ကျွန်တော်က အမျိုးသမီးကို ရွှေထုပ်ရှိသေးတယ်၊ နေရာတော့ ရွှေ့နေပြီလို့ ပြောလိုက် တယ်၊ အဲဒီမိန်းမက ဒီလောက်သိရရင်တော်ပါပြီ၊ ဆရာ့ကို ကျွန်မ ဘယ်လောက် ပူဇော်ရမလဲလို့မေးတယ်၊ ကျွန်တော်က သိရရုံနဲ့တော့ ပိုင်ဖျားရွှေထုပ်ပြန်ရအောင် ဘယ်လိုလုပ်မလဲဆိုတော့ သူကရေငုပ် သမားငှားပြီး ရှာခိုင်းမယ်လို့ ပြောပြန်တယ်၊ ကျွန်တော်က ရေငုပ်တဲ့ သူတွေ့မယ်မထင်ဘူး၊ တွေ့ရင်တောင် တစ်နေရာရာမှာ ဝှက်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို မတွေ့ဘူးလို့လိမ်ပြောမယ်၊ ခင်ဗျားပြန်မှ သူ့ဟာသူယူတော့ ပေါ့လို့ ပြောလိုက်တော့ ဒါဆိုရင် ကျွန်မဘာယ်လိုလုပ်ရမလဲလို့ ပြန် မေးတယ်၊ ကျွန်တော်က အခုပဲခင်ဗျားပစ္စည်းတွေ ချက်ချင်းပြန်ရမယ် ဆိုရင် ခင်ဗျား ကျွန်တော့်ကို ဘယ်လောက်ပေးမလဲလို့ ပြောင်ပဲမေး လိုက်တယ်၊ သူကမဖြေတတ်ဘူး၊ ဒီတော့ ကျွန်တော်က ရေအဆုံးကုန်း တစ်ဝက်ဆိုတဲ့ စကားကြားဖူးလား၊ ခင်ဗျားပစ္စည်းတန်ဖိုးရဲ့ သုံးပုံတစ်ပုံ ပေးရင် ခုပြန်ရစေမယ်လို့ ပြောလိုက်တော့ သူကမယုံဘူး၊ နောက်မှ ရေအဆုံးဆိုတဲ့စကားတောင် ရှိသေးတာပဲဆရာရယ်၊ ကျွန်မဘာယ်လို မှ ပြန်မရနိုင်မယ့်အတူတူ ဆရာ့ကိုသုံးပုံတစ်ပုံ ကန်တော့ပါ့မယ်လို့ ကြည်ကြည်ဖြူဖြူ ဆိုလာတယ်၊ ဒီတော့မှ ကျွန်တော်ကပါးစပ်က တစ်ဖွဖွပြောရင်းနဲ့ ရုက္ခစိုးကို မြစ်ထဲက ရွှေထုပ်အကောက်ခိုင်းလိုက် ရတယ်၊ ကျွန်တော့်လက်ခေါင်းပေါ်ကိုမြှောက်ပြီး ဝေ့လိုက်တယ်ဆိုရင်း ပဲ ရွှေထုပ်ပါတဲ့ ပိုက်ဆံအိတ်ကပါလာပြီလေ၊ ကျွန်တော်က ခင်ဗျား ပစ္စည်းမှန်ရဲ့လားလို့မေးတော့ သူကမှန်ပါတယ်တစ်ခုမှ မလျော့ပါဘူး တဲ့၊ အဲဒီအဖြစ်အပျက်က ပုံပြင်မဟုတ်ဘူး၊ ယုံတမ်းစကားမဟုတ်ဘူး၊ တကယ့် အဖြစ်အပျက်ဗျ"

ဦးမြမောင်က သူ၏စကားကို ခဏရပ်လိုက်သည်။

"အင်း.အခုပြောတာ ကြားရတာ မယုံနိုင်စရာတော့ မရှိပါ ဘူး၊ အခုနက နွားပျောက်ဟောသလိုပေါ့၊ ဒါနဲ့နွားကို ရှာပြန်အမောင် ခိုင်းတယ်ဆိုတာက ဘယ်သူ့ကိုလဲဗျ"

ဦးဘိုးလူက မရှင်းသဖြင့်မေးလိုက်သည်။

"ရုက္ခစိုးကို အမောင်းခိုင်းတာပဲပေါ့"

ဦးမြမောင်က ရှင်းအောင်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒါအကြားအမြင်တော့မဟုတ်ဘူး ထင်တယ်"

ဦးတင်မြင့်က ဆိုသောအခါ...

"အကြားအမြင်နဲ့ ခပ်ဆင်ဆင်ပေါ့ဗျာ၊ အမှန်ကတော့ ရုက္ခစိုးမှော်အောင်ထားလို့ ရုက္ခစိုးနဲ့တွဲပြီးလုပ်ရတာ ခွေးလေးဗေဒင်တို့ ငှက်ကလေး ဗေဒင်တို့ဆိုတာဒါပါပဲ"

"အခုမှပဲ ရှင်းတော့တယ်၊ ဒီပညာလိုချင်လိုက်တာ"

"မလိုချင်ပါနဲ့ ကိုတင်မြင့် တကယ်တော့ မကောင်းပါဘူး၊ တစ်ဘဝစံပါ"

"ဘာဖြစ်လို့လဲဗျ"

"ဒီပညာရဖို့ ကျင့်ကြံရင် မခက်ပါဘူး၊ ညောင်ပင်မှာရုက္ခစိုးကနေတော့ ညောင်ပင်ကြီးကြီးတစ်ပင် ရှာရတယ်၊ အဲဒီညောင်ပင်အောက်မှာ ထမင်းမြက်လှည်း၊ ပန်း၊ သစ်သီး၊ အမွှေးတိုင်နဲ့ရုက္ခစိုးအတွက် ဆေးပြင်းလိပ် ပသရမယ်၊ နေ့စဉ် ညောင်ပင်အောက်မှာ ပုတီးစိပ်၊ ရုက္ခစိုးကိုမေတ္တာပို့၊ ရုက္ခစိုးဂါထာရွတ်ပေါ့ဗျာ၊ ဒီလိုနဲ့ရုက္ခစိုးက ခင်ဗျားကိုယုံကြည်လို့ သဘောကျလာပြီဆိုရင် ခင်ဗျားရဲ့နား နားကိုကပ်ပြီး ပြောလိမ့်မယ်"

"ဘာပြောမှာလဲဗျ..."

ဦးတင်မြင့်က သိချင်ဇောဖြင့် အမောတကော မေးလိုက်သည်။

"မင်းအလိုကျဖြစ်အောင် ငါကူညီမယ်၊ ဒီအတွက် မင်းသေတဲ့အခါ ငါ့ညောင်ပင်မှာ လာနေရမယ်၊ ဒါကိုသဘောတူရင် မင်းရုက္ခစိုးမှော်အောင်ပြီတဲ့"

"ဟာ... တကယ်တော့ သိပ်ကောင်းပါလား"

ဦးတင်မြင့်က အားရဝမ်းသာ ထပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းမသာနဲ့ ကိုတင်မြင့်ရေ၊ ရက္ခစိုးကခင်ဗျားကို အလကား ပဲတင်း လုပ်ပေးမှာတော့ မဟုတ်ဘူး၊ ဂျုတီချိန်းတာဗျ၊ ခင်ဗျားလဲ ကြားဖူးမှာပါ၊ သံသရာမှာ အသက်ရှည်ဆုံးက ကာလနဂါးနဲ့ရက္ခစိုး ပဲဗျ၊ ကာလနဂါးဆို ဘုရားတစ်ဆူပွင့်မှ တစ်ရေးနိုးတာ မဟုတ်လား၊ ရက္ခစိုးဆိုတာလဲ အဲသလောက်နီးပါး အသက်ရှည်ကြသတဲ့၊ ကြာတော့ ရက္ခစိုးဘဝကြီးကို ငြီးငွေ့ပြီး လူဘဝကို လာချင်ပေမယ့် ဘဝချင်းလဲ မယ့်သူက မရှိဘူးလေ၊ ကျွန်တော့်လို မျက်စိတစ်ဆုံးမကြည့်ဘဲ မျက် ကောင်မွေးတစ်ဆုံးလောက်သာ ကြည့်တတ်တဲ့လူမျိုးနဲ့တွေ့မှ သူတို့ လူ့ဘဝလာခွင့်ရကြတာ၊ ကျွန်တော်ရက္ခစိုးမော်အောင်လို့ ဒီဘဝမှာငွေပုံ ကြီးဖြစ်အောင် ဟောနိုင်ပြောနိုင်ပေမယ့် နောက်ဘဝမှာ ရက္ခစိုးနေရာ ရောက်ပြီး ဘယ်တော့ဘယ်ဘဝကူးမယ်ဆိုတာ မပြောနိုင်တော့ဘူး၊ ဒါကြောင့် ဒီဘဝအတွက် စည်းစိမ်မက်တဲ့ တစ်ဘဝစံလို့ ဆိုခဲ့တာပဲ" သုံးလေးရက်အကြာ တွင် ဦးဘိုးလူနှင့် ဦးတင်မြင့်တို့ ဆုံမိကြပြန်၏။

"ကိုဘိုးလူရေ ခင်ဗျား မဖဲဝါကို အိပ်မက်မက်သေးလားဗျ"

"ဟင့်အင်း မမက်ဘူး၊ ဘာဖြစ်လို့လဲ"

"ဩော်… ဘာမှမဖြစ်ပါဘူး၊ ကိုမြမောင်က ဆရာတောက် လို ကျုပ်တို့ရွာကို ဒုက္ခပေးမယ့်လူ မဟုတ်လို့အိပ်မက် မပေးတာဖြစ်မှာ ပါလေ"

"ဒါပေါ့ ဒုက္ခပေးမယ့်လူမဟုတ်လို့ အိပ်မက်မပေးတာ ဖြစ် မှာပါလေ"

"ဒါပေါ့ ဒုက္ခပေးမယ့်လူဆိုရင် နေမလားဗျ၊ အင်း… ရက္ခစိုး မော်ဆိုတာ အကြောင်းမသိရင် အကြားအမြင်လိုလို ဗေဒင်လိုလိုပဲ နော် "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ဟုတ်ပ၊ ရုက္ခစိုးဆိုတာ တကယ်တော့ ဝေမာနိက ပြိတ္တာဘုံထဲပါတာပဲဗျ၊ မြေစောင့်တော့ ဘုမ္မစိုး အာကာသကျပြန်တော့ အာကာသစိုး သစ်ပင်စောင့်ပြန်တော့ ရုက္ခစိုးပေါ့ဗျ"

"ဒါပေမယ့် သူတို့က ကမ္မဇိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဖန်ဆင်းနိုင်တယ်၊ ကောင်းကင်ပျံနိုင်တယ်၊ သူတစ်ပါးရဲ့ စိတ်ကိုထွင်းဖောက်မြင်နိုင်တယ်ဗျ"

"သူတို့လဲ အပယ်ဘုံသားထဲပါနေတော့ တချို့ကြမ်းတမ်းတဲ့ စိတ်ရှိပြီး ဖမ်းစားတာတို့ ခြောက်လှန့်တာတို့ လုပ်တတ်ကြတယ်ဗျနော်"

ဦးဘိုးလူနှင့် ဦးဘတင်တို့မှာ ကြားဖူးနားဝဖြင့် ရေရွေးကြမ်းအိုးတည်ကာ အာရွှင်နေကြလေသည်။ ကျုပ်ကတော့ မဖဲဝါလေး ကျုပ်တို့ရွာကို သူနိုင်သလောက် ကြည့်ရှုစောင့်ရှောက်နေတယ်ဆိုတာ ယုံတယ်ဗျ၊ ဦးမြမောင်သာ ရွာကိုဒုက္ခပေးမယ့်သူဆိုရင် သူဘယ်နေမလဲ အိပ်မက်ဖြစ်ဖြစ် ပေးမှာပဲ"

ဦးဘိုးလူက ပြောဆိုလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပဲခူးလျှောင်ကြီးနှင့်မဖဲဝါ

ထိုအချိန်မှစ၍ မဖဲဝါက အိပ်မက်ပေးခြင်းမပြုတော့ဘဲ တိမ်မြုပ်နေခဲ့သဖြင့် ဦးဘိုးလူတို့ တစ်ရွာလုံးမှာ မဖဲဝါတစ်ယောက် ကျွတ်တန်းဝင်ကာ ဘုံဘဝတစ်ခုခုသို့ ကူးပြောင်းရောက်ရှိသွားပြီဟု တွေးထင်လျက်ရှိကြလေပြီ၊ မောင်လှဝေကတော့ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းဘဝဖြင့်နေလာခဲ့ရာမှ ရဟန်းဘောင်သို့ဝင်ကာ ကံသစ်ပေါ်ရွာ ကျောင်းထိုင်ဆရာတော်ကြီးအဖြစ်နှင့် ရွာဦးကျောင်းတွင် ကျောင်းထိုင်လျက်ရှိသည်။ ကံသစ်ပေါ်ရွာကလေးမှာလည်း ယခင်ကဲ့သို့ ရွာသိမ်ရွာငယ်ကလေး မဟုတ်တော့ဘဲ အိမ်ခြေနှစ်ရာကျော်ရှိသည့် အိမ်ကြီးအိမ်ကောင်းတို့နှင့် စည်စည်ပင်ပင် ရှိလျက်နေသည်။ ရွာပတ်လည်တွင် အရိပ်ရအပင်ကြီးများနှင့် အုပ်ဆိုင်းလျက်ရှိသောကြောင့် ညို့ညို့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ သာယာလျက်ရှိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးရေ မဖဲဝါတော့ ကျွတ်သွားပြီနဲ့တူတယ်"

ဦးအောင်မောင်း ဉပုသ်လာစောင့်သည့်အခိုက် ဆရာတော်ကြီး ဦးဝါယမ၏နောက်တွင် ကျောင်းထိုင်သော မောင်လှဝေတစ်ဖြစ်လဲ ဆရာတော်ဦးအာသဘက မိန့်လိုက်သည်။

"ဘာမှတော့ မကြားတော့ဘူး ဘုရား၊ နောက်ပေါက်ကလေး တွေလဲ မဖဲဝါကို သိတောင်မသိကြတော့ပါဘူး၊ ခင်စိန်ကတော့ သူ့သား သမီးတွေကို ကံသစ်ပေါ်ရွာကလေး စတည်ပုံ၊ တပည့်တော်တို့နဲ့ မဖဲဝါ အကြောင်းတွေကို ပြော့ပြတယ်၊ ဒီတော့ သူတို့ကမဖဲဝါဆိုတာ ဘယ်သူ လဲတဲ့၊ မဖဲဝါဆုံးသွားတဲ့အကြောင်းပြောတော့ ဟင် ဒါဆိုအမေ့ သူငယ်ချင်းက ငယ်ငယ်ကလေးနဲ့ သေသွားတာပေါ့တဲ့၊ သူတို့ကတော့ ဒီလောက်ပဲ သိကြတယ်၊ သင်္ချိုင်းစောင့်တို့ ဘာတို့ဆိုတာတော့ မသိကြ ဘူးဘုရား၊ အကြောင်းမတိုက်ဆိုင်တော့ တပည့်တော်လဲ မဖဲဝါရွာကို စောင့်ရှောက်တယ်ဆိုတာ မပြောဖြစ်ဘူး"

ဦးအောင်မောင်းက ဆွေးဆွေးမြေ့မြေ့ပြောနေသည်ကို ဆရာ တော်က ခေါင်းတဆတ်ဆတ်ညိတ်၍ နေလေ၏။ ထိုစဉ်ကျောင်းပေါ်သို့ မိန်းကလေးတစ်ဦး တက်လာသည်။ ဆရာတော်ကို ဝတ်ဖြည့်ပြီးနောက်

"တပည့်တော်တို့အိမ်ကိုကြွပြီး ပရိတ်တရားတော်များ ချီးမြှင့် ပေးဖို့လာ လျှောက်တာပါဘုရား"

ဟု လျှောက်ထားလိုက်သည်။

"နို့... နေပါဦး၊ သမီးက ဦးရွှေနီနဲ့သမီး ငွေရီမဟုတ်လား၊ ပရိတ်တရားတော်ရွတ်ဖတ်ဖို့ပင့်တယ်ဆိုတာက အိမ်မသန့်လို့ဘာတို့

www.burmeseclassic.com



နာတာရှည်ရောဂါသည်ရှိနေတဲ့ အချိန်တို့စတဲ့အိမ်ကို မင်္ဂလာကျက်သရေရှိအောင် လုပ်ကြတာမဟုတ်လား၊ သမီးက အခုဘာရှည်ရှယ်ချက်နဲ့လာပြီး ဆရာတော့်ကို ,ပင့်ဖိတ်ရတာတုန်း"

ဦးအောင်မောင်းက ပြောလိုက်ရာ…

"ဟုတ်ပါတယ် ဦးလေး၊ အဖေကလဲ ပြောပါတယ်၊ ကိုယ့်အိမ်မှာ နာတာရှည်ရောဂါသည် ရှိနေပြီဆိုရင် အညှီရှိတော့ ယင်အုံဆိုလို အပ ပရောဂ ဝင်ရောက်လာတတ်တယ်တဲ့၊ ဥပမာ စားသောက်ချင်တဲ့ပြိတ္တာက လိပ်ပြာငယ်ပြီး စိတ်အားနည်းနေတဲ့လူနာကို ခဏတာဝင်နိုကပ်ပြီး တောင်းစားတာကို ဒါမှမဟုတ် လူနာအသက်ကုန်တဲ့အခိုက် လျှပ်တစ်ပြက်ဝင်ပြီး လူနာအသက်ရှိနေတဲ့အတိုင်း ဝင်နေနေပြီး၊ စားသောက်နေထိုင်တာတို့လုပ်တတ်ကြတယ်တဲ့၊ ဖုတ်ဝင်တယ်လို့ပြောကြတာပေါ့ ဦးရယ်၊ တချို့ကျတော့လည်း ကိုယ်မသိအောင်ကိုယ့်အိမ်မှာ အင်းမြှုပ် တံခူးဝါးမြှပ်၊ စုန်းတိုက်၊ နတ်တိုက်၊ အစိမ်းတိုက်တွေ လုပ်တတ်ကြပြန်သတဲ့၊ ဒါကြောင့် ဒါတွေမနှောင့်ယှက်နိုင်ဘဲအန္တရာယ်ကင်းအောင်ပရိတ်တရားတွေ ရွတ်ဖတ်ရသတဲ့"

"ဟုတ်တာပေါ့ သမီးရယ်"

ဦးအောင်မောင်းက ငွေရီစကားကို ထောက်ခံလိုက်သည်။ ဆရာတော်ကတော့ ဘာမှမပြောဘဲ ခပ်မဆိတ်နေ၏။

"သမီးကတော့ ဒီအတွက်မဟုတ်ပါဘူး၊ အဖေက ညက သူအိပ်မက် မက်တယ်တဲ့၊ အိမ်မက်ထဲမှာ အိမ်ကိုမြို့သမီးတစ်ယောက်ရောက်လာပြီး သူဟာမဖဲဝါပါလို့ပြောသတဲ့၊ ဆံပင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖဲကြိုးဝါတွေစည်းထားတဲ့ အဲဒီမိန်းကလေးဟာ တော်တော်ချောတယ်လို့ အဖေကပြန်ပြောပြတယ် ဦးလေးရဲ့၊ မဖဲဝါက အဖေကိုမကြာခင် ရက်ပိုင်းအတွင်းမှာ လူတွေဒုက္ခရောက်မယ့်အဖြစ်အပျက်ကြီးတစ်ခု ဖြစ်လိမ့်မယ်၊ ကောင်းတဲ့စိတ်ထားပြီး ကုသိုလ်တရားတွေ လုပ်ကြပါလို့ ပြောပြီးပျောက်သွားသတဲ့၊ ဒီတော့ အဖေက ငါတော့ငါတို့အိမ်အတွက် အကောင်းဆုံးရန်ဘေးက ဝေးဖို့ အဆီးအတားဟာ ပရိတ်တရားတွေပဲလို့ပြောပြီး တပည့်တော်ကို ကျောင်းကိုလွှတ်လိုက်တာပါပဲ ဘုရား"

ငွေရီက သူဘုန်းကြီးကျောင်း ရောက်လာရခြင်းအကြောင်းကို ပြောပြလိုက်သည်။

"ကောင်းပါလေ့ကွယ်၊ ဘေးကြုံမှဒုက္ခရောက်မှ မဟုတ်ပါဘူး၊ အမြဲတမ်းသီလလုံမယ်၊ ကိုယ်ကျင့်ကောင်းမယ်၊ ဘုရား တရား ဆည်းကပ်မယ်ဆိုရင် ကောင်းတာပေါ့၊ ကောင်းတာလုပ်ရင် ကောင်းမှာပါ သမီး"

ဦးအောင်မောင်းက ပြောလိုက်သည်။ ထို့ကြောင့်ငွေရီတို့အိမ်တွင် မင်္ဂလာရှိစေသောပရိတ်တို့ ရွတ်ဖတ်ကြသကဲ့သို့ ဦးအောင်မောင်း၏တိုက်တွန်းမှုကြောင့် တစ်ရွာလုံးလှည့်ပတ်ကာ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ကြလေသည်။ ထိုနေ့မှတပတ်တိတိ လွန်မြောက်သော် မြေငလျင်ကြီးလှုပ်လေရာ လူအများအတော်ပင် ထိတ်လန့်ကြောက်ရွံ့ကြလေသည်။ ငလျင်လှုပ်သည့်အချိန်မှာ ညဦးပိုင်းဖြစ်သည်။ လူအများ အိပ်ချိန်မဟုတ်သဖြင့် အိမ်ပေါ်တွင် ထိုင်သူကထိုင် မိုးတိုးမတ်တပ်ရပ်သူကရပ်၊ လမ်းပေါ်တွင် သွားလာသူက သွားလာလျက်ရှိနေရာ

www.burmeseclassic.com

www.burmeseclassic.com



မှ မြေကြီးသည် ဆက်ကနဲ ဆက်ကနဲ လှုပ်လာသည်။ တချို့ကလန့်
၍ အော်ကြသည်။ တချို့မှာ အိမ်ပေါ်မှခုန်ချကြသည်။ တချို့မှာ
လေးဘက်ထောက် ပုံလဲကျကာ အချို့က ဝမ်းလျားထိုးလျက် ရွေ့လျား
သွားလာကြရသည်။ မည်သူမျှ မတ်တပ်ရပ်၍ မရလောက်အောင်ပင်
မြေကြီးက ရေပြင်ကဲ့သို့လှိုင်းထလာသည်။ လူတိုင်းလူတိုင်း၏ စိတ်ထဲ
မှာကား အလိုလိုပင်စိတ်အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မူးဝေအော့အန်
ခြင်းစသည့်ဖြင့် ရပ်တည်မရခြင်းတို့ ဖြစ်ပေါ်လာကြသည်။ ငလျင်လှုပ်
သည့်အချိန်အတိုင်းအတာမှာ မိနစ်(၃၀)လောက်ရှိမည်ဟု ထင်ရပြီး
ထိုမိနစ်သုံးဆယ်အတွင်း၌ လူတို့တွင် အသိစိတ်များလျော့ပါးကာ
မသိစိတ်များက လွှမ်းမိုးထားလေ၏။ ငလျင်နှင့်အတူ တဝီဝီအော်မြည်
နေသော အသံကြီးများကိုလည်း ကြားကြရသည်။ ငလျင်ရပ်သွားသော
အခါ တစ်ယောက်နှင့်တစ်ယောက် လှမ်းခေါ်သံ၊ လင်ပျောက်သား
ပျောက် အော်ဟစ်ရှာဖွေသံများကို ဆူညံစွာ ကြားကြရပြီး တချို့နေရာ
များတွင်မီးစွဲလောင်နေသဖြင့် ကောင်းကင်မှာ နီရဲလျက်ရှိသည်။ မြေ
အောက် ရေကြောများပြတ်ကာ ရေများလျှံထွက်လာသဖြင့် ရေများ
လျှံတက်လာသည်ကိုလည်း တွေ့ကြရသည်။ နှစ်ရက်သုံးရက် တိုင်တိုင်
မြေငလျင်ငယ်ကလေးများ လှုပ်သေးသဖြင့် လူအများမှာ ကြောက်စိတ်
မပြေနိုင်ဘဲ ရှိကြရလေသည်။

မီးလောင်၍ ထွက်ပြေးကြသောသူများ သယ်ထုတ်အောကာ
ပစ္စည်းများမှာလည်း လမ်းပေါ်တွင်လည်းကောင်း၊ မြောင်းကြီးများထဲ
တွင်လည်းကောင်း၊ မြင်မကောင်းအောင် စုပုံနေလေသည်။ ညောင်ဦး

www.burmeseclassic.com

www.burmeseclassic.com



ထမ်းပါးပြိုတာ စမွနဂိုလ်က နွားမပေါင်ကျိုးတာနှင့်မဆိုင်ဟုဆိုသော်လည်း ကံသစ်ပေါ်ရွာမှ ထိုသတင်းဆိုးကြီးကိုကြားရပြီး စိုးရိမ်နေကြသည်။ တို့ဆီများဆက်လှုပ်လေမလားဟု စစ်မရောက်ခင် မြွားကုန်ဆိုသည့် အတွေးမျိုးဝင်လာကြသည်။ ကံသစ်ပေါ်ရွာတွင် သာမက တစ်ပြည်လုံးအနေနှင့်လည်း ထိုကဲ့သို့တွေးပူမိကြလေသည်။

တိုက်ဆိုင်သည်လား မဆိုနိုင်သော်လည်း မဖဲဝါ၏ကြိုတင်အိပ်မက် ပေးခြင်းကြောင့် ကောင်းမှုကုသိုလ် ပြုလုပ်ခဲ့ကြသော ကံသစ်ပေါ်ရွာကလေးသည်ကား ငြိမ်းအေးချမ်းသာလျက်ရှိသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အသည်းရောင်အသား၀ါ ရောဂါကြီးရောက်ပြီ

ကံသစ်ပေါ်ရွာတစ်ရွာလုံးတွင် ဦးဘိုးလူတို့မရှိတော့သည့်နောက် မောင်လှဝေနှင့်အောင်မောင်းတို့က ဦးဘိုးလူတို့သက်တမ်းသို့ရောက်လာခဲ့ကြတာ မောင်လှဝေက ရွာဦးကျောင်းဆရာတော်ကြီးဦးအာသဘအဖြစ် ကံသစ်ပေါ်ရွာတွင် ကျောင်းထိုင်ခဲ့လေသည်။ ထိုအတောင်အတွင်းပဲခူးတွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးနှင့် ကြုံခဲ့ကြရပြီးနောက် ယခုကဲ့သို့သော လူအများနှင့် ဒုက္ခဘေးမကြုံသည့်အခါ မဖဲဝါနှင့်ပတ်သက်၍ မည်သို့မျှထူးခြားသော အတိတ်နိမိတ်အိပ်မက်စသည်တို့ကို မကြားမမြင်ကြရသဖြင့် ကာလကြာမြင့်သောအခါ မဖဲဝါကို မေ့လျော့၍ပင် နေကြလေတော့သည်။

တစ်နေ့သောအခါ၌ ကံသစ်ပေါ်ရွာ၌သာမက မြန်မာနိုင်ငံလေး၊ ရန်ကုန်စသည့်မြို့ကြီးများအထိပါ မဖဲဝါ၏သတင်းက ပြန့်ရိုက်ခတ်လာလေသည်။ ထိုသတင်းကား မဖဲဝါက မည်သူကို အိပ်မက်ပေးသည်ဟု

www.burmeseclassic.com



တီတီကျကျပြောဆိုရန် ခက်ခဲလှသော်လည်း မဖဲဝါအိပ်မက်ပေး၍ အိမ်တိုင်း အိမ်တိုင်းတွင် အနာရောဂါနှင့် အပပယောဂအန္တရာယ်ဆိုးကြီးများကို ကင်းလွတ်စေရန် အောက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ကြသည်ကို မြင်တွေ့ရမည် ဖြစ်လေသည်။

"ရှင်တို့အိမ်ကော လုပ်ပြီးပလား"

ဟု အိမ်နီးချင်းတွေ မိတ်ဆွေအချင်းချင်း တစ်ယောက်နှင့်တစ်ယောက်မေးကြသည်ကို လူတိုင်းကြုံဖူးခဲ့ကြသည်။

"လုပ်ပြီးပါပြီတော် တော်ကြာ မလုပ်မိလို့ တစ်ခုခုဖြစ်ရင် မိသားစုထဲမှာ မပြောကောင်းမဆိုကောင်းတွေဖြစ်လာရင် မကောင်းဘူး မဟုတ်လား"

လူတိုင်း လူတိုင်း မမြင်နိုင်သော မတွေးနိုင်သော စိုးရိမ်မှုတစ်ခုခုဖြစ်၍ မဖဲဝါပေးသော အိပ်မက်ထဲမှ အစီအမံအတိုင်းလိုက်နာဆောင်ရွက်ကြသည်။ ထိုအစီအစဉ်မှာ…

မိမိ၏အိမ်ရှေ့တွင် တွင်းငယ်ကိုးတွင်းတူးရမည်။ ထိုတွင်းငယ်ကိုးတွင်းထဲအမဲသားကိုးတစ်မြှုပ်၍ မြေဖို့ရမည်။ မြေပေါ်တွင် ဖယောင်းတိုင်ကိုးတိုင်စိုက်ကာ ဘုမ္မစိုးနတ်တို့ကို မေတ္တာပို့ဆုတောင်း အမျှအတန်းပေးဝေကြရမည်။ ဆန်မန်းပေါက်ပေါက်ကြဲရမည်။

ဟူ၍ ဖြစ်လေသည်။ အချို့ကား မျက်လုံးနှင့်မမြင်နိုင်သော အရာတို့ကို မယုံဟုအစွဲအလန်းကြီးကြသဖြင့် ငွေကုန်ပါတယ်ကွာ၊ အချိန်လည်းကုန်ပါတယ်၊ ဘယ်သူကပြောတယ်ဆိုတာလည်း တီတီကျကျ သိရတာမဟုတ်ဘူး၊ အပိုအလုပ်တွေပါဟုဆိုကာ မလုပ်သူတို့လည်း ရှိကြသည်။ ဤတစ်ကြိမ်တွင်လည်း တိုက်ဆိုင်သည်လား အမှန်ပဲလား

www.burmeseclassic.com

www.burmeseclassic.com



ဟု မည်သူမျှ မပြောနိုင်သော အဖြစ်အပျက် တစ်ခုဖြစ်ပျက်ခဲ့လေသည်။ ထိုအဖြစ်အပျက်ကို ယခုခေတ်လူငယ်များ မသိမီခဲ့ကြသော်လည်း လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်၊ (၁၉၇၇) ခုနှစ်လောက်က နွေရာသီတွင်ဖြစ်လေ၏။ ဦးစွာပထမကြုံတွေ့ရသည်မှာ လူတို့၏တစ်သက်တွင် ကြုံတွေ့ရခဲ့ဖူးခြင်း မရှိသောမြင်ကွင်းများကို မြင်တွေ့ခဲ့ကြရသည်။ ဈေးထဲတွင် လူအများစားသုံးရန် ရောင်းချသော ငါးများအားလုံးလိုလိုပင် တစ်စုံတစ်ရာက ကိုက်ဖဲ့ထားသကဲ့သို့ အသားများပဲ့နေကြသည်။ အချို့ငါးများမှ အမြီးမှလည်ကုတ်ပိုးအထိ အသားလုံးဝမရှိဘဲ ရေထဲတွင် ကူးခပ်နေကြသည်။ အသားများမှာ ဆွေးမြေ့နေပြီး ရေထဲသို့ကြွေကျသွားသည်ဟုပင် ထင်ရလေသည်။ အချို့က မကောင်းဆိုးဝါးများစားသည်ဟု ထင်မြင်ယူဆကြလေသည်။

"ငါးတွေမှာရောဂါဖြစ်နေကြတယ်၊ အသားကောင်းမရှိတော့ဘူး၊ ငါးမစားကြနဲ့."

ကျန်းမာရေးလိုက်စားသောသူများက အစိုးရိမ်ကဲပြီး ဆိုကြသည်။ အချို့ရှောင်ကြသော်လည်း ငါးကြိုက်သောလူးများမှာ မရှောင်နိုင်ကြဘဲ စားမြဲစားကြလေသည်။ ထိုသို့ငါးများကပ်သင့်ပြီး မကြာမီမှာပင် လူများကပ်သင့်လာကြသည်။ နွေကာလမို့ ရာသီဥတုပူပြင်းသောကြောင့် လမ်းဘေး၊ ကားမှတ်တိုင်၊ ရုပ်ရှင်ရုံအစရှိသည့်နေရာများတွင် ရောင်းချသော ရေခဲရေ၊ သံပုရာရေ၊ မန်ကျည်းရေစသည့် ရေခဲစိမ်အရည်များကို သောက်သုံးသူတို့တွင် အသည်းရောင်အသားဝါရောဂါကြီး စတင်ဖြစ်ပွားလာခဲ့သည်။ ထိုရောဂါမှ ကပ်ရောဂါသဖွယ် လူတစ်ဦးမှ တစ်ဦးသို့လျင်မြန်စွာ ကူးစက်လေရာ မျက်လုံးများမှာ

www.burmeseclassic.com

www.burmeseclassic.com



နှင်းကဲ့သို့ဝါခြင်း၊ အသားအရည်များဝါခြင်း၊ ဆီးသွားသည့်အခါ မော်တော်ကားထဲတွင် ထည့်သည့်ဘာရိတ်ဆီများကဲ့သို့ နီညိုညိုသွား ခြင်းများဖြစ်လာကြသည်။ အစပိုင်းတွင် ဘာလီရည်သောက်ပြီး နားနား နေနေ နေထိုင်လျက်သက်သာပျောက်ကင်းသည့် အသားဝါရောဂါ ခပ်ပျော့ပျော့ဟု ပေါ့ပေါ့ဆဆတွေးကာ ဆေးရုံဆေးခန်းမပြဘဲ ဆေး မြီးတိုများဖြင့် ကုကြသော်လည်း အသားဝါရောဂါဖြစ်သူတို့မှာ ပြင်း ပြင်းထန်ထန်ဖြစ်လာကြပြီး အသေအပျောက်ပင်များလာသော ကြောင့် ဘယ်နေ့ငါ့ကူးမလဲ ကူးရင်တော့ သေမှာပါဘဲဟု ထစ်ထစ်ချတွေးကာ ကြောက်လန့်လာကြသည်။ ရပ်ကွက်ထဲတွင်လည်း ဘယ်အိမ်ကအသား ဝါဖြင့်သေပြန်ပြီ။ ဘယ်အိမ်မှာဖြင့် အသားဝါ ဖြစ်သူရှိနေပြီစသည်ဖြင့် ကြားခဏပြောဆိုသံများကို စိတ်မကောင်းစွာ ကြားကြရလေသည်။

ရန်ကုန်မြို့ကန်တော်လေး မြန်မာ့ဂုဏ်ရည်လမ်း၊ ယခုပန်းဆိုး တန်း ခုံးကျော်တံတားကြီးထိပ်တွင်ရှိသော ကူးစက်ရောဂါဆေးရုံတွင် အသားဝါရောဂါသည်များ တက်ရောက်မှုများပြားလှသောကြောင့် ဆူနာကုတင်များပင် မလောက်မငှဖြစ်ရလေသည်။ သေဆုံးသူများ လည်းများပြားလျက်ရှိသည်။ ရပ်ကွက်များထဲတွင် တစ်လမ်းလျှင် တစ်ယောက်စ နှစ်ယောက်စ မကြာခဏထိုရောဂါနှင့် သေကြသဖြင့် ရိုက်ရွှတ်၍ အရပ်သန့်အောင် လုပ်ကြရလေသည်။ ကပ်ရောဂါသဖွယ် ဖြစ်သော်လည်း တချို့ကမဖဲဝါအိပ်မက်ပေးသကဲ့သို့ မပြုလုပ်မိသဖြင့် သေဆုံးရသည်ဟု ဥပဒါန်ဖြစ်ကြသည်။ ထို့ကြောင့် နေအိမ်ရှေ့တွင် သန်းညိုခြင်းများကို မဖြစ်မနေလုပ်ကြလေတော့သည်။

"အဲဒီလို ဘာဖြစ်လို့ လုပ်ကြတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဟုတချို့သော ယယ်ရှယ်သူများက မေးမြန်းကြသောအခါ သက်ကြီးရွယ်ကြီးများက

"တို့မိဘဘိုးဘွားတွေ ပြောခဲ့ဖူးတာက ရှေးရှေးတုန်းက တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေဟာနိုင်ငံမှာ စစ်မက်အန္တရာယ် ရောဂါအန္တရာယ် ငတ်မွတ်တဲ့ဘေးတွေ မကြုံတွေ့ရလေအောင် တိရစ္ဆာန်တွေရဲ့ အသွေးအသားတွေနဲ့ ယဇ်ပူဇော်ကြသတဲ့"

ဟုပြောပြသောအခါ....

"ဟင်... ဒါဆို အခုကျွန်တော်တို့လုပ်ကြတာလဲ ယဇ်ပူဇော်တာလား ဟင်"

ဟုမေးကြပြန်သည်။

"ဒါကတော့ ယဇ်ပူဇော်တာနဲ့ မဆိုင်ဘူးကွ၊ လူသေရင်ဘယ်မှာ မြှုပ်ကြသလဲ"

"မြေကြီးထဲမှာ မြှုပ်ရတာပေါ့ ဦးလေးရ"

"အေး မြေကြီးကို ဘယ်သူက ပိုင်စိုးသလဲ"

"ဒါကတော့ မသိဘူးဗျာ"

လူငယ်ကလေးများမှာ အတွေ့အကြုံ အကြားအမြင်နည်းသောကြောင့် မဖြေနိုင်ဖြစ်ကြရလေသည်။

"မှတ်ထား ငါတူတို့ရေ၊ မြေကြီးကို အစိုးရတာက ဘုမ္မာစိုးနတ်တွေပဲကွ၊ ဒါကြောင့် မြေကြီးထဲမှာလူသေတွေကို သာမန်သက်တမ်းစေ့ ကံကုန်လို့သေတဲ့လူတွေကလွဲပြီး အပပရောဂကြောင့် သေဆုံးသူတွေ မမြှုပ်ရအောင် ဗလိနတ်စာကျွေးတာကွ"

"နတ်တွေသာဆိုတယ် အမဲသားစားသလားဗျ"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များက မရှင်းသဖြင့် မေးကြပြန်သည်။

"အဲဒါကို ပြောရမယ်ဆိုရင်(၃၁)ဘုံကို ထည့်ပြီးပြောမှဖြစ်သိမ့်မယ် ဟေ့"

"ပြောပါဦးလေးရာ ကျွန်တော်တို့ အားလုံးဗဟုသုတဖြစ်တာပေါ့ဗျာ"

လူငယ်များက လိုလိုလားလားတောင့်တကြ၏။

"သုံးဆယ့်တစ်ဘုံသားဆိုတဲ့အထဲမှာ ဗြဟ္မာဘုံက(၂၀)၊ သူတော်ကောင်းတွေနေတဲ့ ဘုံပေါ့၊ တဏှာရာဂကင်းတဲ့ ဘုံလည်းဖြစ်တယ်၊ လောဘရမ္မက်လည်း မရှိဘူး၊ ဒေါသဆိုတာ ဝေလာဝေး၊ အဲအဲဒီအောက်မှာ နတ်ပြည်(၆)ဘုံ ရှိတယ်၊ နတ်စည်းစိမ်ခံစားတဲ့အတွက် အလိုဆန္ဒတွေနဲ့မကင်းဘူး၊ တူရိယာတီးမှုတ်ခံစားကြတယ်၊ ဒါပေမယ့် အညီအဟောက်၊ အသားငါးမစားဘူး၊ နတ်သုဒ္ဓါစားပြီးသန့်သန့်ရှင်းရှင်း နေထိုင်ကြတဲ့အတွက် ကိုယ်ရောင်ကိုယ်ဝါတောက်ပကြတယ်၊ တယက်တန်ဆာ ဒွါဒရာတွေဆင်မြန်းကြတယ်၊ အဲဒီဘုံအောက်မှာတော့ တို့များနေတဲ့လူ့ဘုံပေါ့ကွာ၊ နတ်တွေလိုတော့ ကိုယ်ရောင်ကိုယ်ဝါမရှိဘူး၊ ကမ္ဘဇိဒ္ဓိတန်ခိုး မရှိဘူး၊ အဲတို့နဲ့အတူ ရောနှောနေတဲ့ အပယ်ဘုံကျတော့ ဂန္ဓဗ္ဗနတ်တွေ၊ ဘီလူးယက္ခသိုက်တွေ၊ ရုက္ခစိုး ဘုမ္မစိုး တောစိုး တောင်စိုးနတ်တွေ နေကြတယ်၊ သူတို့ဟာ တစ်ချို့ကမ္ဘဇိဒ္ဓိတန်ခိုးရှိတယ်၊ တောစိုးတောင်စိုးဆိုတာ ဝေဿဝဏ်နတ်မင်းကြီးတွေက ခပိုင်စားပေးတဲ့တောတောင်တွေကို ပိုင်ကြတယ်၊ ထိုနည်းလည်းကောင်းပဲ ဘုမ္မစိုးဆိုတာလည်း မြေကြီးကိုပိုင်ကြတယ်၊ သူတို့ကျတော့

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုပေမဲ့ ဝေမာနိကပြိတ္တာတွေဖြစ်တဲ့အတွက် အထက်နတ်တွေနဲ့ မတူဘဲအသွေးအသားစားတဲ့သူတွေက စားကြတယ်၊ ဒါကြောင့်သူတို့ကို ပူဇော်ပသကြတာ၊ မဖဲဝါက လုပ်နိုင်းသည်ဖြစ်စေ မလုပ်နိုင်းသည်ဖြစ်စေ လူ့တွေက သူတို့စိတ်ယန့်ရှင်းအောင် သူတို့လုပ်ချင်လုပ်ပြီး ဥပဒါန်ကိုဖြေဖျောက်တတ်ကြတာ ငါ့တူရဲ့”

မည်သို့ပင်ဆိုစေ အနှာတက် ဆေးချက်မရှိဆိုသည့်စကားကဲ့သို့ ရောဂါဘယများကျရောက် အားကောင်းနေဆဲတွင် ဓာတ်ခံအားမကောင်းသူတို့မှာ သားကောင်သဖွယ် ဖြစ်ကြရလေသည်။ ဓာတ်ခံအားဟုဆိုသည်မှာလည်း လူတို့၏အစာအာဟာရ ကျန်းမာရေးစသည့်ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခံအားမကောင်းလျှင် ရောဂါဝင်နိုင်ဘိသကဲ့သို့ မေတ္တာတရား နည်းပါးခြင်း၊ အကျင့်သီလမလုံခြုံခြင်းစသည့် စိတ်နှင့်ဆိုင်သော ကိုယ်ခံအားများနည်းသည့်အခါ၌လည်း ရောဂါဆိုးကြီးများနှင့်ယှဉ်တွဲပါလာတတ်သော အမှောင့်ပယောဂများဝင်ကာ သေချိန်မတန်ပါဘဲ သေကြရခြင်းမျိုးများရှိတတ်ကြလေသည်။ ထိုသို့ဖြင့် အသည်းရောင် အသားဝါရောဂါဆိုးကြီးမှာ အိန္ဒိယနိုင်ငံဘက်မှ ကူးစက်လာသည်ဟု ကနဦးကဆိုခဲ့ကြသော်လည်း တစ်စတစ်စနည်းပါး၍ ပျောက်ကွယ်သွားသောအခါ ရောဂါဆိုးကြီးကို မေ့လျော့သွားကြဘိသကဲ့သို့ မဖဲဝါကိုလည်း သတိမရကြတော့ပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# သရဲ၊ သဘက်နဲ့ဘီလူးဆိုတာ

တစ်နေ့သ၌ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာပင်လမ်း၌ နေထိုင်သော ဦးပေါက်တူး၏နေအိမ်သို့ မအေးဆိုသည့်တစ်လမ်းထဲ၌နေ မိန်းကလေးတစ်ဦး ရောက်လာလေသည်။ ထိုကလေးမမှာ အမဲသတ်ရုံ၌ လိုင်စင်ဖြင့် သတ်သောအမဲသားများကို ယူ၍အမဲဈေး၌ ရောင်းချစားသောက်သော ဈေးသည်မလေးတစ်ဦးလည်း ဖြစ်လေသည်။ (ယခုခေတ်တွင် ထိုအမဲသတ်ရုံကို လေဟာပြင်ဈေးအဖြစ် ပြောင်းခဲ့ပြီး နောက်ဆုံးအဆောက်အဦးကြီးများဆောက်ကာ ဆိုင်ခန်းများ လူနေအိမ်များစသည်ဖြင့် ပြုလုပ်ထားခဲ့သည်။)

"ဦးလေး အစ်မရှိလား၊ ကျွန်မသူ့ဆီမှာ အထည်မှာထားလို့"

ဦးပေါက်တူး၏မိန်းမမှာ ရန်ကုန်နှင့်မော်လမြိုင်မှာ မှောင်ခိုကုန်ကူးကာ မော်လမြိုင်သို့ ယိုးဒယားဘက်မှာဝင်လာသော အထည်အဝတ်အစားဆင်ကြယ်ဖိနပ်၊ ပလပ်စတစ်လက်ဆွဲခြင်း၊ အလှပြင်ပစ္စည်းများများကို အထည်ဆိုင်ပစ္စည်းရောင်းသည့် ဆိုင်များသို့ဖောက်သည်သွင်း

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။ ထိုသို့မပေးသွင်းမီ အမဲသားသည် မိန်းကလေး မအေးက ဦးအောင်လာ၍ ကြိုက်ရာရွေးဝယ်တတ်သည်။

"အေး…ရှိတယ် ညနေကပဲ မော်လမြိုင်ကပြန်ရောက်လာတယ်၊ ဟော့… သိန်းသိန်းရေ မအေးလာတယ်"

ဦးပေါက်တူးက ရေမိုးချိုးပြီး အိမ်ခန်းထဲတွင် ဖီးလိမ်းနေသော ဇနီးဖြစ်သူကို လှမ်းအော်လိုက်သည်။

"လာပြီ…. လာပြီ…. မအေးရေ"

သိန်းသိန်းက ပြောပြောဆိုဆို အဝတ်ထုပ်တစ်ထုပ်ကိုဆွဲကာ အခန်းထဲမှထွက်လာပြီး မအေးရှေ့၌ချပေးလိုက်သည်။ မအေးက အဝတ်ထုပ်ကိုဖြည်ကာ သူလိုချင်သော အထည်စများကို မွှေနှောက်ရှာဖွေကာ ရွေးချယ်နေ၏။

"မနက်အစောကြီး လာရောပေါ့ မအေးရယ်"

သိန်းသိန်းက တစ်စုံတစ်ရာကို စိုးရိမ်သည့်လေသံဖြင့် ပြောလိုက်သည်။

"ကျွန်မက ဦးဦးဖျားဖျား လိုချင်တာရအောင်လို့ပါ၊ ဘာဖြစ်လို့လဲ ဟင်"

"ဘာဖြစ်ရမှာလဲ၊ ညည်းက အမဲသားရောင်းတဲ့သူဆိုတော့ ညဘက်သိပ်ထွက်လို့ ဘယ်ကောင်းပါ့မလဲ"

သိန်းသိန်းကပြောလိုက်သည်။

"သြော်… သိပြီ၊ ဒါပေမဲ့ ညဘက်မှာ အမဲသားတွေ ဘာတွေ ကျွန်မလျှောက်မရောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မအေးက သိန်းသိန်းဘာကို ဆိုလိုလိုက်သည်ကို သိသဖြင့် ပြောလိုက်ပြန်သည်။

"ညဘက်မှာ ကိုယ်နဲ့အတူ အမဲသားမပါပေမဲ့ တစ်နေ့လုံး သွေးရဲရဲသံရဲရဲနဲ့ ကိုင်တွယ်ရောင်းချနေရတာ တစ်နေ့လည်းမဟုတ်နှစ်နေ့ လဲမဟုတ်၊ နိစ္စဓူဝဆိုတော့ ညှီနံ့တွေ သွေးနံ့တွေက ရောဘယ်လောက် ပဲချိုးချိုး မပျောက်ဘူးမဟုတ်လား၊ ညဘက်ဆိုတာကလည်း မကောင်း ဆိုးဝါးတွေထွက်တာတော့ ငါကစိတ်ပူလို့ ပြောတာပါ"

"အင်း အစ်မပြောတာ ဟုတ်ပါတယ်၊ ငါးစိမ်းသည်ပဲဖြစ်ဖြစ် အမဲသား၊ ဝက်သားသည်ပဲဖြစ်ဖြစ် နိစ္စဓူဝဒါတွေကိုပဲ ခုတ်ထစ်ကိုင် တွယ်နေရတော့ ကိုယ်ပေါ်မှာ အစွေးအကြိုင်တွေလိမ်းပြီး ဘယ်လိုပဲ ဖုံးဖုံး ရောဘယ်နှစ်ထပ်ပဲချိုးချိုး အနံ့တွေကစွဲနေတော့ မပျောက်ဘူး အစ်မရဲ့"

"ငါကလဲ အဲဒါပြောတာပါ၊ ပရိယေသန ဝမ်းစာရေးအတွက် နေကုန်နေခန်း ကိုယ်တတ်စွမ်းသမျှ အလုပ်အကိုင်တွေနဲ့ စီးပွားရှာ ကြတာမို့ အမဲသားမရောင်းပါနဲ့၊ ကြက်သားမရောင်းပါနဲ့လို့တော့ အစမ္မမပြောချင်ပါဘူး၊ တို့ဘိုးဘွားတွေပြောတာ ပြန်ပြောရမယ်ဆိုရင် တော့ သမာဒေဝနတ်ကောင်း၊ နတ်မြတ်တွေဟာ အသားငါးစားတဲ့လူ တွေ အနားကိုမကပ်နိုင်ကြဘူးတဲ့၊ အဲဒီလူတွေရဲ့ ကိုယ်ကထွက်တဲ့ အနံ့အသက်တွေကို မခံနိုင်ကြဘူးတဲ့၊ အသီးအနှံအသက်သတ်လွတ် စားတဲ့ လူတွေမှာ အနံ့အသက်နည်းတယ်ဆိုပေမဲ့ ကိုယ်တွင်းအော ခံဖြစ်တဲ့ အကျင့်သီလတို့ မေတ္တာတရားတို့ ခေါင်ပါးနေပြန်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သမာဒေဝနတ်တွေဟာ အဲဒီလူတွေရဲ့အနားကို မလာကြဘူးတဲ့၊ တို့လို စားချင်ရာစား လောဘဒေါသတွေ ပိတ်ဖုံးနေတဲ့ လူတွေရဲ့ အနားဆိုရင်တော့ ဝေလာဝေးပေါ့၊ အဲ… ဒါပေမဲ့ တို့အနားကို လာချင်တဲ့သူတွေ ရှိတော့ရှိပါရဲ့"

သိန်းသိန်းကပြောရင်း ပြောရင်း အာခြောက်လာဟန်တူ၏။ သူ၏စကားကို ခေတ္တရပ်နားလိုက်သည်။

"ဟင် ကျွန်မတို့လို လူတွေရဲ့အနားကို လာချင်တဲ့သူတွေ ရှိတယ်ဟုတ်စ၊ ဘယ်သူတွေများလဲ အစ်မရယ်"

"အစိမ်း သဘက် မကောင်းဆိုးဝါး နာနာဘာဝတွေပေါ့၊ အေရယ်၊ သူတို့က အသွေးအသားတို့ အစိမ်းအစိုတို့ကြိုက်တယ် မဟုတ်လား၊ ကြောင်တွေ ခွေးတွေလိုပေါ့၊ အနံ့ရတာနဲ့ အမြီးထောင်ပြီး အပြေးလာကြတယ် မဟုတ်လား"

"ဒါနဲ့ အစ်မပြောတဲ့ သရဲ သဘက် နာနာဘာဝတွေဆိုတာ အခုထိ ကျွန်မမသဲကွဲသေးဘူး၊ တစ္ဆေတဲ့ သရဲတဲ့၊ သဘက်တဲ့ ဖုတ်တဲ့ ဘီလူးတဲ့၊ အဲဒါဘယ်လိုကွဲပြားသလဲဟင်"

မအေးက ရုတ်တရက်မေးချလိုက်သောအခါ သိန်းသိန်းက ပြန်မဖြေတတ်တော့ပဲ မအေးကိုကြောင်တောင်ကြီးငေးကာ ကြည့်နေလေ၏။ ထိုစဉ် ဦးပေါက်တူးကဝင်၍ သူသိသမျှ ပြောပြရတော့သည်။

"တစ္ဆေဆိုတာ လူကိုခြောက်လှန့်တတ်တဲ့ ဝိညာဉ်ကိုခေါ်တာ မအေးရဲ့၊ ခြောက်ပုံလှန့်ပုံကတော့ အမျိုးမျိုးရှိတယ်၊ တစ်ချို့က အပုပ်နံ့ပေးပြီး ခြောက်ကြတယ်၊ တချို့ကြပြန်တော့ ဥပမာဆေးရုံတို့ ဘာတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



သေတဲ့သူဆိုရင် သူတို့လာတဲ့အကြောင်း သိစေချင်တဲ့အခါ ဆေးနဲ့တွေ တစ်ထောင်းထောင်း ထအောင်အနံ့ပေးကြတယ်၊ အမွှေးတိုင်နံ့စူးစူးတို့ ဘာတို့ပေါ့ကွယ်၊ ဒါတွေအားလုံးဟာ အနံ့ပေးခြောက်တာပဲ၊ အဲတချို့ကျ ပြန်တော့ အကောင်အထည်သဏ္ဌာန်ကိုပြပြီး ခြောက်ကြတယ်၊ ဥပမာ သူ့သေစဉ်ကဝတ်စားထားတဲ့ အဝတ်အစားတွေဝတ်ပြီးလူတွေမြင်အောင် ပြကြတယ်၊တချို့ကျတော့ ဝိုးတိုးဝါးတား မြူလိုလိုမြင်အောင် ပြကြ တယ်၊ မျက်နှာတို့ ကိုယ်လက်အင်္ဂါတို့ကို ထင်ထင်ရှားရှားမမြင်ကြရ ဘူး၊ တချို့ကျပြန်တော့ ကြောက်စရာရုပ်ဆင်းသဏ္ဌာန်ကြီးတွေနဲ့ ထင် ထင်ရှားရှားပြပြီး ခြောက်တတ်ကြတယ်၊ ဒါတွေကတော့ အမြင်အာရုံကို ကြောက်အောင်လန့်အောင် အကောင်အထည်နဲ့ပြတာပဲ၊ နောက်ထပ် ခြောက်ပုံ ခြောက်နည်းရှိသေးတယ်၊ အဲဒါက အသံနဲ့ခြောက်တာကွဲ့ ခြေသံတရှပ်ရှပ်ပေးတာတို့ ဒုန်းကနဲ ဒိုင်းကနဲ တစ်ခုခုပြုတ်ကျတဲ့အသံ တို့ ထရံတို့ဘာတို့ကို လက်နဲ့ပုတ်တဲ့ အသံပြုတာတို့ပေါ့ကွယ်"

အမှန်ကတော့ တစ္ဆေပဲခေါ်ခေါ် သူရဲလို့ပဲခေါ်ခေါ် အပယ်ဘုံ သား အပယ်ဘုံသားဖြစ်တဲ့ ပြိတ္တာဘဝကိုရောက်သွားကြတဲ့သူတွေပဲ ပေါ့၊ ထိတွေ့ကိုတွယ်နိုင်တဲ့ ဓာတ်ကြီးလေးပါးအစုအဝေးနဲ့ တည် ဆောက်ထားတဲ့ ရုပ်ခန္ဓာမရှိကြတဲ့သူတွေပေါ့၊ အဲဒီသူတွေဟာပြိတ္တာ ဘဝကိုရောက်ပြီး တို့လူတွေရဲ့ သက်တမ်းနဲ့ရေတွက်မယ်ဆိုရင် ဆယ် နှစ်ကျော်တဲ့အထိ မကျွတ်လွတ်သေးဘဲ ရှိနေခဲ့မယ်ဆိုရင် အစွယ်တို့ အမွှေးတို့ရှည်လာကြသတဲ့၊ အဲဒါကို အစွယ်ပေါက်တယ်၊ အမွှေးပေါက် တယ်လို့ ပြောကြတယ်၊ ဒီထက် ဒီထက်ပိုပြီး ကြာလာရင်တော့အားရွက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေရှည်၊ လက်ကြီးတွေရှည်လာလို့ သဘက်ကြီးတွေလို့လူတွေက ခေါ်ကြပြန်ရော၊ အရွယ်အစားကြီးရင့်လာတဲ့သဘောပေါ့။

ဦးပေါက်တူးကရှင်းပြသည်ကို မအေးကစိတ်ဝင်စားမှု အပြည့်ဖြင့်နားထောင်နေသည်။

"ဒါနဲ့ ခုနကဦးလေးပြောတော့ အကောင်အထည်မရှိဘူးဆို"

မရှင်းသည့်အခါ မအေးကထမေးသည်။

"ဟုတ်တယ်လေ ထိတွေ့လို့ရတဲ့ အကောင်အထည်တော့ မရှိဘူး၊ ဒါပေမဲ့ ကံနိမ့်တဲ့သူတွေမြင်ရတဲ့ အမြင်အာရုံတော့ရှိတယ်"

"အင်း... ကြောက်စရာကြီးနော်၊ သူတို့နေတော့ ဘယ်မှာ နေကြသလဲ ဟင်"

မအေးကမေးလိုက်ပြန်၏။

"သစ်ပင်ပေါက်စ ရွက်နှစ်ခွတဲ့၊ သစ်ပင်ကလေးပေါက်လာလို့ အရွက်ကလေးနှစ်ခွ ထွက်လာပြီဆိုတာနဲ့ သူတို့နေစရာအမှီပြုစရာဖြစ် နေပြီ၊သူတို့ကိုအုပ်ချုပ်တဲ့ ဝေဿဝဏ်နတ်မင်းကြီးတွေကနေခွင့်ပေး တဲ့အပင်တွေမှာ နေကြရတယ်၊ ဒါကြောင့်သစ်ပင်စိုက်တဲ့အခါ အတော် သတိထားရတယ် မအေးရဲ့"

"ဟာ...ဦးလေးကလဲ ကိုယ်စားချင်တဲ့အပင် ကိုယ်စိုက်တာ ကြီးလာလို့ သီးပွင့်လာရင် ခူးစားရုံပဲမဟုတ်လား၊ ဘာတွေသတိထား စရာလိုလို့လဲ"

"ကိုယ်စိုက်တဲ့အပင်က အသီးအနှံကို ကိုယ်ခူးစားလို့ရပါ တယ်၊ ဒါပေမယ့် ကိုယ်စိုက်တဲ့အပင်ကို ဘယ်သူဖြစ်နေ ဘယ်သူဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မနေရဘူး၊ ဘာအတွက်စိုက်တာ စသည်ဖြင့် ပြောစိုက်ရတယ်၊ ပြီးတော့ သစ်ပင်စိုက်တဲ့အခါ မြေတွင်းတူးပြီး ကြက်တို့ ဆိတ်တို့စတဲ့ တိရစ္ဆာန်တွေရဲ့ သွေးခံပြီးမစိုက်ကောင်းဘူး၊ ဘီလူးတို့ ဘာတို့နေတတ်တယ်"

"အမလေး ကြောက်စရာကြီးတော့ ကျွန်မသာဆိုရင် ကျွန်မစိုက်တဲ့အပင်ကို အမဲသားဆေးတဲ့ ရေတွေဘာတွေ လောင်းမိရင်လောင်းမိမှာ၊ ဒါနဲ့ဘီလူးဆိုတာကတော့ နတ်လား သရဲပဲလား ဟင်"

"ပြောပြပါ့မယ်၊ ခုနက သစ်ပင်အကြောင်း ဆက်ရအောင်၊ ညည်းတို့အမဲသတ်ရုံနားက ကုက္ကိုလ်ပင်ကြီးတွေ၊ ခရေပင်ကြီးတွေကျတော့တစ်ပင်ကို လူ့လက်နှစ်ဘက်သုံးဘက်လောက် လုံးပတ်စည်ကြီးတွေက ကြီးမားလွန်းတော့ ဘဘက်ကြီးတွေ နေကြတယ်ကွဲ့၊ ညောင်ပင်ထန်းတွေကျတော့ ရုက္ခစိုးတို့၊ ဘီလူးတို့နေကြတယ်၊ တို့ပြောလေ့ပြောထရှိတဲ့ စကားလိုပေါ့ကွယ်၊ သူခိုးကြီးတော့ ဓားပြဖြစ်သတဲ့ ဓားပြကြီးပြန်တော့ သူပုန်ဖြစ်ပြန်ရော၊ အဲဒီလိုပဲ သရဲကြီးတော့ဘီလူးဖြစ်တာပေါ့၊ ဘီလူးဆိုတာ ပြိတ္တာပါပဲကွယ်၊ သရဲသဘက်တွေဟာ နေစရာမရှိတဲ့အခါ လမ်းတို့အဆောက်အဦးတို့ ဘုရားတန်ဆောင်း ကျောင်းကန်တွေမှာလည်း ခိုကပ်နေတတ်ကြတယ်၊ ဒါကြောင့် သစ်ပင်တွေဘာတွေ အရမ်းမခုတ်နဲ့ကွဲ့"

"ဦးလေးပြောမှပဲ သရဲတို့ သဘက်တို့ဆိုတာ သဲသဲကွဲကွဲသိရတော့တယ်၊ သစ်ပင်ခုတ်ရင် ဘာဖြစ်တတ်သလဲဆိုတာ သိရင်ပြောပြပါလားဟင်"

"အင်း ပြောပြရတာပေါ့၊ ဦးလေးတို့ အိမ်နဲ့နှစ်အိမ်ကျော်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ စိုးတင့်ဆိုတဲ့ ကြံ့ရာကျဖမ်းလုပ်ကိုင်စားသောက်တဲ့ ကောင်လေး တစ်ယောက်ရှိတယ်၊ တစ်နေ့ သစ်ပင်ခုတ်တဲ့အဖွဲ့တစ်ဖွဲ့က သူကိုနေ့စား လိုက်ဖို့ခေါ်တာနဲ့ လိုက်သွားတယ်၊ ခုတ်ရမယ့်နေရာက သက်နိုးကျွန်း ဘက်က စက်ရုံကြီးတစ်ရုံရဲ့ ဝင်းထဲမှာ"

အပင်ကတော့မြစ်ပျဉ်းတွေအမြှာမြှာနဲ့ ပင်စည်ကယောကျ်ား ကြီး သုံးလေးယောက်လောက် လက်ချင်းဆက်ပြီး ဖက်ထားရသ လောက်အောင် ကြီးတဲ့သက်တန်းရင့် ညောင်ပင်ကြီးပါပဲ။ စက်ရုံက အသစ်ထပ်ဆောက်မှာမို့မလွှတ်တဲ့အတွက် သစ်ပင်ခုတ်ခကောင်း ကောင်းပေးပေမဲ့ အနီးအနားကလူတွေ ဘယ်သူမှမခုတ်ရဲကြလို့ခုတ် မယ့်သူရှာနေတဲ့အခိုက် အဲဒီအဖွဲ့နဲ့တွေ့ပြီး ဈေးတည့်ကြတာတဲ့။ ဒါနဲ့ စိုးတင့်တို့အဖွဲ့ဟာ ပေါက်ဆိန်တွေ၊ ငါးမန်းလွှတွေ အစရှိတဲ့အတန်ဆာ ပလာ တွေယူပြီး စက်ရုံကိုလာခဲ့ကြတယ်၊ ခန့်မှန်းခြေ သုံးလေးရက် လောက် ခုတ်ကြရမှာမို့ စားအိုးစားခွက်တွေယူပြီး ချက်တဲ့လူကချက် ခုတ်တဲ့လူကခုတ်၊ ညနေအလုပ်သိမ်းရင်စက်ရုံထဲက အုတ်ကန့်မှာရေမိုး ချိုး ညအိပ်တော့ အဲဒီအပင်ကြီးနဲ့မလှမ်းမကမ်းက မြေပေါ်မှာပဲစက်ရုံ ထဲက ဖျာကြမ်းတွေ ဖြာခင်းပြီးအိပ်ကြနဲ့ပေါ့၊ ပထမနေ့ ညောင်ပင်ကြီး မှာရှိတဲ့ ကိုင်းဖျားကိုင်းနားတွေကို အရင်းခုတ်ထွင်ရှင်းလင်းကြတယ်။ အဲဒီအထိပြဿနာကြီးကြီးမားမား မရှိကြသေးပေမဲ့ ညဘက်လည်း ရောက်ပါလေရော တရှီရှီနဲ့မြွေတွန်သံတွေကြားရလို့ လက် နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တဲ့အခါ ညောင်ပင်မြစ်ပျဉ်းတွေကြားက မြွေဟောက်တွေထွက် လာ လိုက်၊ ဝင်သွားလိုက်တွေ့ရလို့ တစ်ညလုံးမအိပ်ရဲဘဲ ငုတ်တုတ် ထိုင်နေကြရသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့ရောက်တော့ အကိုင်းကြီးတွေကို ခုတ်ချ၊ ဖြတ်တောက်ရင်း တစ်နေကုန်ပြန်တယ်။ လူတွေလည်း အရမ်းကိုပင်ပန်းလွန်းလို့ စားသောက်ပြီးတာနဲ့ တုံးကနဲအိပ်ပျော်သွားကြတယ်။ အဲဒီညက အဖွဲ့ခေါင်းဆောင်ကို ကုလားဆိုတဲ့လူက သူအိပ်မက်မက်တယ်လို့ အဖွဲ့သား အားလုံးကို ပြန်ပြောပြတယ်။ အိပ်မက်ထဲမှာ ညောင်ပင်ထက်တောင် မြင့်သေးတဲ့ အစွယ်ပြူးပြူးနဲ့ ဘီလူးကြီးတစ်ကောင်က ခါးထောက်မတ်တပ်ရပ်ပြီး သူတို့ဘက်ကို နီရဲနေတဲ့မျက်လုံးကြီးတွေနဲ့ ကြည့်နေဆိုပဲ။ ညောင်ပင်က ပေသုံးဆယ်ထက်မနည်းမြင့်တော့ ဘီလူးကြီးရဲ့အရပ်ဟာ အတော်မြင့်တာပေါ့၊ ဒါကိုမြင်လိုက်တဲ့ ကိုကုလားက လန့်သွားတယ်။ ဘီလူးကြီးက သူ့ကိုညောင်ပင်ဟာ သူနေတဲ့ဘိမ္မာန်ဖြစ်လို့မခုတ်ရဲအောင် မြွေတွေပြတာကိုနောက်မဆုတ်ဘဲ ဆက်ခုတ်တဲ့အတွက် သတိပေးဖို့ကိုယ်ထင်ပြတာတဲ့ ဆက်ခုတ်ရင်အားလုံး သေကုန်လိမ့်မယ်တဲ့။ အဲဒီအိပ်မက်၊ မက်တဲ့ ကိုကုလားက သူညောင်ပင်ကို ဆက်မခုတ်တော့ဘူးလို့ပြောတော့ အဖွဲ့ထဲကလှစိန်ဆိုတဲ့လူက ခင်ဗျားမခုတ်ချင်ပြန်၊ ကျုပ်တော့ ဒါတွေမယုံဘူး။ အလုပ်ကိုတစ်ဝက်နီးပါးလုပ်ပြီးမှလက်မလျှော့ဘူး ဆက်ခုတ်မယ်ဆိုပြီး ကျန်ရစ်ခဲ့တယ်။ ကိုကုလားနဲ့ စိုးတင့်တို့ကတော့ လုပ်ခမရချင်နေဆိုပြီး ပြန်ကြတယ်။

ကျန်ခဲ့တဲ့အဖွဲ့ဟာ အကိုင်းတွေကိုဆက်ခုတ်ပြီး ညဘက်ရေမိုးချိုး ထမင်းမစားမီ ပင်ပန်းလို့ဆိုပြီး အရက်သောက်ကြရာက ရန်ဖြစ်ကြပါလေရော။ ဘယ်လိုမှ ဆွဲမနိုင် လွဲမနိုင်ဖြစ်ရာက တုတ်နဲ့ထင်းကိုကြတာ ကွဲပြဲပြီး ဆေးရုံရောက်ကြလို့ ညောင်ပင်ကို အပြီးသတ် မခုတ်

www.burmeseclassic.com



ဖြစ်ကြတော့ပါဘူး။ ကဲ… ဘယ်လိုပြောမလဲ။ မထူးဆန်းဘူးလား။ သူတို့သစ်ပင်ခုတ်တာပဲ ကြာလှပြီ။ ဒီညောင်ပင်ကျမှ ပြဿနာက အကြီးအကျယ်ဖြစ်ကြတာ။

ဦးပေါက်တူးက အဖြစ်အပျက်တစ်ခုကို ပြောပြလေရာ မအေးကနားထောင်ရင်း ကြက်သီးများပင်ထလာတော့သည်။

"ကဲ… စကားကောင်းနေလိုက်တာ ကျွန်မလိုချင်တဲ့အထည် လည်းရပြီ၊ နာနာဘာဝ ဝိနာဘာဝတွေရဲ့အကြောင်းလည်း နားထောင်ရပြီ၊ ဒါပေမဲ့ ကျွန်မအိမ်မပြန်ရဲတော့လို့ အစ်မလိုက်ပို့ပါလားဟင်"

မအေးက သိန်းသန်းကို အကူအညီတောင်း၏။ သိန်းသန်းက ဦးပေါက်တူးကိုခေါ်ကာ မအေးနေသည့်အိမ်သို့ လိုက်ပို့ပေးရလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



# လေချွန်နတ်

မအေးပြန်သွားပြီး ရက်များမကြာမီမှာပင် သိန်းသန်းတစ်ယောက် မော်လမြိုင်သို့ မှောင်ခိုကုန်ကူးရန် တစ်ခေါက်ထပ်တက်သွားခဲ့သည်။

"ဦးလေးရေ ဦးလေး အစ်မပြန်ရောက်ပြီလား"

မအေး၏အော်သံကြောင့် သိန်းသန်းကအိမ်ထဲမှထွက်လာသည်။

"လာ... တက် ဒီတစ်ပတ် မိုးကျကာနီးဆိုတော့အထည်တွေ သိပ်မပါဘူး၊ မိုးကျကာနီးဆိုတော့ အထည်တွေ သိပ်မပါဘူး၊ မိုးစီးဖိနပ် ဆင်ကြယ်၊ မြင်းကြယ်နဲ့ ယိုးဒယားပိုက်ဖိနပ်တွေချည်းပဲ သယ်လာခဲ့တယ်"

သိန်းသန်းက အထည်ကြည့်ဖို့လာတာမဟုတ်ပါဘူး အစ်မရဲ့ ကြို့ပင်ကောက်မှာ လေချွန်နတ် သွားမေးမလို့ပါ၊ အဲဒါအစ်မလိုက်ဦး မလားလို့ အဖော်လာစပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



မအေးက ပြောလိုက်တာကြောင့် သိန်းသန်းခမြာ ကြောင်သွားရှာလေ၏။

"လေချွန်နှက်ဆိုတာ ဘာလဲ မအေးရဲ့"

သိန်းသိန်းက မေးလိုက်သောအခါ…

"အင်း ကျွန်မလည်း သေသေချာချာတော့ မသိဘူး၊ သေသွားတဲ့သူတွေဘယ်ဘဝ ရောက်နေသလဲဆိုတာ မေးလို့ရတယ်လို့ပြောတာပဲ၊ ဦးလေးပေါက်တူးကို မေးကြည့်ရင်သိမှာပေါ့ ဦးလေးကရွှေမီ နောက်မီပဲ"

"ညည်း ဦးလေး မရှိပါဘူးအေ၊ တောက သူ့ဘကြီးဆုံးလို့သွားတယ်၊ ရက်လည်ပြီးမှပြန်လာမှာ၊ ဒါနဲ့ဘယ်လိုမေးရသတဲ့လဲအေ၊"

သိန်းသိန်းက စိတ်ဝင်စားလာသဖြင့် မေးပြန်၏။

"သွားဖူးတဲ့လူတွေပြောတာတော့ သေဆုံးသွားတဲ့ လူရဲ့သေတဲ့နေ့၊ ချစ်တဲ့သူ့သသန်နဲ့အမည်ကိုပြောရင်ရပြီတဲ့"

"အော်… မေးခ နှစ်ကျပ်တစ်မတ် တင်ရင်ရတယ်တဲ့ အမရေ"

"ဟယ်… ဟုတ်လား၊ ငါလည်း ငါ့အမေ ဘယ်ဘဝရောက်နေလဲဆိုတာကို မေးချင်လိုက်တာ"

"ကိုပေါက်တူးသာရှိနေရင် ငါလိုက်ခဲ့ပါတယ်"

သိန်းသိန်းကပြောလိုက်သည်။

"စိတ်မပျက်ပါနဲ့အစ်မရယ်၊ ကျွန်မအခုတစ်ခေါက်သွားလို့ပြန်ရောက်လာရင် အစ်မသွားချင်တဲ့အခါ လိုက်ပို့ပေးပါ့မယ်"

မအေးက ပြောဆိုပြီး သူ့အိမ်သို့ပြန်လာခဲ့သည်။ နောက်တစ်နေ့ နံနက်(၄)နာရီတွင် မအေးက သူ့ဆိုင်နံဘေးမှ ဆိုင်သားသည် မအုံးကြည်နှင့်အတူ ကြည့်မြင်တိုင်ဘူတာမှ ပြည်သို့ထွက်သော ရထား

www.burmeseclassic.com

www.burmeseclassic.com



ကို စီးကာကြို့ပင်ကောက်မြို့သို့ လိုက်ပါလာခဲ့သည်။ ကြို့ပင်ကောက် ဘူတာသို့ ရောက်သောအခါ ဆိုက်ကားသမားကို လိုက်ပို့ခိုင်း ရာ ဘူတာနောက်ဘက်ရှိရပ်ကွက်တစ်ခုရှိ လေချွန်နတ်ဟောသော နေအိမ်သို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအိမ်ခြံထဲတွင် ဇရပ်ကဲ့သို့သော လူအများခေတ္တနေနိုင်သည့် တဲတစ်တဲရှိရာ ထိုတဲတွင်မအေးတို့ကဲ့သို့ လေချွန်နတ်မေးမည့် လူအများမှာ ရောက်ရှိနေကြပြီး နားခိုလျက်ရှိကြ သည်။

"လေချွန်နတ်မေးမလို့လား စာရွက်ပေါ်မှာ သေသူရဲ့နာမည်၊ အသက်၊ မြှုပ်တဲ့ သင်္ချိုင်းရေးပြီး စားရင်းသွားပေးထားလေ၊ ညကျမှ ဟောမှာ"

အရင်ရောက်သူများက ဆိုသဖြင့် မအေးနှင့်မအုံးကြည်တို့က သူတို့မေးလိုသည့်သူများကိုရေးကာ တဲနှင့်မလှမ်းမကမ်းတွင်ရှိသော ခြေတံရှည်အိမ်ကြီးဆီသို့ စာရွက်သွားပေးထားကြသည်။ ညနေစာကို အသင့်ချက်ပြုတ်၍ ထည့်သိုယူငင်လာသော ထမင်းချိုင့် ထမင်းသုတ် တို့ကိုဖွင့်ကာ တဲပေါ်၌ပင် စားကြသည်။ အလေးအပေါ့သွားရန် အိမ်ခြံ ဝန်းထဲရှိ ဧည့်သည်များအတွက် ဆောက်လုပ်ပေးထားသော အိမ်သာသို့ သွားကြရလေသည်။ ညနေစောင်းချိန်သို့ရောက်သောအခါ လူအများ မှာ ရုတ်ရုတ်ယက်ယက်ဖြစ်လာကြပြီး ပွဲထွက်ကာနီး ကနာမငြိမ်သူတို့ ကဲ့သို့ ထိုင်မရထမရဖြစ်လာကြသည်။ နေရောင်ပျောက်ပြီးညခုနစ် နာရီခန့်ရှိသောအခါ အိမ်ကြီးပေါ်မှ မိန်းမတစ်ယောက်ကလှမ်းခေါ် သဖြင့် အားလုံးအိမ်ပေါ်သို့ တက်ကြရသည်။ အိမ်ပေါ်သို့ရောက်သော အခါ အိမ်ရှေ့ခန်းကြမ်းပြင်တွင် ခင်းထားသောဖျာပေါ်တွင် ပွဲကြည့်သည့် သူများ ဇာတ်စင်ရှေ့တွင် ထိုင်သကဲ့သို့ထိုင်ကြရလေ သည်။ အိမ်ရှေ့ခန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ စရောက်စက ရေနံဆီမှန်အိမ်ကလေး၏ အလင်းရောင်ကြောင့် အခန်းကိုသဲသဲကွဲကွဲ မြင်ရသည်။ သူတို့မျက်နှာမူကာ ထိုင်နေသော ဘက်တွင် စင်တစ်စင်ရှိသည်။ ဘုရားစင်မဟုတ်။ ဘာစင်မှန်းလည်း မသိ။ ထိုစင်နှင့်ပရိသတ်ကို လူတစ်ထိုင်ခန့်ရှိသော အနက်ရောင် ပိတ်စ ကြီးနှင့်ခန်းဆီးကာသလို ကာထားထားသည်။ ထိုပိတ်စကြီး ၏နောက် တွင်ဘာရှိသည်ကိုလည်း မမြင်ရချေ။ ထိုပိတ်စကြီးကပ်လျက် ပရိသတ် ၏ ရှေ့ဆုံးတွင်မိန်းမကြီးတစ်ဦး ထိုင်လျက်ရှိပြီး စင်ပေါ်သို့ကြည့်ကာ ပါးစပ်မှတစ်တွတ်တွတ်ဖြင့် ဆိုမန်းမန်းသလိုရွတ်နေလေသည်။ မိန်းမ ကြီးမှာ အင်္ကျီအဖြူရောင်လုံချည်မှာ နက်ပြာလိုလို အညိုရင့်လိုလိုအရောင် မျိုးရှိသော ထဘီကို ဝတ်ဆင်ထားလေသည်။ ခေါင်းပေါ်၌ ဆံပင်ကို ဆံထုံးထုံးထားသော်လည်း နောက်တွဲလည်း မဟုတ်၊ ဘေးတစ်ဘက် စီတွင်လည်းမဟုတ် နဖူးအထက်ထိပ်တဲ့တဲ့ တွင် ဖြစ်လေသည်။ ဓာတ်ပွဲ များ ထဲတွင်တောလိုက်မုဆိုးများ ထုံးထားသော ဆံထုံးကဲ့သို့ပင်···

"ကဲ··· အားလုံးနားထောင် တစ်ယောက်ကို ငွေနှစ်ကျပ် တစ်မတ်တင်ပြီး မေးခွန်းငါးခုပဲ မေးရမယ်၊ အခုပထမဆုံးရန်ကုန်မြို့ ကြည့်မြင်တိုင်က မချိုအေးတင်ပါ"

မိန်းမကြီးကပြောလိုက်သဖြင့် မချိုအေးဆိုသူက အသင့်ဆောင် လာသော မတ်စေ့(၉)စေ့ကို မိန်းမကြီး၏လက်ထဲကို ကမ်းပေးလိုက် သည်။ မိန်းမကြီးက လှမ်းယူလိုက်ပြီး····

"သေသူက ဒေါ်မြမေ၊ အသက်(၆၀)၊ သေတဲ့ရက်က··· ချတဲ့သင်္ချိုင်း ကြံတောသင်္ချိုင်း ဟုတ်တယ်နော်"

မိန်းမကြီးသေချာအောင် မေးလိုက်သည်။

"ဟုတ်ပါတယ်····"

www.burmeseclassic.com

www.burmeseclassic.com



"ကဲဒါဆို ငါက မေးဆိုတာနဲ့ စမေး၊ ငါကဘာမှမပြောသေးဘဲနဲ့ မမေးနဲ့နော် ကြားလား"

မိန်းမကြီးက ပြောဆိုလိုက်သည်နှင့် မှန်အိမ်ကို မီးစာနှိမ့်လိုက်ရာ တစ်အိမ်လုံးမှောင်မဲသွားလေ၏။ မိန်းမကြီးဘာလုပ်နေသည် ဘာပြောနေသည်ကိုလည်း မသိရတော့ ထိုစဉ် အိမ်၏ခေါင်မိုးဘက်ဆီမှ လိုလို ခေါင်းရင်းဘက်ကလိုလို ရှီကနဲ လေချွန်သံတစ်ချက် ခပ်ဝေးဝေးသို့ထွက်သွားသလို ကြားလိုက်ရပြီး မကြာမီမှာပင် ခပ်ဝေးဝေးက ရှီကနဲလေချွန်သံတစ်သံ ပြန်ဝင်လာသလို ကြားလိုက်ရပြန်၏။

"ကဲ... မေးတော့"

မိန်းမကြီး၏အသံက မှောင်ထဲတွင်ထွက်ပေါ်လာသည်။

"အခု ဒီကိုလာတာ ဘယ်သူလဲဟင်"

မချိုအေးက စမေးလိုက်သည်။

"အမေ့သမီး အကြီးဆုံးလို့ပြောတယ်"

ပြန်ဖြေသူမှာ မိန်းမကြီး၏အသံဖြစ်သည်။

"အိမ်မှာဘယ်သူတွေ ကျန်ခဲ့သလဲဟင်"

"သမီးငယ်ရယ်၊ မြေးကလေးရယ်၊ သမီးကြီးရဲ့ယောကျ်ားရယ်"

"အခု ကျွန်မနဲ့အတူပါလာတာကကော"

"အိမ်ခေါင်းရင်းအိမ်က ကောင်မလေး"

"အမေအခု ဘယ်မှာနေလဲဟင်"

"ကိုးထပ်ကြီး ဘုရားမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ကို ဘာလုပ်ပေးရမလဲဟင်"

"သက်နှုန်းလှူပေးပါ၊ အမျှဝေပါ"

မေးခွန်း(၅)ခု ပြည့်သွားသဖြင့် မီးပြန်လင်းလာပြန်သည်။ နံဘေးတွင် ထိုင်နေသူများက မချိုအေးကို လက်တို့၍ "မှန်သလား" ဟုမေးကြသည်။ မချိုအေးက မျက်ရည်များစီးကျကာ ခေါင်းညိတ်ပြသည်။

"အခု သေဆုံးသူ ဦးတင်ရွှေ၊ အသက်(၅၈)နှစ်၊ သေတဲ့ရက် ၇ ...၊ ချတဲ့ သင်္ချိုင်းက သန်လျင်မြို့နယ်၊ ရှမ်းကန်ကျေးရွာ၊ သင်္ချိုင်း ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

မီးက ပြန်မှိန်သွားပြီး လေချွန်ထွက်သွားသံ ကြားရပြီးလေချွန်၍ ပြန်ဝင်လာသံကြားရသည်။

"ကဲ... မေးပေတော့"

"အခု ဘယ်ဘဝရောက်နေလဲ"

အတန်ကြာအောင် စောင့်ပြီးမှ...

"တောကျီးကန်းဖြစ်နေတယ်"

ပြန်ဖြေသံကြားရသည်။

"ဒါဆိုရင် ဘာလုပ်ပေးရမလဲဟင်"

"လုပ်ပေးလို့ မရဘူး၊ ဝဋ်ကုန်မှ တခြားဘဝရောက်မယ်"

"အခုလာတာ ဘယ်သူလဲ"

"တောကျီးကန်းဘဝရောက်နေလို့ သူဘာမှမသိတော့ဘူး၊ ရှေ့ဆက်မေးလဲ အပိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက ပြောလိုက်ပြီး မီးစာကို မြှင့်လိုက်ပြန်သည်။

"အခုလာတာ ဘယ်သူလဲလို့မေးပေးပါ"

မအေးက မိန်းမကြီးရောချနေသည်ဟုထင်ပြီး မေးလိုက်ပြန်သည်။

"ဒီမှာ.... ကလေးမ မယုံရင်ဒီကိုမလာနဲ့၊ သေသူရဲ့ဝိညာဉ်ဟာနာမည်ကို ပြောခွင့်မရှိဘူး၊ သမီးကြီးလား၊ သမီးလတ်လား၊ ချွေးမလား၊ သမီးအရင်းလား၊ ဒီလိုမေးချင်မေး ဒါမှမဟုတ် ဘာနေ့နံသမီးလဲမေးချင်မေးလို့ရတယ်၊ နောက်ကိုမယုံသကာ မမေးမိအောင် သတိထားပါ၊ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်တယ်"

မိန်းမကြီးက ဒေါသသံပါသော လေသံဖြင့် ပြောလိုက်သဖြင့် မအေးကြက်သီးထသွားတော့သည်။

"အမေ ဘယ်ဘဝရောက်နေတာလဲဟင်"

"စတုမဟာရာဇ်ဘုံမှာ နတ်ဖြစ်နေတယ်"

မအေးဝမ်းသာသွားပြန်သည်။

"အမေ့ကို ဘာကောင်းမှုလုပ်ပေးရမလဲဟင်"

"သင်္ကန်းလှူပြီး အမျှဝေပါ"

"အမေ ထားခဲ့တာတွေ ဘာတွေရှိသလားဟင်"

"မရှိပါဘူး"

မအေးနှင့်အတူလိုက်လာသော မအုံးကြည်က ဝမ်းသာလွန်းပြီး နောက်ထပ်ဆက်မေးစရာမရှိတော့သဖြင့် မမေးတော့ဘဲ ရပ်လိုက်သည်။

"ကဲ... နောက်တစ်ယောက် ပြည်က ဦးမင်းအောင် အသက်က အသက်က(၄၅) သေတဲ့ရက်က...၊ ချတဲ့သင်္ချိုင်းက..."

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမကြီးက မီးမှိတ်လိုက်ပြန်၏။ ထုံးစံအတိုင်း လေချွန်သံထွက်သွားပြီးပြန်ဝင်လာသည်။

"ကဲ… မေးပေတော့"

"အခုလာတာ ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ… ငါ့မိန်းမပေါ့"

"ဒါဆို ရှင် အခုဘယ်ဘဝမှာလဲဟင်"

"တို့ အိမ်ရှေ့က သရက်ပင်မှာ အကျီအဝတ်အစားလဲမရှိသူများနဲ့ ကပ်နေရတာ"

"ဟီး… ဟီး… အဖြစ်ဆိုးလိုက်တာ ကိုအောင်မင်းရယ်"

"ဟဲ့… ကလေးမ ဒီလိုလာမေးရင် မငိုရဘူး၊ ငိုရင် ခေါ်တဲ့သူ နေလို့မရတော့ဘူး၊ အခုပြန်သွားပြီ၊ ညည်းဆက်မမေးနဲ့တော့"

ထိုည နံနက်နှစ်ချက်တီးကျော်ကျော်အထိ တစ်ယောက်တစ်လှည့်စီမေးကာ လူကုန်သဖြင့် နားလိုက်လေတော့သည်။ လူမကုန်ပါကလည်း နံနက်အာရုဏ်မတက်မီ နားကာ နောက်တစ်နေ့ညမှ ဆက်ကြရ၏။ တဲထဲသို့ ပြန်ရောက်သောအခါ မအိပ်နိုင်ကြသေးဘဲ စားမြုံ့ပြန်ကြလေသည်။

"ဒီကိုလာတာ ဘယ်သူလဲလို့ ဘာဖြစ်လို့မေးတာလဲ"

မအေးက မချိုအေးဆိုသူကို မေးလိုက်သည်။

"ဒါမှ မှန်မမှန်သိရမှာပေါ့၊ လာမေးတဲ့သူဟာ သမီးလား၊ တူမလား၊ ညီမလားဆိုတာ ပြောပြတဲ့မိန်းမကြီးမှမသိတာ၊ မှန်တယ်ဘူးလား"

"ဒါဆို သူပြောသလိုကော ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်တာမှ ဟုတ် ဟုတ်လို့တောင်နေသေး၊ သမီး ဆိုတာ မှန်ရုံတင်မကဘူး၊ သမီးအကြီးဆုံးဆိုတာ ဒက်ထိပဲ"

ဒါထက်ပိုသေချာအောင် အခုကျွန်မနဲ့အတူပါလာတာ၊ ဘယ်သူလဲဆိုတော့ အိမ်ခေါင်းရင်းအိမ်က ကောင်မလေးတဲ့၊ အမေမ သေခင်ကတည်းက ဒီကောင်မလေးကို နာမည်ဘယ်တော့မှ ခေါ်လေ့ ရှိဘူး၊ ဟဲ့ အိမ်ခေါင်းရင်းအိမ်က ကောင်မလေးရေ၊ အဲသလို ခေါ်တာ၊ ဒါလဲ မှန်တာပဲတော့"

မချိုအေးက မြိန်ရေရှက်ရေ ပြောပြန်သည်။ သူတို့အိပ်ချင်လာ ကြသောအခါတွင် ဘေးချင်းယှဉ်ကာ အိပ်လိုက်ကြပြီး နောက် တစ်နေ့တွင် ရထားစီး၍ ရန်ကုန်သို့ပြန်လာခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## လေချွန်နတ်နှင့် မပဲဝါ

မအေး ရန်ကုန်သို့ပြန်ရောက်လာပြီး သိန်းသိန်းဟို့အိမ်သို့ ပေါက်ချလာပြန်သည်။

"အစ်မရေ အစ်မ"

"နင့်အစ်မ ကျောင်းသွားတောင်းတယ်၊ ခဏစောင့်ခုပဲပြန်လာ တော့မှာပါ"

ဦးပေါက်တူးကြီးက ဆီးပြောသဖြင့် အိမ်ရှေ့ကွပ်ပျစ်ကလေး တွင်ထိုင်ကာ စောင့်နေလိုက်သည်။ ကွမ်းတစ်ရာညက်ခန့်ကြာသော အခါ သိန်းသိန်းအကြွေးတောင်းရာမှ ပြန်ရောက်လာလေ၏။ မအေးက သိန်းသိန်း၏ လက်ကိုဆွဲကာ...

"အစ်မကို ပြောချင်လွန်းလို့စောင့်နေတာ၊ ဟိုလေချွန်နတ် အကြောင်းလေ မှန်လိုက်တာ အစ်မရယ်"

မအေးက ကရားရေလွှတ်ပြောနေသော်လည်း နားထောင်နေသူ သိန်းသိန်းမှာ အားမလိုအားမရဖြစ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ မြန်မြန်ပြောစမ်းပါ၊ ငါသိချင်လှပြီ"

ဟုပြောလိုက်ရလေသည်။

"ဟိုရောက်မှ သိရတဲ့မချိုအေးက မေးတတ်လိုက်တာတော်၊ သူကိုယ်သူ သူဘယ်သူလဲလို့စမေးတော့ ကျွန်မသာ စမေးရရင်ကိုယ့်ကိုယ် ကိုယ်ဘယ်သူလဲလို့ မေးမိမှာမဟုတ်ဘူး"

"အေးလေ... ကိုယ်နာမည်ကို သိတာပဲ မေးစရာလား"

"အဲဒါပြောတာပေါ့၊ အဲဒီလိုမေးတော့ သမီးအကြီးဆုံးလို့ ပြောတော့ ပြောတဲ့လူ ညာမညာ သိနိုင်တာပေါ့ အစ်မရဲ့၊ နို့... မဟုတ်ရင် ပြောတဲ့လူညာမညာ ဘယ်သိတော့မှာလဲ"

"အေး... ဒါလဲ ဟုတ်တာပဲ"

"ကျွန်မကျတော့ ကျွန်မနာမည်ဘယ်သူလဲလို့ မေးလိုက်မိတာ ကံကောင်းလို့ ဒုက္ခမရောက်တယ်"

"ဘာဖြစ်လို့လဲ ဒါမှ ပိုသေချာမှာပေါ့"

"မဟုတ်ဘူး အစ်မရဲ့၊ သူတို့ ဝိညာဉ်လောကမှာ နေ့နံကိုပဲ ပြောကြတာတဲ့၊ လူနာမည်လိုက်ပြီး မပြောဘူးတဲ့"

မအေးက ပြောလိုက်သောအခါ

"အေး ဟုတ်တယ်၊ စနေသားကလေ တနင်္ဂနွေသမီးကလေ အဲဒီလိုပဲ ပြောကြတာ၊ လူနာမည်နဲ့တော့ ပြောလေ့မရှိကြဘူး၊ ငါတို့မ က သွားပြောတော့ စိတ်ဆိုးတာပေါ့"

ဦးပေါက်တူးက ပြောလေသည်။

"မချိုအေးက သူ့အမေဘယ်မှာနေသလဲမေးတော့ ကိုးထပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဘုရားမှာနေတယ်တဲ့၊ အဲဒါ မချိုအေးက သူ့အမေဘယ်ဘဝရောက် နေသလဲလို့ မမေးလိုက်မိလို့ စိတ်မကောင်းဖြစ်သွားတယ် ဦးပေါက်တူး ရဲ့"

မအေးက ပြောလေရာ…

"ဘုရားမှာနေရတယ်ဆိုတာ ဘုရားစောင့်နတ်တို့ ဒါမှမဟုတ် ဝေမာနိကပြိတ္တာဘဝလည်း ဖြစ်ချင်ဖြစ်မှာကွဲ့၊ အလှူပေးပြီးအမျှဝေတာ ရရင်တော့ မြင့်တဲ့ဘဝကူးမှာပေါ့"

ဦးပေါက်တူးက ရှင်းပြသည်။

"ဒါဆို ကျွန်မအမေက စတုမဟာရာဇ်နတ်ဘုံရောက်နေတယ် ဆိုတာကကောဟင်"

မအေးက မေးပြန်သည်။

"စတုမဟာရာဇ်နတ်ဆိုတာ နတ်ပြည်(၆)ထပ်လို အထက် နတ်တော့ မဟုတ်ဘူးကွဲ့၊ ကမ္မဇိဒ္ဓိရှိတဲ့ ပြိတ္တာဘုံလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့၊ လှူပေးတန်းပေး အမျှပေးပေါ့ကွယ်"

ဦးပေါက်တူးကဖြေသည်။

"တစ်ယောက်ကတော့ တောကျီးကန်းဘဝရောက်နေတယ်လို့ ပြောတယ်၊ အခုမေးတာ သူသိမှာမဟုတ်ဘူးလို့လည်း ပြောတယ်၊ ဒါဆိုသူ့ကိုယ်စားဘယ်သူက တောကျီးကန်းကြီးဘဝရောက်နေတယ်လို့ ပြောပေးတာလဲ ဟင်"

"အဲဒါပြောရမယ်ဆိုရင်တော့ နည်းနည်းရှည်လိမ့်မယ်၊ လေ ချွန်နတ်ဆိုတာက စောစောကပြောသလို နတ်လို့အမည်တပ်ထားပေမဲ့

www.burmeseclassic.com



တကယ်တော့ နတ်မဟုတ်ဘူးကွဲ့၊ ဝေမာနိကပြိတ္တာပဲ၊ လေချွန်နတ်ဟော တဲ့မိန်းမကြီးနဲ့ ဆက်သွယ်မှုရှိတဲ့ပြိတ္တာပေါ့၊ လာမေးကြတဲ့သူတွေဟာ နယ်စုံ ဒေသစုံကလာကြတယ်၊ သူတို့နေတဲ့ ဒေသမှာကွယ်လွန်ကြတဲ့ အခါ အဲဒီဒေသရပ်ရွာက သုသာန်မှာမြှုပ်ကြတယ်၊ ဟောတဲ့မိန်းမကြီး က သူနဲ့ဆက်သွယ်မှုရှိတဲ့ပြိတ္တာကို သေဆုံးသူရဲ့သင်္ချိုင်းရှိရာကိုလွှတ် လိုက်တယ်၊ အဲဒီမှာတင် ပြိတ္တာကသူရဲ့ကာမဇိဒ္ဓိနဲ့ဘယ်လောက်ဝေး တဲ့သုသာန်ကိုပဲဖြစ်ဖြစ်သွားပြီး သင်္ချိုင်းစောင့်ကို သေဆုံးသူကို ခဏ ထည့်ပေးလိုက်ဖို့ ပြောတယ်၊ ပြီးတော့ခေါ်လာပြီး လာမေးတဲ့သူကို ဘယ်သူဘယ်ဝါဆိုတာ ပြောတယ်၊ သူဘယ်လို နေရထိုင်ရတယ်၊ ဘယ်ဘဝရောက်နေပြီ ဘာလုပ်ပေးပါ စသည်ဖြင့်ပြောတယ်"

"ဒါဆို သင်္ချိုင်းစောင့်မဖဲဝါနဲ့ သွားတွေ့ရတာပေါ့နော်"

"အင်း ဟုတ်တယ်လို့လည်း ပြောလို့ရတယ်၊ မဟုတ်ဘူး လို့လဲပြောလို့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လာမေးတဲ့သူရဲ့သားချင်းက မဖဲဝါစောင့်တဲ့ သင်္ချိုင်းမှာမြှုပ်ရင်တော့ မဖဲဝါဆီသွားတွေ့ရတာပေါ့၊ အဲ… ကြံတောတို့၊ တာမွေတို့မှာ မြှုပ်မယ်ဆိုရင် အဲဒီသင်္ချိုင်းမှာစောင့် တဲ့ သင်္ချိုင်းစောင့်ဆီ သွားရတာပေါ့"

"ဒါဆို သင်္ချိုင်းစောင့်ဆိုတာ သင်္ချိုင်းတစ်ခုမှာ တစ်ဦးစီရှိ တာပေါ့နော်"

"ဒါပေါ့ တာမွေမှာ ဦးဖြူဖြစ်ပေမဲ့၊ ကြံတောမှာမနီ ဖြစ် ချင် ဖြစ်နေမှာပေါ့"

"မြေပဲမြှုပ်မြှုပ်၊ မီးပဲသင်္ဂြိုလ်သင်္ချိုင်းစောင့်ကသိတယ် မ[illegible] ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သချိုင်းစောင့်ဆိုတာကကော နတ်လားဟင် ဦးလေး"

"ဘယ်ဟုတ်ရမလဲကွယ် ပြိတ္တာပေါ့၊ လေချွန်နတ်ကလာခေါ်တဲ့အခါနာမည်တူ သေတဲ့ရက်အတူဖြစ်နေလို့ သချိုင်းစောင့်ကမှားပြီး ထည့်ပေးလိုက်တာရှိတယ်"

"အင်း… ဒါတွေကို ဦးလေးပြောပြမှ ကျွန်မသိရတော့တယ်၊ ဒါနဲ့ တောကျီးကန်းကြီးဖြစ်သွားတယ်ဆိုတာကျတော့ ဘယ်သူကပြောတာလဲဟင်"

"ဒါက သေသူဘယ်ဘုံ ဘယ်ဘဝရောက်သွားတယ်ဆိုတာ သချိုင်းစောင့်ကအကုန်သိတယ်၊ သူမသိနိုင်တဲ့လူက ဘဝမရှိတော့ပဲ နိဗ္ဗာန်ကူးသွားတဲ့လူတို့ နတ်ပြည်(၆)ထပ်နဲ့ အထက်ဘုံတွေကိုရောက်သွားတဲ့သူတို့ကိုတော့ သူမသိနိုင်တော့ဘူး၊ လူ့ဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံတွေ ရောက်သွားတဲ့သူတွေပဲ သူပြောနိုင်တယ်၊ လူဝင်စားတို့ တိရစ္ဆာန်ဘုံတွေ ရောက်သွားတဲ့သူတွေပဲ သူပြောနိုင်တယ်၊ လူဝင်စားတို့ တိရစ္ဆာန်တို့ကျတော့ လေချွန်နတ်နဲ့အတူ ထည့်မပေးနိုင်လို့ သချိုင်းစောင့်က လေချွန်နတ်ကိုပဲ သူသိတာပြောပြလိုက်တယ်၊ လူဖြစ်သွားပြီ ဘယ်သူကဖြင့် ဝက်ဖြစ်သွားပြီစသည်ဖြင့်ပေါ့"

"ဦးလေးပြောမှပဲ အတော့်ကိုရှင်းသွားတော့တယ်၊ လာမေးတဲ့သူကလေချွန်နတ်ယောတဲ့ အဒေါ်ကြီးကို ကိုယ်မေးချင်တဲ့သူ ကိုယ့်မိဘ ဒါမဟုတ် ကိုယ့်ဆွေမျိုးသားချင်း သေဆုံးသွားသူရဲ့ နာမည်၊ သေတဲ့နေ့ ချတဲ့သုသာန်ကိုပြော၊ အဲဒီတော့ အဒေါ်ကြီးက သူနဲ့ဆက်သွယ်နေတဲ့ ပြိတ္တာ ထွက်သွားတဲ့အသံကို လေချွန်သလိုရှိကနဲကြား၊ အဲဒီပြိတ္တာက

www.burmeseclassic.com

www.burmeseclassic.com



သေသူမြှုပ်တဲ့သင်္ချိုင်းကိုလွှတ်၊ အဲဒီပြိတ္တာထွက်သွားတဲ့ အသံကိုလေချွန် သလို ရှိုက်ကနဲကြား၊ အဲဒီပြိတ္တာက သေသူမြှုပ်ထားတဲ့သင်္ချိုင်းက သင်္ချိုင်း စောင့်ကိုခွင့်ပန်ပြီးခေါ်လာ၊ အဒေါ်ကြီး အိမ်ထဲကို ရှိုက်ကနဲပြန်ဝင်လာပြီး အဒေါ်ကြီးကတစ်ဆင့်လာမေးတဲ့သူကို သူဘယ်ဘဝရောက်နေကြောင်း ဘာလုပ်ပေးပါဆိုတဲ့ အကြောင်းပြောဟုတ်တယ် မဟုတ်လား ဦးလေး"

မအေးက စီကာစဉ်ကာ ပြောလိုက်သောအခါ

"အေး.... အဲဒါပဲ"

ဟုပြောလိုက်လေသည်။ မအေးလည်း ကျေနပ်ပြီးနောက် တစ်ကြိမ် သွားဖြစ်လျှင် သိန်းသိန်းကိုလာပြောမည်ဟုဆိုကာ ထပြန်သွား လေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာရှင်မလေး

ကာလများကြာညောင်းလာသောအခါ မဖဲ့ဝါကိုလူအများက
မေ့စပြုလာသည်။ သက္ကရာဇ်အားဖြင့် ၂၀၀၈ခုနှစ်၊ သင်္ကြန်ပြီး၍အမှ
ရှိန် အလွန်ပြင်းသော အကာလညတစ်ညတွင် ဧရာဝတီတိုင်း တံငါရွာ
ကလေးတစ်ရွာတွင် နေထိုင်သောတံငါသည်ကြီး ဦးရွှေမြတစ်ယောက်
ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။ သူနေထိုင်သော
ရွာမှာ ချောင်းစွယ်၊ မြောင်းစွယ်များ ပင့်ကူအိမ်ကဲ့သို့ ယှက်နွယ်နေ
သော ဒေသဖြစ်သည့်အပြင် ပင်လယ်နှင့်နီးသောကြောင့် တံငါလုပ်ငန်း
ကိုသာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသူများ များလေသည်။
ထိုသို့ နိစ္စဓူဝဖမ်းဆီးနေရသော ငါးများကိုစိတ်ထဲက စွဲနေပေ၍လား
မသိ။ အိပ်မက်ထဲတွင် ပင်လယ်ကမ်းစပ်မှ သဲသောင်ပေါ်သို့ငါးသ
လောက်များ တက်လာကြသည်မှာ အကောင်ပေါင်းရာနှင့်ချီသောင်နှင့်ချီ
ကာ မြင်ရလေသည်။ ဦးရွှေမြက အားရဝမ်းသာနှင့်ပြေးကောက် လိုက်

www.burmeseclassic.com



တောင်းထဲသို့ထည့်လိုက်နှင့် မနားမနေပြုလုပ်နေပြုလုပ်နေ သော်လည်း ငါးများမှာကောက်၍ မနိုင်လောက်အောင်ပင် ရှိနေ လေတော့သည်။ ထိုသို့ လောဘတက်ကာ မက်နေသော အချိန်တွင် သူ့စိတ်ထဲမှ တစ်စုံတစ်ယောက်က သူ့ကိုကြည့်နေသည်ဟု ခံစား လိုက်ရပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည့်အခါ အမှန်ပင်သူ့ကို အမျိုးသမီးတစ်ယောက်က စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ သည်။

"ဦးလေး.... ဦးလေးဟာ တံငါအလုပ်နဲ့တသက်လုံး အသက်မွေးလာတာ အကုသိုလ်တွေ များလွန်းလှပါတယ်၊ ဒါတွေကို စွန့်လွှတ်ပြီး ကုသိုလ်လုပ်ပါ၊ ဦးလေးတို့နေတဲ့ရွာမှာ မကြာမီ ဘေးဒုက္ခတွေ ကြုံတွေ့ရလိမ့်မယ်၊ ကုသိုလ်လုပ်မှ အသက်ဘေးက လွတ်မြောက်လမ်းရှိမယ်၊ ကျွန်မကတော့ ဦးလေးသာမက အားလုံးကို ကုသိုလ်လုပ်စေချင်တယ်၊ နို့မဟုတ်ရင် ယက်သဲ့ကြားတင်တဲ့ ငါးလို ဖြစ်လိမ့်မယ်၊ ကျွန်မဒီလောက်ပဲ သတိပေးနိုင်ပါတယ်"

ဟုပြောဆိုကာ ပျောက်ကွယ်သွားလေသည်။ ဦးရွှေမြက သူတွေ့ခဲ့သော မိန်းကလေး၏ အသွင်သဏ္ဌာန်ကို မျက်စိထဲမှာ မထွက်ဘဲ ပြန်မြင်မိနေလေသည်။ ဆံပင်နှစ်ခွ ဖွတ်မြီးထိုးထားပြီး ဖဲကြိုးအဝါကလေးများချည်နှောင်ထားသော သူတစ်ခါမှမတွေ့ဖူးသည့် မိန်းမချောကလေးကို မနက်မိုးလင်း၍ အိပ်ရာမှနိုးလာသည်အထိ မျက်စိအထဲတွင် မြင်ယောင်နေမိသည်။ သို့သော် သူဘာလုပ် ရမှန်းမသိ မိန်းကလေးပြောသကဲ့သို့ တံငါသည် ငါးဖမ်းပိုက်ချ အလုပ်ကလွဲ၍ အခြားမလုပ်စားတတ်။ ထို့ကြောင့် အိပ်မက်ကို အိပ်မက်ဟုသဘောထားကာ ဘယ်သူ့ကိုမှမပြောတော့ဘဲ မေ့မေ့ပျောက်ပျောက်နေလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ထိုသို့ဖြင့် နွေလများထဲတွင် အပူဆုံးဖြစ်သော မေလထဲသို့ရောက်လုနီးနီးဧပြီလ(၂၅)ရက်နေ့သို့ ရောက်လာခဲ့သည်။

"ဝူ… ဝူ… အူး… ဂူး…"

ရှည်လျားလှစွာ အူလိုက်သောခွေးကြောင့် ဦးရွှေမြအိပ်ရာက လန့်နိုးလာသည်။

"တယ်… ဒီခွေးက အိပ်မယ်ကြံကာမှ… ထပြီးအူနေတယ်"

တစ်ညလုံး ရေနွေးအိုးထဲသို့ ထည့်ပေါင်းထားသကဲ့သို့ ပူအိုက်စပ်ဖျင်းလွန်းသောကြောင့် လူတိုင်း လူတိုင်း အိပ်မရဘဲ ရှိနေခဲ့ကြလေသည်။ ညသန်းကောင်ကျော်၍ နာရီပြန်နှစ်ချက်တီး သုံးနာရီနီးပါးလောက်ရောက်ကာမှ အပူရှိန်လျော့သွားပြီး ပင်လယ်ဘက်မှ တိုက်ခတ်လာသော လေက အေးလာသဖြင့် ဦးရွှေမြမေးကန် ပျော်သွားမိသည်။ သို့သော် နှစ်နှစ်ခြိုက်ခြိုက်မအိပ်ရမီမှာပင် အသံနက်ကြီးများဖြင့် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးများကြောင့် လန့်နိုးကာ ဒေါသထွက်မိနေခြင်းဖြစ်လေသည်။ အိပ်ရေးကောင်း ဒိန်းဒေါင်ဖျက်ဆိုသကဲ့သို့ အိပ်ကာမှအဖျက်အဆီးခွေးအူသံကြောင့်လန့်နိုးလာရသည်ဖြစ်၍ အိမ်ထဲမှထွက်ကာ ခွေးလေခွေးလွင့်များကို ခဲများကောက်ကာ လိုက်ပေါက်လေတော့သည်။ ခွေးများက ထွက်ပြေးလိုက် အူလိုက်မို့ ဦးရွှေမြက မည်သည့်အရာကိုကြည့်၍ ခွေးများအူနေကြလိမ့်ဟူ၍ စူးစမ်းလိုက်မိသည်။ ထိုအခါခွေးများ စူးစိုက်ကြည့်ရှု၍ ထိုးအူလိုက်သော အရာကိုအမှောင်ထဲတွင် ဝိုးတဝါး ဦးရွှေမြတွေ့လိုက်ရသည်။ ထိုအရာမှာ မိန်းကလေးတစ်ယောက်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမြက လူငယ်ဘာဝ ချစ်သူချင်းချိန်းချက်၍ တွေ့ကြသော မိန်းကလေးတစ်ယောက်ဟု ထင်လိုက်သော်လည်း၊ မိန်းကလေးမှာ တစ်ရွေ့ရွေ့နှင့် ပင်လယ်ဘက်ဆီသို့ လမ်းလျှောက်သွားနေသည်ကို တွေ့ရပြီး မိန်းကလေးသွားလေရာ နောက်သို့ ရွှေမြက ဘာကောက်ကောက်လိုက်ကာ အူနေသဖြင့် ဦးရွှေမြအဖို့ ထူးဆန်းသလိုပင် ဖြစ်နေလေတော့သည်။ ထိုစဉ်ကောင်းကင်မှ လျှပ်စီးများဝင်းလက်သွားပြီး လျှပ်စီးရောင်ဖြင့် မိန်းကလေးကိုထင်ထင်ရှားရှားနီးပါး မြင်လိုက်ရသည်။ သူ့အိပ်မက်ထဲတွင် တွေ့လိုက်ရသော မိန်းကလေးဖြစ်နေသဖြင့် ဦးရွှေမြအလွန်အံ့သြသွားသည်။ မိန်းကလေးက ပင်လယ်ဘက်ဆီသို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်ရာ လှိုင်းထပိုးကြီးများ တလိပ်လိပ် တက်လာလိုက်ကျသွားလိုက်ဖြင့် ကြောက်စရာကောင်းလောက်အောင် လှုပ်ရှားနေပုံကို တွေ့လိုက်ရသဖြင့် ကြက်သီးမွေးညင်းများပင် ထလာသည်။ မိန်းကလေးကဖြတ်ကနဲ ပျောက်သွားသောအခါ ဦးရွှေမြစိတ်မခိုင်တော့ဘဲ နောက်ကြောင်းပြန်လှည့်ကာ အိမ်ထဲသို့ဝင်ခဲ့လေ၏။

ထိုသို့ဖြင့် ဧပြီလ(၂၉)ရက်နေ့သို့ရောက်လာသည်။ ရွာထဲမှလူများ ဆူဆူညံညံဖြစ်နေကြသဖြင့် ဦးရွှေမြအိမ်ထဲက ထွက်လာခဲ့သည်။

"မြစ်တွေ ချောင်းတွေထဲက ငါးသလောက်တွေ ကုန်းပေါ်တက်လာလိုက်တာ ကောက်လို့တောင်မနိုင်ဘူး ဦးရွှေမြဘာလုပ်နေတာတုန်း ထွက်ကောက်လေ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှ ဖြတ်သွားသော ရွာသားတချို့က အော်ပြောသွားသဖြင့် ဦးရွှေမြ သူတို့နောက်သို့ လိုက်သွားခဲ့မိသည်။ သူတို့ပြောသလိုပင် တစ်ရွာလုံးကလူတွေ ထွက်ကော့က်ကြသည့်တိုင် ငါးများကမကုန်နိုင် မခမ်းနိုင်လောက်အောင်ပင် ရေထဲမှကုန်းပေါ်သို့ ကက်လာမစဲ ဖြစ်၍နေလေသည်။

"ပိုက်ချတာတောင် ဒီလောက်မရတဲ့ ငါးသလောက်တွေ အခုတစ်အိမ် တစ်အိမ်ရလိုက်တာ မနည်းပါဘူး၊ ဈေးပို့လို့ရလိုက်တဲ့ ငွေတွေကလဲ ဖွေးဖွေးလှုပ်ပဲ"

ရွာသားများကပြောဆိုပြီး ဝမ်းသာလုံးဆို့နေကြလေသည်။

"ငွေရတာကတော့ ပျော်စရာကြီးပါပဲ၊ ဒါပေမယ့် ရေထဲက ငါးတွေသူ့အလိုလို ကုန်းပေါ်တက်တာကတော့ အတော့်ကိုထူးဆန်းတယ်နော်"

ရွာသားတစ်ယောက်က ဆိုသည်။

"အဲ့ဒလို သတ္တဝါတွေဟာ ပုံမှန်မဟုတ်အဲ ထူးထူးခြားခြား ဖြစ်ရင်တစ်ခုခု ဖြစ်တတ်တယ်လို့ ကြားဖူးတယ်ဗျ"

တစ်ယောက်က ပြောပြန်သည်။

"ဘာဖြစ်မလဲတာ မသိတာ ငါ ဟိုးရက်တွေက အိပ်မက်မက်တယ်ကွ၊ အိပ်မက်ထဲမှာ ပင်လယ်ထဲကနေ အခုလိုပဲ ငါးသလောက်တွေ ကုန်းပေါ်တက်လာတာ၊ အများကြီးပဲ မောင်ရေ..."

ဦးရွှေမြက သူ့အိပ်မက်ကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး အိပ်မက်ကတိုက်ဆိုင်တာဖြစ်မှာပါ၊ တံငါသည် ငါးအိပ်မက်မက်တာ သိပ်တော့မထူးဆန်းပါဘူး၊ မက်တတ်ပါတယ်"

ရွာသားတစ်ယောက်က ဝင်ပြောလိုက်သည်။

"ဒါတင်မကဘူး၊ အဲဒီငါးတွေ တက်လာပြီး ပင်လယ် ပြင်က လှိုင်းလုံးကြီးတွေပါ တက်လာတာကို အိပ်မက်ထဲမှာတွေ့လိုက်ရတယ်"

ဦးရွှေမြက ဆက်ပြောတော့....

"ဦးလေးရာ ကြံကြောက်လှည်းအောက်မနေသာဆိုတဲ့ စကား လည်း ရှိသားပဲ၊ လှိုင်းလုံးကြီးနဲ့တံငါလင်မယားလိုပဲ မဟုတ်လား၊ တွေ့ပါ များနေတဲ့လှိုင်းကို အိပ်မက်ထဲ ထည့်မက်မိမှာပေါ့ဗျ"

ရွာသားတစ်ယာက်က ပြောလိုက်ရာ....

"ငါကတော့ အတိတ်နိမိတ်လို့ပဲ ယူဆတယ်ကွာ၊ တို့ရွာကို ဘေးဥပဒ်တစ်ခုခုများ ကျရောက်လေမလား"

ဦးလေးရာ ဒီရွာမှာ ကျုန်တော်တို့ ဘိုးစဉ်ဘောင်ဆက်နေလာ ကြတာ ဘာမှမဖြစ်ခဲ့ပါဘူး....။

ဦးရွှေမြဆက်မပြောတော့။ တစ်ရွာလုံးနှင့်တစ်ယောက်ထဲ ဆိုသလို ဖြစ်နေသောကြောင့် အိပ်မက်ထဲမှမိန်းကလေးနှင့်ထိုမိန်းက လေး သတိပေးခဲ့သောစကားများကိုလည်း မပြောတော့ဘဲ မြိုသိပ်ထား လိုက်ပါတော့သည်။ သူ၏မိသားစုအားလုံးကိုမူ သည်ရွာမှခေတ္တကွင်း ရှောင်သည့် အနေဖြင့် ရန်ကုန်သို့အလည်အပတ်သွားမည်ဟု အကြောင်း ပြကာ ခေါ်ဆောင်လာခဲ့သည်။ ရန်ကုန်တိုင်း၊ သာကေတမြို့တွင်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



သူ၏ညီဖြစ်သူ ကိုရွှေလှ၏အိမ်တွင်တည်းကာ ရွှေတိဂုံ၊ ဗိုလ်တထောင်စသော ဘုရားများကို လှည့်လည်ဖူးမြော်ရင်း လှူခဲ့တန်းခဲ့ သည်။

"အစ်ကို ဘုရားတွေတော့စုံပြီ၊ နောက်ဘယ်ကိုသွားချင်သေးလဲ"

ညီဖြစ်သူက ဦးရွှေမြကို ရန်ကုန်မြို့တွင်းရှိ ဘုရားများနှင့် တိရစ္ဆာန်ရုံ၊ တိုင်းရင်းသားကျေးရွာအစရှိသော နေရာများသို့ လိုက်ပို့ပေးပြီး အခြားသွားလိုသေးသောနေရာများရှိပါက လိုက်ပို့ပေးရန်ပြောလိုက်ခြင်းဖြစ်သည်။

"စုံပါပြီကွာ၊ နောက်နှစ်လာမှပဲ ကျိုက်ထီးရိုးတို့ ပဲခူးရွှေသာလျောင်းတို့ဖူးပါတော့မယ်"

ဦးရွှေမြက ပြောဆိုပြီး ဦးရွှေလှတို့ မိသားစုနှင့်အတူ အိမ်ရှေ့တွင် တီဗွီထိုင်ကြည့်နေသည်။ တီဗွီအစီအစဉ်များပြနေစဉ် ဖန်သားပြင်၏ အောက်ဘက်တွင် လက်နှစ်လုံးခန့် အပြာရောင်အောက်ခံ၌ စာလုံးဖြူဖြူကလေးတွေ တစ်ရွေ့ရွေ့သွားနေသည်ကို ဖတ်ကြည့်လိုက်မိသည်။

ထိုစာလုံးဖြူဖြူကလေးများမှာ မုန်တိုင်းသတိပေးချက်ပင်ဖြစ်တော့သည်။ မုန်တိုင်းမှာ တစ်နာရီမိုင်(၇၀)နှုန်းမှ (၁၂၀)အထိ ပြင်းထန်မည်ဖြစ်ပြီး ဧရာဝတီတိုင်းမှ ဖြတ်ကျော်မည်။ မုန်တိုင်း၏ အကျယ်အဝန်းမှာ မိုင်(၁၀၀)ရှိမည်ဟု အဆက်မပြတ်စာတန်းထိုးနေလေသည်။

"ဟာ... ဒီလို မိုင်နှုန်းနဲ့သာဆိုရင် အိမ်တွေပြိုကျကုန်တော့မှာပဲ အစ်ကိုရေ"

www.burmeseclassic.com

www.burmeseclassic.com



မြို့၌နေပြီး ရုပ်ရှင်ထဲတွင်လည်းကောင်း၊ စာအုပ်ထဲတွင်လည်းကောင်း တွေ့ဖူးဖတ်ဖူးသော ဦးရွှေလှက မှတ်ချက်ပေးသည်။ တီဗွီကလည်း မုန်တိုင်းကြီးမှာ ဧရာဝတီတိုင်းကိုဖြတ်ကျော်နေပြီဖြစ်ကြောင်း ကြေညာသည်။ ကိုရွှေလှတို့နေထိုင်ရာ သာကေတမြို့တွင် ညခုနစ်နာရီခန့်၌ လေအဆက်မပြတ်တိုက်လာသည်။ သို့သော် မပြင်းထန်သေး။ ညကိုးနာရီခန့်ရှိသော် တဟူးဟူးတိုက်နေရာမှ တစ်ချက်တစ်ချက်ဆောင့်တိုက်လာသည်။ ည(၁၂)နာရီသို့ရောက်သောအခါ ဆောင့်တိုက်သည့်အကြိမ်များလာဘိသကဲ့သို့ လေတိုက်နှုန်းက ပိုပြင်းထန်လာသည်။ လေမှာတစ်ဘက်သတ်တည်း ရှေးရှုတိုက်ခတ်ခြင်းမျိုးမဟုတ်တော့ဘဲ တောင်မှမြောက်သို့ တိုက်နေရာမှ ပြောင်းပြန်ဖြစ်ကာ မြောက်မှတောင်သို့ တိုက်လာသည်။ ထို့အတူ အနောက်မှအရှေ့သို့ အရှေ့မှအနောက်တိုက်သည်။ ဦးတည်ရာမရှိတော့သည့်အပြင် ပန်ကာလည်သကဲ့သို့ ဆော့တိုက်ပြန်သည်။ ဓနိမိုးထားသော အိမ်များ တိုင်ခြေပြုတ်ကာ လဲကုန်သည်။ သွပ်မိုးထားသော အိမ်များမှာ တချို့ခေါင်လိုက်ပြုတ်ပြီး လေထဲလွင့်ပါသွားသည်။ တချို့ တစ်ချပ်ခြင်း ခွာပစ်လိုက်သကဲ့သို့ ကွာထွက်ကုန်သည်။ အုန်းပင်များမှာ မြက်ပင်များသကဲ့သို့ကိုင်းကာ ဘယ်ညာယိမ်းထိုးနေကြသည်။ တစ်ချို့ဖြောင်းကနဲ ကျိုးကျသည်။ လေတိုက်သည့်အသံမှ တဝီဝီမြည်နေသဖြင့် အလွန်ပင်ကြောက်စရာကောင်းနေနေပေတော့သည်။

မည်သူမျှ အိမ်အပြင်မထွက်ရဲဘဲ လေနှင့်အတူ ပါလာသော မိုးရေများ စိုရွှဲကာ အိမ်ထဲတွင် ပြားပြားဝပ်နေကြရလေသည်။ တချို့အိမ်

www.burmeseclassic.com

www.burmeseclassic.com



မှ ထုတ်တန်းများကျိုးကျသဖြင့် ပိကာ ကျိုးသူကျိုး၊ သေသူ သေကြသည်။ လေကကြမ်းသည့်ထက် ကြမ်းလာပြီး ကောင်းကင်ကြီးနီ၍ လေထဲတွင် ဖုန်များ အမှိုက်များ သွပ်ပြားများလွင့်ပါနေသည်။ လျှပ်စစ်မီးများပြတ်တောက်နေသောကြောင့် မှောင်ထုထဲတွင် ငရဲခံနေကြရလေသည်။ အိမ်နီးနားချင်းတွင်လည်း ဘာဖြစ်၍ ဘာဖြစ်သည်ကို မသိနိုင်လောက်အောင် အဆက်ပြတ်နေကြသည်။ နံနက်(၄)နာရီ (၅)နာရီလည်း လေက တိုက်ကောင်းတုန်းပင်။ နံနက်(၇)နာရီ (၈)နာရီလောက်တွင် အလင်းရောင်ကြောင့် ပတ်ဝန်းကျင်ကိုမြင်ကြသော်လည်း မည်သူမျှ အိမ်အပြင် မထွက်ရဲကြ။ လွင့်လာသောသွပ်ပြားနှင့် ထိမိလျှင်ခေါင်းပြတ်၊ ကိုယ်ပြတ်ဖြစ်သွားနိုင်သည်။

တစ်ညလုံး ဒုက္ခခံထားရသောကြောင့် အိပ်ရေးပျက်ကာ ဗိုက်ကဟာနေသော်လည်း မုန့်ပဲသွားရေစာသည်များမှာ လေကြောင့် မချက်မပြုတ်နိုင်သဖြင့် ဝယ်စားစရာမုန့်သည်မရှိ။ အိမ်ဆိုင်ကလေးများတွင် ရောင်းတတ်သော အာလူးကြော်၊ ဘီစကစ်၊ ပေါင်မုန့်စသည်တို့ကို လေကြားမိုးကြားမှ အသက်စွန့်ကာ ထွက်ဝယ်စားကြရသည်။ ကိုယ့်အိမ်မှာ ကော်ဖီဖျော်ဖို့၊ ထမင်းကြော်ဖို့ မီးမွေး၍မရ။ လမ်းအသီးသီးတွင်လည်း အနှစ်လေးငါးခြောက်ဆယ် ခုနစ်ဆယ်သက်တန်းရင့် ကုက္ကိုလ်ပင်ကြီးများ၊ ညောင်ပင်ကြီးများမှာ အမြစ်ကျွတ်ကာ လဲပြိုနေကြလေ၏။ ထို့ထက်ငယ်သော သစ်ပင်များဆိုလျှင် မခံနိုင်တော့ ကွန်ကရစ်ဓာတ်တိုင်များ ကျိုးပြီး မြေခကြသည်။ သံတိုင်များဖြင့် ပြုလုပ်ထားသော ဓာတ်တိုင် လမ်းညွှန်တိုင် ဆိုင်းဘုတ်တို့လည်း ကျိုး

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကုန်သည်။ လမ်းပေါ်တွင်သစ်ပင်ကျိုးများ၊ အိမ်များမှသစ်သားကြီးများ၊ အမှိုက်များစသည်ဖြင့် ရှုပ်ပွနေလေရာ ယခင်သွားလာနေသောလမ်းများကိုပင် မမှတ်မိလောက်အောင် ဖြစ်ကြရလေသည်။

ဘယ်ဒေသ ဘယ်ရက်ကွက်စသည်တို့တွင်နဘာတွေပျက်စီးလူတွေဘယ်လောက်သေကြေကြသည်ကိုလည်း အဆက်ပြတ်နေကြလေသည်။ တယ်လီဖုန်းဆက်ကြ၊ မေးကြမြန်းကြဖြင့် ဧရာဝတီတိုင်းတစ်တိုင်းတစ်တိုင်းလုံးနီးပါး မုန်တိုင်းဒဏ်ကြောင့် ရေတွေကြီးပြီး လူအတော်များများ သေကြသည်ဟု ပါးစပ်သတင်းများအရ ကြားကြရလေသည်။

"ငါတို့ရွာလဲ လွတ်မှာမဟုတ်ဘူး"

ဦးရွှေမြကြ ညီဖြစ်သူဦးရွှေလှကို ပြောလိုက်သည်။

"အစ်ကို ကံကောင်းတာပေါ့၊ ရန်ကုန်ကို ဘုရားဖူးလာလို့လွတ်သွားတာ"

ဦးရွှေလှက သူ့မျက်မြင်ဘေးကင်းလျက်ရှိသော အစ်ကိုဖြစ်သူနှင့် မိသားစုကိုတွေ့ရသဖြင့် စိတ်ထဲက ချမ်းသာနေမိသည်။ နို့မဟုတ်က သတင်းမကြား ဘာမကြား စိတ်ပူနေရမှာည် မဟုတ်ပါလား။

"အင်း... ကလေးမကို ကျေးဇူးတင်ရမယ်၊ သူ့ကျေးဇူးကြောင့် တို့ဘေးအန္တရာယ်က လွတ်ကြတာ"

ဦးရွှေမြက ဆိုသည်။

"ဘယ်က ကလေးမက အစ်ကို့ကို ဘာလုပ်ပေးခဲ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေလှက မသိသဖြင့် မေးလိုက်သည်။ ဦးရွှေမြက အိပ်မက်ထဲတွင် တွေ့ခဲ့သော မိန်းကလေးနှင့် သူမ၏သတိပေးစကားများကြောင့် ရည်ရွယ်ရင်းမရှိဘဲ သူတို့မိသားစု ရန်ကုန်သို့ ဘုရားဖူးထွက်လာခဲ့သဖြင့် ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ရပုံကို ညီဖြစ်သူဦးရွှေလှအားပြောပြသည်။ သူတို့လွတ်ခဲ့သော ဘေးအန္တရာယ်မှာ ၂၀၀၈ခုနှစ်၊ မေ(၂)ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြီးပင် ဖြစ်ပါတော့သည်။ မုန်တိုင်းကြောင့်ပင်လယ်ပြင်မှ လှိုင်းလုံးကြီးများ တက်လာပြီး ဧရာဝတီတိုင်းတွင် လူအများကို ရေအောက်သို့ ပို့ခဲ့သဖြင့် လူပေါင်းတစ်သိန်းလေးသောင်းကျော် သေဆုံးခဲ့ရလေသည်။

တိုက်ဆိုင်သည်လား၊ ဘေးဆိုးကြီးကို ကြိုတင်ရိပ်စားမိသလား ဆိုသည်ကိုတော့ မည်သူကမှမသိနိုင်ကြသော်လည်း ပရလောကမှပုဂ္ဂိုလ်များက အိပ်မက်ပေးခြင်း၊ နိမိတ်ပေးခြင်းဖြင့် လူတို့ကိုဘေးလွတ်ရာလွတ်ကြောင်း ရှောင်ရှားနိုင်ဖို့ သူတို့အခွင့်သာသလောက် နှိုးဆော်ကြသည်။ အချို့သော လူများမှာ မယုံကြည်ခြင်း၊ အမှတ်မထားခြင်းစသည်တို့ကြောင့် ဘေးဆိုးကပ်ဆိုးများထဲတွင် ပါသွားတတ်ကြလေသည်။ လောကကြီးတွင် အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိကြသကဲ့သို့ ပရလောကတွင် လည်း ကြမ်းတမ်းခက်ထန်သော လူသားတို့ကို ဘေးဒုက္ခကြုံစေလိုသော နှိပ်စက်လိုသော ပြိတ္တာများရှိသကဲ့သို့ ဆင်းကျင်ဘက်ဖြစ်သော စိတ်ထားနူးညံ့သော လူသားတို့အပေါ်တွင် တတ်နိုင်သမျှ စောင့်ရှောက်သောလူသားတို့၏ ဘေးဒုက္ခကို သူတို့တတ်စွမ်းသမျှ ကယ်တင်ပေးလိုသော ပရလောကသားများ ရှိနေကြပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မဖဲဝါတို့ကဲ့သို့သော သီချင်းစောင့်များသည် မည်သို့သော သဘောရှိသည်ကို ဤမေတ္တာရှင်မလေး သီချင်းစောင့်မဖဲဝါ၏ စိတ်စေတနာကို ခန့်မှန်းဝေဖန်သုံးသပ်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။ မဖဲဝါ၏ သတိပေးမှုကြောင့် ဦးရွှေမြတို့တစ်ရွာလုံး ရေအောက်သို့ရောက်ကာ ဦးရွှေမြမိသားစုတစ်စုသာ အသက်ရှင်ကျန်ရစ်ခဲ့ကြသည်။ ကုန်းပေါ်သို့တက်လာသော ငါးသလောက်များမှာ လူတို့၏ဖမ်းဆီးစားသောက်မှုကြောင့် တိရစ္ဆာန်ဘဝမှ ကျွတ်လွတ်ကြကာ ထိုလူများသည်ပင် ငါးသလောက်များ၏ဘဝသို့ ကူးပြောင်းကုန်ကြလေသလောဟု လည်းဦးရွှေမြက တွေးတောနေလိုက်မိပါသေးသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မည်သို့သော ကပ်ရောဂါဘဘာဝဆေး အန္တရာယ် တစ်ခုခုမကျရောက်မီ မည်သို့မည်ပုံ ပြုလုပ်ကြရမည်။ မည်သို့ မည်ပုံဆင်ခြင်နေထိုင်သင့်ကြသည် ဆိုသည်ကို မဖဲဝါက အိပ်မက်ပေး၍ သတိပေးလိမ့်လေမလားဟု မည်သူကမျှ အတတ်ပြောနိုင်ကြလိမ့်မည် မဟုတ်ပါပေ။

သိခ်သူ

www.burmeseclassic.com